# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၈ ခုနှစ်၊ မတ် ၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ် (၁၅၂)


# (၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းစည်းဝေး

## တစ်ယောက်တည်း၊ တစ်ဖွဲ့တည်း သွားချင်တဲ့လမ်းသွားနေဖို့မဖြစ်၊ စုဖွဲ့ပြီး အားလုံးပူးပေါင်းမှ ငြိမ်းချမ်းရေးရနိုင် ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ တည်ဆောက်ယူရတာ၊ တည်ဆောက်ဖို့ဆိုတာဟာ ငြိမ်းချမ်းရေးလိုတယ်




(၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

(၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အစည်းအဝေးကို တက်ရောက်လာတဲ့ ညှိသည်တော်တွေအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ အခုအစည်းအဝေးရဲ့ ထူးခြားချက်ကတော့ ကျွန်မတို့ မွန်ပြည်သစ်ပါတီနဲ့ လားဟူပါတီက တက်ရောက်လာခြင်းပဲဖြစ်ပါတယ်။


စာမျက်နှာ ၄ ကော်လံ ၁ ❑


**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁) ကို လွှတ်တော်က အတည်ပြု**

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၇

**နိုင်ငံတကာမျက်နှာစာတွင် မြန်မာလွှတ်တော်၏ ရခိုင်ပြည်နယ်အရေး ဆောင်ရွက်ချက်များ**

ဆောင်းပါး စာမျက်နှာ » ၉

**အီရန်၏ ဒေသတွင်း လွှမ်းမိုးနိုင်မှုအပေါ် သမ္မတ ဒေါ်နယ်ထရန့် ပင်လယ်ကွေ့နိုင်ငံ ခေါင်းဆောင်များနှင့် ဆွေးနွေး**

နိုင်ငံတကာသတင်း စာမျက်နှာ » ၁၄




မြန်မာ့အလင်း

# ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို-၂ ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတကာအသိုက်အဝန်း၏ ပံ့ပိုးကူညီမှုတို့သည် တိုင်းပြည်၏ ပြုပြင်ပြောင်းလဲရေးသမားတို့အား ရှေ့သို့တွန်းပို့နိုင်ခဲ့သည့်အပြင် ဆယ်စုနှစ်ပေါင်းများစွာတိုးတက်မှု ဆိတ်သုဉ်းနေခဲ့သော အင်စတီကျူးရှင်းအချို့တို့ကိုလည်း ပြန်လည်အသက်ဝင်စေခဲ့ကြောင်း ရှေးဦးစွာထောက်ပြပြောဆိုခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အကူးအပြောင်းလွန်ကာလ၊ ရင်ဆိုင်ရလျက်ရှိသော အကြီးမားဆုံးစိန်ခေါ်ချက်သည် ငြိမ်းချမ်းရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးအတွက် တိုင်းပြည်နှင့်လူမျိုးတို့၏ ကတိကဝတ်တို့အား ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် စိန်ခေါ်ချက်တို့ကို မှန်ကန်စွာကိုင်တွယ်နိုင်ပါက အခွင့်အလမ်းအဖြစ်သို့ ပြောင်းလာမည်ဖြစ်ပြီး ဤအခွင့်အလမ်းတို့သည် မြန်မာနိုင်ငံ၏ဒီမိုကရေစီ ရှင်သန်ရင့်ကျက်လာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်ပြလိုက်ခြင်းဖြစ်ပါသည်။ တိုင်းပြည်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအခင်းအကျင်းအား ပြောင်းလဲစေမည်ဖြစ်ကြောင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောဆိုခဲ့ပါသည်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အနေဖြင့် နိုင်ငံတကာ၏ ဖြစ်ပေါ်ပြောင်းလဲမှုတို့ကို သိရှိနားလည်ပြီးဖြစ်၍ အချိန်နှောင်းမှ ပြုပြင်ပြောင်းလဲသူတို့၏ အားသာချက်နှင့်ကောင်းကျိုးတို့ကို အထူးတလည်သိရှိထားသကဲ့သို့ အခြားနိုင်ငံများရင်ဆိုင်ခဲ့ရသည့် အဟန့်အတားစိန်ခေါ်မှုတို့ကိုလည်း ကျော်လွှားနိုင်ရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဝမ်းမြောက်ဖွယ်ရာ ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU)၏ ဥက္ကဋ္ဌအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒရေးဆွဲခြင်း၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်း၊ ကဏ္ဍအလိုက်နှင့် ဦးတည်ချက်အလိုက်လုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်း၊ လုပ်ငန်းစီမံကိန်းများအား သုံးသပ်အကဲဖြတ်ရေးစနစ်ထူထောင်ခြင်း၊ အကောင်အထည်ဖော်ရာ၌ ကြုံတွေ့ရသော အဓိကအခက်အခဲများအားဖြေရှင်းခြင်းဟူသော လုပ်ငန်းစဉ်ငါးရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကို တင်ပြခဲ့ပါသည်။

ဦးစားပေးလုပ်ငန်းတို့ကို ထည့်သွင်းဖော်ပြထားသည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) အား မြန်မာနိုင်ငံအတွက် ပထမဦးဆုံးအကြိမ်ထုတ်ပြန်မည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြပြောဆိုခဲ့ပါသည်။ ဤဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) ၌ ပြီးပြည့်စုံသော မူဝါဒလမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုပါ ထည့်သွင်းရေးဆွဲထားကြောင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောဆိုခဲ့ပါသည်။ တစ်နှစ်စာစီမံကိန်းနှင့် ဘတ်ဂျက်စက်ဝန်းတို့မှ ရုန်းထွက်၍ ကာလရှည်၊ ကာလလတ်အတွက် မဟာဗျူဟာကျကျ စဉ်းစား၍ စီမံကိန်းချမှတ်ဆောင်ရွက်သွားရန်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်သည် တိုင်းပြည်၏ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်အသီးသီးတို့က အလေးအနက်ထား နှလုံးသွင်းရမည့် လမ်းညွှန်ချက် ဖြစ်ပါသည်။ မြန်မာပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား မူကြမ်းရေးဆွဲပြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြခဲ့ခြင်းသည် ဝမ်းမြောက်ရမည့် သတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရာ၌ ငွေကြေးအရင်းအမြစ်ထက် တစ်ခုနှင့်တစ်ခုကြား ချိတ်ဆက်မှုရှိရှိဖြင့် တူညီသောဦးတည်ချက်သို့ ရှေးရှုဆောင်ရွက်သွားရန် အရေးကြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးပေး ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ ရင်ဆိုင်ရလျက်ရှိသော စိန်ခေါ်မှုများကို ကျော်ဖြတ်လွန်မြောက်ရန် စိတ်အားထက်သန်သကဲ့သို့ တစ်နေ့ ရင်ဆိုင်ရမည့်အခက်အခဲများကိုလည်း ကြိုဆိုလက်ခံရင်ဆိုင်ကျော်ဖြတ်သွားမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ခံယူချက်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက နှလုံးသွင်းရမည့်ခံယူချက်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# သံတမန်ရေးရာ သင်တန်းအမှတ်စဉ် ၆/၂၀၁၇ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးကြပ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အရာထမ်းငယ်များအတွက် ဖွင့်လှစ်သည့် သံတမန်ရေးရာ သင်တန်း (Course in Diplomacy – CID) အမှတ်စဉ် ၆/၂၀၁၇ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ သင်တန်းတွင် ပို့ချခဲ့သည့် ဝန်ကြီးဌာန အသီးသီးမှ အရာရှိကြီးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။




### တက်ရောက်

သင်တန်းတွင် သံတမန် အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတကြွယ်ဝစေရန်အတွက် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတော် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဦးစီးဌာန အသီးသီး၏လုပ်ငန်းတာဝန်များ၊ သံတမန်စာရေးသားနည်းများ၊ နိုင်ငံတကာ ဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်သည့် မှတ်သားဖွယ်ရာများ၊ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ၊ လူ့အခွင့်အရေးဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များ၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်၊ မီဒီယာများနှင့် ထိတွေ့အသုံးချပုံ၊ အင်္ဂလိပ်စာကျွမ်းကျင်မှု ဘာသာရပ်နှင့် ဘာသာပြန်၊ စကားပြန်ခြင်းဆိုင်ရာ ဘာသာရပ်များ စသည်တို့အား စာတွေ့ လက်တွေ့ ရက်သတ္တ ၁၂ ပတ်ပို့ချခဲ့ပြီး အရာထမ်းငယ် ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေး ဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီး တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှာစကား ပြောကြားကာ ပြည်ထောင်စုတရားသူကြီးချုပ်၏ ညွှန်ကြားချက်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးမျိုးမောင်နှင့် ဒေါ်ချယ်ရီကြည်တို့က တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စုစုဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း ထပ်ဆင့်ရှင်းလင်းကြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြကြပြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၂-၂၀၁၈

**ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၀၀/၈၁၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၅ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၅ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၉ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ | ·၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၁ | ·၃ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ | ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံသံအမတ်ကြီးတို့အား တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အာဆီယံ-ဩစတြေးလျနိုင်ငံ အထူးထိပ်သီးအစည်းအဝေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆန်းဟွာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုးလတ် ကော့ပယ်လ်အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၈)**
**၁၃၇၉ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်**
**(၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်း**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၀/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့သည့် **ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**၏ သက်တမ်းကို ၁-၃-၂၀၁၈ ရက်မှစ၍ တစ်နှစ်ထပ်မံ တိုးမြှင့်သတ်မှတ်လိုက်သည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် DRI တို့ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် Democracy Reporting International (DRI) တို့သည် လူ့အခွင့်အရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှု စာချွန်လွှာတစ်ရပ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၌ လက်မှတ်ရေးထိုးကြသည်။**(ယာပုံ)**



နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် Democracy Reporting International (DRI) မှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Ms. Eva Gil တို့က လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးညွန့်ဆွေ၊ ဒေါက်တာမြင့်ကြည်၊ ဦးခင်မောင်လေး၊ ဦးစိုးဘုန်းမြင့်နှင့် Democracy Reporting International မှ မြန်မာနိုင်ငံကိုယ်စားလှယ် Ms. Eva Gil နှင့် Mr. Thibaut တို့ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ရေးဆွဲခြင်း၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းနှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်အား DRI မှ နည်းပညာပံ့ပိုးပေးရေးတို့ အပါအဝင် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

**မိုး/ဇလ**

# ကျွန်မတို့အားလုံးဟာ တကယ်ပဲငြိမ်းချမ်းရေးကို အိပ်မက်မက်နေတယ်ဆိုရင် ငြိမ်းချမ်းရေးအိပ်မက်ကို အကောင်အထည်ဖော်နိုင်တဲ့ အစွမ်းရှိဖို့လို

❑ *ရှေ့ဖုံးမှ*

ဒီလိုငြိမ်းချမ်းရေးကို သွေးသစ်လောင်းပေးတဲ့အတွက် အင်မတန်မှလည်း ကျေးဇူးတင်ပါတယ်။ ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

"အားလုံးသိတဲ့အတိုင်းပဲ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေကတော့ စုံစုံလင်လင်နဲ့ မတက်ရောက်နိုင်ကြပါဘူး။ တချို့က ဆိုရင် ဒုတိယဥက္ကဋ္ဌတွေ တက်တာရှိတယ်။ တချို့ကကျတော့လည်း ကိုယ်စားလှယ်တွေ လုံးဝမလာတာတွေ ရှိပါတယ်။

"ဒီလိုအခြေအနေရှိတယ်ဆိုတော့ ကျွန်မတို့အနေနဲ့ အကြောင်းအရာတွေ အားလုံးကိုတော့ ကျေကျေလည်လည် ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုပြောခြင်းအားဖြင့် ကျွန်မတို့က တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကို အလေးမထားလို့ မဟုတ်ပါဘူး။

"တစ်ဦးချင်း တစ်ဦးချင်းရဲ့တန်ဖိုးကို ကျွန်မတို့ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် ပြဿနာတွေကို ပြေပြေလည်လည် ဖြေရှင်းဖို့ဆိုရင် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့သူတွေနဲ့ ဆွေးနွေးညှိနှိုင်းမှုပဲ ဖြေရှင်းလို့ရမှာပါ။ ဒါကြောင့် ကျွန်မတို့ အခု အစည်းအဝေးမှာတော့ ကျေကျေလည်လည်တော့ ဆွေးနွေးနိုင်မယ်လို့တော့ မထင်ဘူး။ သို့သော်ငြားလည်း ဆွေးနွေးသင့်သလောက်တော့ ကျွန်မတို့ ဆွေးနွေးဖို့ ကြိုးစားပါမယ်။

"ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် လူတိုင်း လူတိုင်း၊ တစ်ဦးချင်း တစ်ဦးချင်းဟာ



ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း။ သတင်းစဉ်

အရေးကြီးပါတယ်။ အဖွဲ့တိုင်း အဖွဲ့တိုင်း၊ တစ်ဖွဲ့ချင်းတစ်ဖွဲ့ချင်းဟာ အရေးကြီးပါတယ်။ အဖွဲ့တိုင်း အဖွဲ့တိုင်းကလည်း ကိုယ့်ရဲ့အဖွဲ့အတွက် တာဝန်ယူရသလို ကိုယ့်ရဲ့ ရဲဘော်ရဲဘက်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေအတွက်လည်း တာဝန်ယူရပါတယ်။ ကိုယ်တစ်ယောက်တည်း၊ ကိုယ်တစ်ဖွဲ့တည်း သွားချင်တဲ့လမ်း သွားနေဖို့ဆိုတာ မဖြစ်ပါဘူး။ စုဖွဲ့ပြီးမှ အားလုံးပူးပေါင်းပြီးမှ ကျွန်မတို့ ငြိမ်းချမ်းရေးကို ရနိုင်မှာပါ။

## ယုံကြည်မှုရှိဖို့လို

"ငြိမ်းချမ်းရေးရဖို့အတွက် အရေးကြီးတာကတော့ ယုံကြည်မှုပဲ။ ယုံကြည်မှုဆိုတာဟာ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုထက် ပိုပြီးအရေးကြီးတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပဲ၊ ကိုယ်ဟာ ငြိမ်းချမ်းရေးကို ရအောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ငြိမ်းချမ်းရေးကို ဦးတည်သွားပြီးတော့ လမ်းလျှောက်သွားနိုင်တဲ့အဖွဲ့ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုရှိဖို့ လိုပါတယ်။ ဒီယုံကြည်မှုမရှိရင် တခြားသူတွေကို ယုံကြည်တာ မယုံကြည်တာက အလကားပဲ၊ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘဲနဲ့ ကိုယ့်အဖွဲ့ကိုယ်ကိုယ် မယုံကြည်ဘဲနဲ့တော့ ငြိမ်းချမ်းရေးရအောင် လုပ်လို့ရမှာ မဟုတ်ပါဘူး။

"အခုကျွန်မတို့ JICM အစည်းအဝေးကို ရောက်လာတဲ့ ပုဂ္ဂိုလ်များ အားလုံးဟာ မိမိတို့အတွက်ရော၊ မိမိတို့ရဲ့အဖွဲ့အတွက်ရော ယုံကြည်မှု အပြည့်အဝနဲ့ ပါဝင်ပြီးတော့ ဆွေးနွေးစေချင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါနေတဲ့ အဖွဲ့အစည်းအသီးသီးထဲက တချို့က ပြောကြတာဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆိုတာကို တကယ်ပဲ ယုံကြည်ရဲ့လား။ အစိုးရက ယုံကြည်ရဲ့လား။ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်နေတဲ့ အစုအဖွဲ့တွေအားလုံးက ယုံကြည်ရဲ့လားဆိုပြီးတော့ မေးကြပါတယ်။ ဒီလိုမေးခွန်းမေးတာဟာ ကျွန်မအနေနဲ့တော့ နည်းနည်းအစီအစဉ်မကျဘူးလို့ ထင်ပါတယ်။ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်ထဲဝင်ပြီးတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတာဟာ ဘယ်လိုပုံစံနဲ့ အကောင်အထည် ဖော်မလဲဆိုတာ မဆွေးနွေးဘဲ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တကယ်ယုံတာလား၊ တကယ်လိုချင်တာလားလို့ ဘယ်လိုမေးမလဲ။ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ အမျိုးမျိုးရှိပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ သင့်တော်တဲ့ ကျွန်မတို့ရဲ့နိုင်ငံအတွက် အကောင်းဆုံးဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘယ်လိုပြည်ထောင်စုမျိုးလဲ၊ ဘယ်လိုပုံစံမျိုးလဲဆိုတာကို ကျွန်မတို့ မဆွေးနွေးခင်မှာ ဒါကို မေးနေတာကိုတော့ ကျွန်မတို့အတွက် ဘာမှအထောက်အကူမဖြစ်ဘူးလို့ ထင်ပါတယ်။

## ကျော်လွှားသွားချင်

"ဒါကြောင့်မို့လို့ အကောင်းဆုံးကတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တကယ်ပဲ အခု ဒီအစိုးရက လိုချင်ရဲ့လား၊ မလိုချင်ဘူးလားဆိုတာ သိချင်ရင်တော့ ဒီငြိမ်းချမ်းရေးညီလာခံထဲမှာ ပါဝင်ဆွေးနွေးပြီးတော့ ဘယ်လိုဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်မယ်ဆိုတာ ဆုံးဖြတ်ပြီးမှ ဒါ အဖြေပေါ်မယ်လို့ ကျွန်မကတော့ ဒီလိုပဲပြောချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ တစ်ခါတလေ တဝဲလည်လည်



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။ သတင်းစဉ်

ဖြစ်နေတဲ့ကိစ္စတွေဟာ အစကနေမစဘဲနဲ့ အဆုံးကို ကျော်လွှားသွားချင်လို့ဖြစ်ပါတယ်။ အဲဒီတော့ အစကနေစမှ ကျွန်မတို့ဟာ အဆုံးကို သေသေသပ်သပ်နဲ့ ရောက်နိုင်မှာပါ။

"နောက်ပြီးတော့ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက်ကြားထဲမှာ ညှိနှိုင်းမှုတွေ ရှိရဲ့လား။ အထူးသဖြင့် အစိုးရကနေပြီးတော့ ညှိနှိုင်းပေးချင်ရဲ့လား။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားထဲမှာ ညှိနှိုင်းပေးချင်ရဲ့လားဆိုပြီးတော့ တချို့ကလည်း မေးချင်ပါတယ်။ မေးကြပါတယ်။ ကျွန်မတို့ကတော့ လူတိုင်းကြားထဲမှာ ညှိနှိုင်းပေးချင်တာပဲ။ သို့သော်ငြားလည်း အညှိနှိုင်းခံရမယ့်လူတွေကလည်း အညှိနှိုင်းခံချင်မှရတာပါ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှဖြစ်တာပါ။ သုံးဖက်တီးတာတော့ ပိုပြီးတော့ ခက်ပါတယ်။ အဲဒါကြောင့် လုပ်ကြည့်မှပဲသိမှာပါ။ လုပ်ကြည့်ရမယ်။ ကြိုးစားကြည့်ရမယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ကို ညှိနှိုင်းပေးစေချင်ရင်တော့ ကျွန်မတို့စကားကို နားထောင်ရမှာပဲ။ နားမထောင်ဘဲနဲ့ ညှိနှိုင်းပေးပါဆိုလို့ ဘယ်လိုလုပ် ကျွန်မတို့က ညှိနှိုင်းပေးရမလဲ။

## အတူလက်တွဲ

"အခု ဒီလိုအစည်းအဝေး ဖြစ်တိုင်းဖြစ်တိုင်း တစ်ယောက်အကြောင်းတစ်ယောက် နည်းနည်းတော့ ပိုပြီးတော့ နားလည်လာနိုင်မယ့် အခွင့်အရေးတော့ ကျွန်မတို့ရပါတယ်။ ဒီအခွင့်အရေးကိုယူပါ။ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးတော့ နားလည်လာနိုင်မှ ကျွန်မတို့တစ်တွေဟာ အတူလက်တွဲပြီးတော့ ကိုယ်လိုချင်တဲ့ နိုင်ငံတော်ကြီး တစ်ခုကို ထူထောင်နိုင်မှာပါ။ ကျွန်မ ခဏခဏ ပြောပါတယ်။ ဘယ်လို နိုင်ငံတော် လိုချင်လဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မကြည့်ဘဲနဲ့ ရိုးရိုးစဉ်းစားပါ။ ကိုယ့်ရဲ့သားတွေ၊ မြေးတွေကို ဘယ်လိုနိုင်ငံမှာ ကြီးပြင်းလာစေချင်သလဲ။ သားတွေ၊ သမီးတွေက ကြီးနေပြီဆိုရင် မြေးတွေပေါ့။ ဒီမြေးငယ်လေးတွေဟာ ကြီးလာရင် ဘယ်လိုနိုင်ငံကြီးမှာ သူတို့ဘဝကို ဆောက်တည်သွားစေချင်သလဲဆိုတဲ့ အတွေးနဲ့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို ချဉ်းကပ်ကြပါ။ အဲဒီလို ကိုယ့်ရဲ့မြေးလေးတွေ၊ မြစ်တွေ ရှင်သန်သွားစေချင်တဲ့ နိုင်ငံကြီးကို ဖော်ဆောင်ဖို့ဆိုရင် ငြိမ်းချမ်းရေးမရဘဲ ဘယ်လိုမှ မရပါဘူး။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"ကျွန်မကတော့ ယုံကြည်ပါတယ်။ ဒီအစည်းအဝေးမှာ တက်ရောက်တဲ့ ပုဂ္ဂိုလ်တွေထဲက ဘယ်တစ်ယောက်မှ ကိုယ့်ရဲ့မြေးတွေ၊ မြစ်တွေကို မငြိမ်းချမ်းတဲ့ နိုင်ငံကြီးမှာ ကြီးပြင်းလာစေချင်မှာ မဟုတ်ပါဘူး။ မငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်လာစေချင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ မြေးတွေ၊ မြစ်တွေ ဘယ်လိုဖြစ်စေချင်သလဲ။ ဘယ်လိုနိုင်ငံမျိုးမှာနေချင်သလဲ။ ဘယ်လို ကမ္ဘာကြီးမျိုးမှာ နေစေချင်သလဲ။ ကိုယ့်နိုင်ငံကို တည်ဆောက်ပြီးမှ ကမ္ဘာကြီးကို တည်ဆောက်လို့ရမှာပါ။ အခု တက်ရောက်လာတဲ့ ကိုယ်စားလှယ်ကြီးတွေအားလုံးဟာ တကယ့်ကို ငြိမ်းချမ်းရေးလိုချင်ဖို့ လိုပါတယ်။ ကျွန်မအနေနဲ့တော့ ယုံကြည်ချက်ခိုင်မာပါတယ်။ ငြိမ်းချမ်းရေးထက်ကောင်းတဲ့ အခြေအနေဆိုတာ ဘာမှမရှိပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ယူလို့လည်း မရပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ တည်ဆောက်ယူရတာပါ။ တည်ဆောက်ဖို့ဆိုတာဟာ ငြိမ်းချမ်းရေး လိုပါတယ်။

## ဒီအိပ်မက်ကိုအကောင်အထည်ဖော်

"အဲဒါကြောင့်မို့လို့ ကျွန်မတို့တကယ်ပဲကိုယ်လိုချင်တဲ့ ကိုယ့်အတွက်တင်မက နောင်လာနောက်သားများအတွက် လိုချင်တဲ့ နိုင်ငံတစ်ခု တည်ဆောက်ဖို့ကို အချင်းချင်း ညှိနှိုင်းတဲ့နေရာမှာ အိပ်မက်လည်း မက်တတ်ရမယ်၊ အိပ်မက်ကိုလည်း အကောင်အထည်ဖော်တတ်ရမယ်လို့ ကျွန်မပြောချင်ပါတယ်။ အိပ်မက်လည်း မက်တတ်ရမယ်ဆိုတာ မဖြစ်နိုင်တဲ့အိပ်မက်တွေကို မက်လို့မဖြစ်ပါဘူး။ မဖြစ်နိုင်တဲ့ အိပ်မက်တွေ မက်တယ်ဆိုတာ အချိန်ကုန်ရုံပဲရှိပါတယ်။ နောက်ပြီးတော့ အကောင်အထည်မဖော်နိုင်တဲ့ အိပ်မက်တွေဆိုတာလည်း တကယ်ကိုတန်ဖိုးရှိတဲ့ အိပ်မက်မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ဟာ ဖော်ဆောင်နိုင်တဲ့ အိပ်မက်တွေကို မက်တတ်ရမယ်။ အိပ်မက်မမက်တတ်လို့ရင်လည်း အိပ်မက်တွေ အကောင်အထည်ဖော်နိုင်တဲ့ အချိန်ကိုမရောက်နိုင်ဘူး။ ဒါ့ကြောင့် အိပ်မက်မက်တတ်ရမယ်။ ဒါကြောင့် ငြိမ်းချမ်းတဲ့ ပြည်ထောင်စုကြီး အိပ်မက်ကိုမက်တတ်ရမယ်။ ဒီအိပ်မက်ကိုအကောင်အထည်ဖော်နိုင်ရမယ်။

"ကျွန်မ မကြာခဏပြောပါတယ်။ ကျွန်မ အနှစ်သက်ဆုံး ကဗျာတစ်ခုမှာ အစွမ်းရှိဆုံး ပုဂ္ဂိုလ်ဆိုတာဟာ မိမိရဲ့ အိပ်မက်တွေကို အကောင်ထည်ဖော်နိုင်တဲ့ ပုဂ္ဂိုလ်ပဲဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ကဗျာပါပဲ။ ကျွန်မတို့အားလုံးဟာ တကယ်ပဲ ငြိမ်းချမ်းရေးကို အိပ်မက်မက်နေတယ်ဆိုရင် ငြိမ်းချမ်းရေးအိပ်မက်ကို အကောင်အထည်ဖော်နိုင်တဲ့ အစွမ်းရှိဖို့လိုပါတယ်။ အစွမ်းဆိုတာ ကျွန်မ NCA လက်မှတ်ထိုးပွဲမှာ ပြောခဲ့သလို စေတနာ၊ ပညာ၊ သတ္တိ (၃)ခုလုံးရှိမှ စွမ်းနိုင်မှာပါ။ ကိုယ်လုပ်ပေးချင်တဲ့ စေတနာရှိရမယ်။ လုပ်ပေးချင်တဲ့ စေတနာမရှိဘဲနဲ့တော့ ဘာကိုမှဖြစ်အောင် မလုပ်နိုင်ပါဘူး။

## အစကစမှ မှန်မှန်ကန်ကန် အဆုံးတိုင်ရောက်နိုင်

"ကျွန်မတို့ဟာ ထမင်းတစ်နပ်ချက်ကျွေးရင်တောင်မှ ထမင်းကျွေးချင်တဲ့ စေတနာလေးရှိရမယ်။ ကောင်းကောင်းလေးကျွေးချင်တဲ့ စေတနာလေးရှိရမယ်။ ကောင်းကောင်းလေး ကျွေးချင်လို့ ထမင်းတစ်နပ်၊ ထမင်းတစ်အိုး ချက်တာတောင်မှ ဝီရိယစိုက်ထုတ်ပြီးတော့ သေသေချာချာ အကောင်းဆုံးဖြစ်အောင် လုပ်ချင်တဲ့စိတ်ရှိမှ ဒါ အစားကကောင်းမှာပါ။ ဒါပေမယ့်လည်း မချက်တတ်ရင် ဘယ်လိုပဲ စေတနာရှိရှိ လုပ်လို့ မရဘူး။ ဒါကြောင့်မို့ ပညာလည်းရှိရမယ်။ သတ္တိလည်းရှိရမယ်။ သတ္တိ



ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်။ သတင်းစဉ်

ဆိုတာကတော့ အမြဲပဲစွန့်စားခြင်း မဟုတ်ပါဘူး။ တချို့က လုံ့လ၊ ဝီရိယထုတ်ခြင်းပါပဲ။ အပင်ပန်းခံခြင်းပါပဲ။ အပင်ပန်းခံပြီးမှပဲ လုပ်ရပ့်မယ်။ ဒီလို စေတနာ၊ ပညာ၊ သတ္တိတို့နဲ့ ဆက်ပြီးတော့ လုပ်သွားမယ်ဆိုရင် ဘယ်လိုအခက်အခဲတွေပဲ ကြုံတွေ့ရကြုံတွေ့ရ ကျော်လွှားနိုင်မှာပါ။ ဒါပေမယ့် အစကစမှ မှန်မှန်ကန်ကန် အဆုံးတိုင်ရောက်နိုင်မှာပါ။

"ဒါကြောင့်မို့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘာလဲဆိုတာကိုတောင်မှ သေသေချာချာ မဆွေးနွေးရခင်ကတည်းက ဒီဟာကို တကယ်လိုချင်ကြရဲ့လားလို့ မေးနေတာကတော့ ကျွန်မတို့ သွားချင်တဲ့ပန်းတိုင်ကို ရောက်ဖို့အတွက် အထောက်အကူမဖြစ်ဘူးလို့ ကျွန်မထင်ပါတယ်။

"ဒါကြောင့်မို့ ကျွန်မတို့အားလုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲထဲမှာ ပါဝင်ပြီးတော့ ဘာကိုဆိုလိုတာလဲ၊ ဒီမိုကရေစီဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဖက်ဒရယ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးဆိုတာ ဘာကိုဆိုလိုတာလဲ၊ အဲဒါကို ကျွန်မတို့ သေသေချာချာ ဆွေးနွေးရမယ်။ ဆွေးနွေးပြီးတော့မှ ဒါကိုတို့အားလုံး လက်ခံနိုင်မလား၊ အားလုံးလက်ခံနိုင်အောင်လို့ ဘယ်လိုဟာလေးတွေကို ပြင်မလဲ၊ ဘယ်နေရာတွေမှာ အပေးအယူလုပ်မလဲဆိုတာကို ကျွန်မတို့ ဆုံးဖြတ်ရမှာပါ။ ဒါကြောင့် မစခင်ကတည်းက၊ စစ်မထွက်ခင်ကတည်းက မြားကုန်နေလို့ မဖြစ်ပါဘူး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆိုတာ ဘာလဲလို့တောင်မှ ကျွန်မတို့ သေသေချာချာ မသတ်မှတ်ခင်ကတည်းက အဲဒါကို တကယ်မှ လိုချင်ပ့ါမလားလို့မေးနေတဲ့အခါကျတော့ ဒါကို စစ်မထွက်ခင်ကတည်းက မြားကုန်နေသလိုပါပဲ။

## ငြိမ်းချမ်းရေးရရှိဖို့ ဝိုင်းဝန်းဆွေးနွေး

"အခုအစည်းအဝေးမှာ ပါဝင်တက်ရောက်တဲ့ ဧည့်သည်တော်များအားလုံးဟာ နောင်လာနောက်သားတွေအပေါ်မှာ တာဝန်သိစိတ်၊ စေတနာထားစိတ်တွေနဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ဝိုင်းဝန်းပြီးတော့ ဆွေးနွေးကြပါ။

"ကျွန်မတို့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ လမ်းတွေကို အတူရှာကြပါ။ ကျော်လွှားတဲ့နေရာမှာ တစ်ဦးကနေပြီးတော့ ပင်ပန်းနေရင် ဘေးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီပေးကြပါ။ လက်တွဲပေးကြပါ။ တစ်ယောက်နဲ့ တစ်ယောက်မတွန်းပါနဲ့။ လက်တွဲခေါ်ပါ။ ဒီလို စိတ်ဓာတ်တွေနဲ့ ကျွန်မတို့ ဆက်ပြီးသွားမယ်ဆိုရင် ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေဟာ တစ်ချိန်တစ်ခါမှာ (၂၁)ရာစုတုန်းက (၂၁)-ရာစုပင်လုံကနေတစ်ဆင့် ငါတို့အခုနေရတဲ့ အေးချမ်းသာယာတဲ့ ပြည်ထောင်စုကြီးကို ထူထောင်လိုက်တာပဲဆိုတဲ့အသိနဲ့ စိတ်ချမ်းသာရမှာ ဖြစ်ပါတယ်။ ဒ့ါကြောင့် ကျွန်မတို့ရဲ့ဧည့်သည်တော်များအားလုံးဟာ တကယ့်ကို ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်၊ တကယ့်ကို ငြိမ်းချမ်းရေးအတွက်ရအောင်ယူမယ်၊ ငြိမ်းချမ်းရေးရအောင် လုပ်မယ်ဆိုတဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့ ဒီအစည်းအဝေးမှာ ပါဝင်ကြပါ။ အင်မတန်မှ ကောင်းတဲ့အကြံဉာဏ်တွေလည်း ထွက်လာနိုင်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ဒီအကြံဉာဏ်တွေအားလုံးစုပေါင်းပြီးတော့ တစ်ဆင့်နဲ့တစ်ဆင့် တိုးတက်နိုင်ဖို့အတွက်လည်း ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

■ ကျွန်တော်တို့ ညီအစ်ကိုတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးက လုပ်သင့်လုပ်ထိုက်တဲ့ ဟာတွေ၊ လုပ်သင့်လုပ်ထိုက်တဲ့အချိန်တွေ ဒါတွေကို သတ်သတ်မှတ်မှတ်နဲ့ ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့မျှော်မှန်းတဲ့၊ ပြည်သူတစ်ရပ်လုံးက မျှော်မှန်းနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုကြီး မလွဲမသွေ ဖြစ်ပေါ်လာမယ်

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

● စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လိုချင်တဲ့အခါမှာ အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ EAOနဲ့ နိုင်ငံရေးပါတီတွေက နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုနဲ့ လက်ရှိ မြန်မာနိုင်ငံရဲ့အခြေအနေ အထူးသဖြင့် တိုင်းရင်းသားအားလုံးရဲ့ ဆန္ဒသဘောထားအပေါ်မှာ ရောင်ပြန်ဟပ်စေမယ့် စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ဖို့ အရေးကြီးပါတယ်

ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်

*စာမျက်နှာ ၄ မှ*

ထို့နောက် **ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက** "အခု ကျွန်တော်တို့ (၇) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM ဟာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ မွန်ပြည်သစ်ပါတီ(NMSP)ဥက္ကဋ္ဌ နိုင်ထောမွန်နဲ့ အဖွဲ့ဝင်များ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)က အဖွဲ့ဝင်တွေနဲ့ NCA မှာ လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်တွေနဲ့ ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

"အလားတူ NMSP ဥက္ကဋ္ဌကြီးနဲ့အဖွဲ့ကိုလည်း ကျွန်တော်တို့ JICM ကနေ ကြိုဆိုပါကြောင်း ထပ်လောင်းပြီးတော့ ပြောကြားလိုပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ အချက်နှစ်ချက် ဆွေးနွေးလိုပါတယ်။ ဒါက ဘာလဲဆိုရင် ကျွန်တော်တို့ JICM အဖွဲ့အစည်းဆိုတာ နိုင်ငံရေးဆွေးနွေးပွဲမှာ အမြင့်ဆုံးအစည်းအဝေး၊ အမြင့်ဆုံးအဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးနဲ့ပတ်သက်တဲ့ အမြင့်ဆုံးအစည်းအဝေး၊ အမြင့်ဆုံးအဖွဲ့အစည်းမှာ အစည်းအဝေးတိုင်းမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ ခေါင်းဆောင်အသီးသီးလည်း တက်ရောက်သင့်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**အမြင့်ဆုံးအဖွဲ့ရဲ့ အစည်းအဝေး**

"ကျွန်တော်တို့ ဒီအစည်းအဝေးကို သတ်မှတ်တာ ချက်ချင်းလက်ငင်း ဖြုန်းစားကြီး သတ်မှတ်တာမျိုး မဟုတ်ဘဲနဲ့ သုံးလတစ်ကြိမ် JICM အစည်းအဝေး လုပ်ရမယ်ဆိုတဲ့ ကျွန်တော်တို့ အစည်းအဝေး ဆုံးဖြတ်ချက်လည်း ရှိပြီးသားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၇-၁၁-၂၀၁၇ ရက်နေ့မှာ နောက်ဆုံး (၆)ကြိမ်မြောက် JICM အစည်းအဝေး ကျင်းပခဲ့တာ ဖြစ်ပါတယ်။ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ ဒီသုံးလတာကာလအတွင်းမှာ JICM လုပ်မယ်လို့ ခန့်မှန်းပြီးသားဖြစ်ပါတယ်။ အဲဒီလိုမျိုးကာလအတွင်းမှာ အတိုးအလျော့ အနည်းအကျဉ်းရှိပင်ရှိသော်လည်းပဲ ဒီကာလတွေကြားထဲမှာ အမြင့်ဆုံးအစည်းအဝေး၊ အမြင့်ဆုံးအဖွဲ့ရဲ့ အစည်းအဝေးကျင်းပမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကျွန်တော်တို့ အစည်းအဝေးမှာ ဆုံးဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ တက်ရောက်ဖို့သင့်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

"ဒါမှသာလျှင် ကျွန်တော်တို့ ဒီမှာဆုံးဖြတ်ရမယ့် အချက်များအားလုံး တစ်ခါတည်း ပြေလည်သွားမှာ ဖြစ်ပါတယ်။ ဒါလည်းပဲ သက်ဆိုင်ရာ တိုင်းရင်းသား အဖွဲ့အစည်းတွေကို ကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ JICM အစည်းအဝေးဟာ ခုနက ကျွန်တော်တင်ပြသလို အမြင့်ဆုံးအစည်းအဝေး ဖြစ်တဲ့အတွက် ဒီအစည်းအဝေးမှာ ဆုံးဖြတ်ချက်တွေ ဆုံးဖြတ်ထားတာရှိပါတယ်။ ဒီဟာတွေကို ဆုံးဖြတ်နိုင်ဖို့အတွက်လည်း သက်ဆိုင်ရာ UPDJC အတွင်းရေးမှူး အဖွဲ့တွေ၊ ပြီးရင် UPDJC အဖွဲ့တွေမှာ သတ်မှတ်ထားတဲ့ ToR၊ SOP တွေ အခြေခံပြီးတော့မှ ဆွေးနွေးဆုံးဖြတ်ပြီးတော့မှ ကျွန်တော်တို့ JICM က အတည်ပြုထားတာ ဖြစ်ပါတယ်။

"ကျွန်တော်တို့ JICM အစည်းအဝေးကနေ အတည်ပြုထားတဲ့ကိစ္စ၊ ဆုံးဖြတ်ပြီးသားကိစ္စ၊ ဆောင်ရွက်ရန်ကိစ္စတွေသည် ဒီသုံးနှစ်တာကာလအတွင်းမှာ တတ်နိုင်သလောက် ဆုံးဖြတ်ပြီးတဲ့အတိုင်း၊ ဆောင်ရွက်ရမယ့်အတိုင်း လုပ်သွားဖို့လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါဥပမာပါ။ ပြီးခဲ့တဲ့ (၆) ကြိမ်မြောက် အစည်းအဝေးမှာ RCSS နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လင်းခေးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ရမယ်ဆိုပြီးတော့မှလုပ်ဖို့ ကျွန်တော်တို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကြားထဲကနေ ဆုံးဖြတ်ပြီးတော့ ဒီဆုံးဖြတ်ချက်ကိုလည်း တရားဝင်ကြေညာချက် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

"သို့သော်လည်း တစ်ဖက်နဲ့တစ်ဖက် နားလည်မှုတွေလွဲပြီးတော့ အကြိုဆွေးနွေးပွဲကိစ္စတွေ၊ အစည်းအဝေးဆုံးဖြတ်ချက်မှာ မပါတဲ့ကိစ္စတွေ ပေါ်ပေါက်လာတဲ့အခါ သွားရမယ့်လုပ်ငန်းစဉ်က ရှေ့ကိုမရောက်ဘဲ ဒီမှာတင် တဝဲလည်လည်ဖြစ်ပြီးတော့မှ ဖြစ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ JICM မှာ ဆွေးနွေးတဲ့ အနေအထားတွေမှာ ဆုံးဖြတ်ပြီးသားဆိုရင် ဆုံးဖြတ်ချက်အတိုင်းပဲ ဆောင်ရွက်သွားမယ်ဆိုရင် ဒီနေ့မှာ ကိစ္စတစ်ခုပြီးနေမှာ ဖြစ်ပါတယ်။ ပြီးနေတဲ့အပြင်ကို ခုနကပြောတဲ့ ဆက်ပြီး သွားမယ့် လုပ်ငန်းစဉ်ကို လုပ်စရာရှိတာလုပ်ရမယ့် အနေအထားပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါလေးနဲ့ ပတ်သက်ရင်လည်းပဲ ဆုံးဖြတ်ချက်ချပြီးရင် ချပြီးတဲ့အတိုင်းပဲ တိတိကျကျ လိုက်နာသွားဖို့ အကုန်လုံး အဖွဲ့အစည်းအသီးသီးမှာ တာဝန်ရှိပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ တင်ပြချင်ပါတယ်။

**ရှေ့ကို အမြဲတမ်းတိုးတက်နေမှာဖြစ်**

"နောက်တစ်ခုကတော့ ဒီအစည်းအဝေးမှာ ဆောင်ရွက်ရမယ့်ကိစ္စ ပြီးခဲ့တဲ့အပတ်က ဆုံးဖြတ်ထားတာရှိပါတယ်။ ဒီဆုံးဖြတ်ချက်နဲ့ ပတ်သက်ရင် သုံးလတာ ကာလအတွင်းမှာ UPDJC အစည်းအဝေးမှာ ပြန်လည်ပြီးတော့မှ ဆွေးနွေးပြီး JICM ကို ပြန်လည်တင်ပြရမယ်ဆိုတဲ့ ကိစ္စတွေ ဆွေးနွေးထားတာရှိပါတယ်။ သို့သော်လည်း ဒီသုံးလတာ ကာလအတွင်းမှာ ထပ်မံညှိနှိုင်းဆွေးနွေးရမယ့် ကိစ္စတွေ အကောင်အထည်မဖော်နိုင်တာလည်းရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ Peace Process မှာ သွားနေတဲ့ အားနည်းချက်တွေအဖြစ် ကျွန်တော့်အနေနဲ့တွေ့ပါတယ်။ ဒီအားနည်းချက်တွေကို ပြုပြင်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ JICM အစည်းအဝေး၊ UPDJC အစည်းအဝေးတွေဟာ မြန်မြန်ဆန်ဆန်နဲ့ သွက်သွက်လက်လက်နဲ့ ရှေ့ကို အမြဲတမ်း တိုးတက်နေမှာဖြစ်ပါတယ်။

"ခုဟာက ရှေ့သွားမယ့်ခြေလှမ်းပြင်လိုက်၊ နောက်ပြန်ဆုတ်လိုက် အနေအထားကိုတွေ့ရပါတယ်။ ဒီဆောင်ရွက်ရမယ့်ကိစ္စကို ဆုံးဖြတ်ထားပြီးရင် ဆောင်ရွက်ရမယ့် အချက်များကို ဒီနေရာမှာ အတွင်းရေးမှူးအဖွဲ့က အရေးကြီးပါတယ်။ အခု အတွင်းရေးမှူးအဖွဲ့ကိုလည်း ကျွန်တော်တို့ UPDJC လုပ်ခါနီး၊ JICM လုပ်ခါနီးကျမှ ခေါ်တယ်၊ ဆွေးနွေးပြီးတဲ့အခါမှာ အတည်ပြုနိုင်ဖို့အတွက် UPDJC မှာ ဆုံးဖြတ်နိုင်ဖို့၊ JICM အတည်ပြုနိုင်ဖို့အတွက် ဒါချမှတ်ထားတဲ့ ToR ၊ SOP တွေနဲ့ပဲ သွားနေရမှာ ဖြစ်ကြောင်းလည်း ကျွန်တော်အနေနဲ့ ပြောလိုပါတယ်။

"နောက်တစ်ခု အကြံပြုချင်တာက နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်ရင် အမြင့်ဆုံးအစည်းအဝေးဖြစ်တဲ့အတွက် ဒီအစည်းအဝေးကနေ ဆုံးဖြတ်ထားတဲ့အချက်တွေကိုလည်းပဲ အကောင်အထည်ဖော်တဲ့အခါမှာ တစ်ဖက်နဲ့ တစ်ဖက်ကြားထဲမှာ နားလည်မှုတွေ မလွဲအောင်လည်းဘဲ သက်ဆိုင်ရာဒေသမှာရှိတဲ့ အစိုးရအဖွဲ့တွေကိုလည်း အသိပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ နားလည်မှုရှိရှိနဲ့ ဆက်ပြီး ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းစဉ်ဟာ အောင်မြင်သွားမယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

"နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ရင်ထဲ၊ အသည်းထဲကနေပြီးတော့မှ ကိုယ်စီ၊ အဖွဲ့အစည်းအသီးသီးကနေ လက်ခံဆောင်ရွက်ပြီးတော့မှ ဒီနေ့၊ ဒီအချိန်အထိ ရောက်လာပြီးဖြစ်ပါတယ်။ ဒီလိုရောက်လာပြီးအခါမှ ယုံကြည်ချက်၊ ခံယူချက်တွေနဲ့ သွားနေတယ်၊ သွားတဲ့အခါမှာလည်း ကိုယ်ဖြစ်ချင်တဲ့ဟာကို ဖြစ်သင့်ဖြစ်ထိုက်တဲ့ အတိုင်းအတာ၊ ရသင့်ရထိုက်တဲ့အတိုင်းအတာ၊ လိုချင်တဲ့လူတွေရဲ့ အတိုင်းအတာအတွင်းက ဆောင်ရွက်သွားမယ်ဆိုရင် နှစ်ဖက်စလုံး ဘာမှပြဿနာ တက်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ တချို့နေရာတွေမှာ ကိုယ့်ရဲ့ဆန္ဒစွဲ၊ တခြားသော ဒေသစွဲ၊ လူမျိုးစွဲ၊ သမိုင်းကြောင်းအရ ဆိုပြီးတော့မှ နောက်ပြန်လှည့်တဲ့ကိစ္စတွေနဲ့ပဲ တဝဲဝဲလည်နေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ငြိမ်းချမ်းရေး လမ်းကြောင်းဟာ သွားရမယ့် နိုင်ငံရေးရည်မှန်းချက်သည် ပေါက်မြောက်မှာ မဟုတ်ဘူး ဖြစ်ပါတယ်။

"ကျွန်တော်တို့ သက်ဆိုင်ရာ အောက်ခြေအဆင့်တွေမှာ ပြီးပြတ်အောင်၊ အထူးသဖြင့်တော့ အတွင်းရေးမှူးအဖွဲ့တွေက သေသေချာချာဆွေးနွေးပြီး ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဟာ မလွဲမသွေ ပေါ်လာမှာပဲ ဖြစ်ပါတယ်။ ဒီလိုသွားတဲ့အခါမှာလည်း ငြင်းခုံနေတဲ့ အတိုင်းအတာနဲ့ အချိန်သတ်မှတ်ချက်မရှိဘူး၊ ဘာမှလည်းမလုပ်ဘူးဆိုရင် သက်ဆိုင်ရာ ရည်မှန်းချက်ကို ရောက်ချင်မှရောက်မယ်၊ ရောက်နိုင်စရာ အကြောင်းလည်းမရှိဘူး။ ခုနကပြောတဲ့ NMSP နဲ့ LDU လက်မှတ်ရေးထိုးပွဲမှာ ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်လည်း ပြောခဲ့ပါတယ်။ Time Frame ကို သတ်သတ်မှတ်မှတ်နဲ့ လုပ်ဖို့လည်း အချိန်ကျပြီလို့ ယူဆပါတယ်။

"ဒါလေးကို ထပ်ပြီးအကြံပြုချင်ပါတယ်။ ပြီးလို့ရှိရင် ဒီမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကိစ္စတွေကို ပြင်ဆင်သင့် ပြင်ဆင်ထိုက်တာတွေကို ပြင်ဆင်ဖို့လည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြောထားပြီးသား ဖြစ်ပါတယ်။ ဒါလေးတွေကိုလည်းပဲ ကျွန်တော်တို့ ညီအစ်ကိုတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးက လုပ်သင့်လုပ်ထိုက်တဲ့ ဟာတွေ၊ လုပ်သင့်လုပ်ထိုက်တဲ့ အချိန်တွေ ဒါတွေကို သတ်သတ်မှတ်မှတ်နဲ့ ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတဲ့၊ ပြည်သူတစ်ရပ်လုံးက မျှော်မှန်းနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုကြီး မလွဲမသွေ ဖြစ်ပေါ်လာမယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

**လက်မှတ်ထိုးထားတဲ့ ၁၀ ဖွဲ့ကိုယ်စား**

ယင်းနောက် **NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်က** "(၇) ကြိမ်မြောက် JICM အစည်းအဝေးမှာ လက်မှတ်ထိုးထားတဲ့ ၁၀ ဖွဲ့ကိုယ်စား စကားပြောခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

"ဒုတိယအချက်အနေဖြင့် ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးလိုလိုက ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုအပြည့်ရှိပါတယ်။ ယုံကြည်မှုအပြည့်ရှိတယ်ဆိုတာကို ပြန်ရှင်းပြလိုတာကတော့ နှစ်ပေါင်း ၇၀ ကျော်အတွင်းမှာ ဖြစ်ခဲ့တဲ့ ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးမှုတွေဟာ အခုလုပ်ဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေနဲ့မတူပါဘူး။ NCA စာချုပ်မှာပါတဲ့ဟာတွေက နိုင်ငံတော်တည်ဆောက်ပုံတွေ ပါပါတယ်။ အဲဒီအပေါ်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးလိုလိုက ယုံကြည်မှုအပြည့်ရှိတာကို တင်ပြချင်တယ်။

"တတိယအချက်အနေနဲ့ ပြောချင်တာကတော့ ToR မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း JICM အစည်းအဝေးကို ကျင်းပနိုင်တာဟာ အနာဂတ်အတွက် အောင်မြင်မှုလမ်းစ တစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်။ ပုံမှန်ကျင်းပနေတဲ့ JICM အစည်းအဝေး ကျင်းပတိုင်းမှာ တစ်ခုနဲ့တစ်ခုကြားမှာ အားနည်းချက်တွေ၊ အားသာချက်တွေ ရှိမှာပါ။ အားနည်းချက်ရှိရင် JICM အစည်းအဝေးမှာ အားသာချက်ဖြစ်အောင် ဘယ်လို ကြိုးပမ်းရမလဲဆိုတာကို နည်းလမ်းရှာကြဖို့လိုတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ထွန်းလာမှုကို မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး မျှော်မှန်းတောင့်တနေတဲ့အပြင် နိုင်ငံတကာကလည်း မျှော်လင့်တောင့်တနေတယ်ဆိုတဲ့အကြောင်းကို ပြောကြားလိုပါတယ်။

"၂၀၁၀ပြည့်နှစ်ကစခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးဟာ စစ်ရေးနဲ့မဖြေရှင်းဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းခြင်းဆိုတဲ့လမ်းစဉ်ဟာ ကောင်းတဲ့ခြေလှမ်း တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်မယ်ဆိုတဲ့ ပြဋ္ဌာန်းထားတဲ့အတိုင်း NCA မှာမပါဝင်သေးတဲ့ တိုင်းရင်းသားညီနောင်တွေကိုလည်း ပါဝင်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ အရေးကြီးပါတယ်။

**စစ်မှန်တဲ့ ငြိမ်းချမ်းရေး**

"ကျွန်တော်တို့က စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုလိုချင်ပါတယ်။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လိုချင်တဲ့အခါမှာ အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ EAOနဲ့ နိုင်ငံရေးပါတီတွေက နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုနဲ့ လက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေ အထူးသဖြင့် တိုင်းရင်းသားအားလုံးရဲ့ ဆန္ဒသဘောထားအပေါ်မှာ ရောင်ပြန်ဟပ်စေမယ့် စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ အရေးကြီးပါတယ်။

"တည်ဆောက်တဲ့အခါ နှစ်ပေါင်း ၇၀ ကျော်ဖြစ်လာတဲ့ ပဋိပက္ခကို အချိန်ယူရမှာပါ။ အချိန်ယူပြီးတော့လုပ်ရင် ကျွန်တော်တို့ မျှော်မှန်းတဲ့၊ မြန်မာနိုင်ငံက ပြည်သူတွေ တောင့်တနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်လာမှာပါ။ နိုင်ငံတော်အကြီးအကဲတွေ၊ တပ်မတော်အကြီးအကဲတွေ၊ EAO ခေါင်းဆောင်တွေနဲ့ နိုင်ငံရေးပါတီတွေက စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို စိတ်ရှည်သဘောထားကြီးစွာနဲ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါလို့ပြောကြားရင်း နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

**သဘောတူညီချက် လက်မှတ်ရေးထိုး**

ယနေ့ ကျင်းပသည့် (၇)ကြိမ်မြောက် JICM အစည်းအဝေးတွင် ငြိမ်းချမ်းရေး ကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ (NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့အကြား သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့မှု၊ မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ NCA တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့မှု၊ (၁၄) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အစည်းအဝေး ဆုံးဖြတ်ချက်များ၊ JICM တွင် အဖွဲ့ဝင်သစ်များ ပါဝင်ရေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့် နေ့ရက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ထောမွန်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**လျာထားသတ်မှတ်သည့် ဆုံးဖြတ်ချက်ကိုချနိုင်ခဲ့**

ယနေ့ကျင်းပသည့် JICM အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ဧပြီလကုန် မေလဆန်းတွင် ကျင်းပရန် လျာထားသတ်မှတ်သည့် ဆုံးဖြတ်ချက်ကိုချနိုင်ခဲ့ကြောင်း၊ ထို့ပြင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ထိုးပြီး ဝင်ရောက်လာသည့် အချိန်တွင် JICM မှာ မူလက ၈ ဖွဲ့အစား ၉ ဖွဲ့ဖြစ်သည့်အတွက် ၉ ဦးစီ တက်ရောက်ရန် သဘောတူခဲ့ကြောင်း၊ UPDJC ကို အစုအဖွဲ့တစ်ဖွဲ့စီမှာ ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းသည့်ကိစ္စကို JICMတွင် ထပ်လောင်းပြီး အတည်ပြုနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေး ကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် ၉ ချက်ကို JICM အစည်းအဝေးက မှတ်တမ်းတင် အတည်ပြုနိုင်ခဲ့ကြောင်း၊ အလားတူ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ NCA လက်မှတ်ရေးထိုးခဲ့ခြင်းကို JICM တွင် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖိုးကျားဆင်စခန်းရှိ ဆင်များ၏ အလှသရုပ်ဖော်ပြကွက်များကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

◆ *ကျော်ဖုံးမှ*

## ဖမ်းဆီးရရှိမှု ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယသမ္မတအား ဖိုးကျားဆင်စခန်း ရှင်းလင်းဆောင်ဌ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ဖိုးကျားဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ စခန်းအတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဆင်ကောင်ရေစာရင်း၊ နှစ်အလိုက် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု၊ ဝင်ငွေရရှိမှုနှင့် ခရီးသွားဧည့်သည်များအတွက် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စခန်းအတွင်း ဆင်များရေချိုးဆိပ်၊ ကြိုးတံတား၊ ပန်းခြံနှင့် တည်းခိုဆောင်များ ဆောက်လုပ်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပဲခူးရိုးမဧရိယာ သစ်တောဖုံးလွှမ်းမှုနှင့် အခြားမြေအသုံးချမှု၊ ပဲခူးရိုးမအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ပြီးစီးမှု၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ထားမှု၊ သစ်တောစိုက်ခင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ တရားမဝင်သစ်ဖမ်းဆီးရမိမှု၊ ပဲခူးရိုးမအတွင်း တောရိုင်းဆင်များ လှုပ်ရှားသွားလာမှု၊ ဆင်များ သတ်ဖြတ်ခံရမှုနှင့် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ထိရောက်စွာအရေးယူ

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက ဖိုးကျားဆင်စခန်းအတွက် လိုအပ်နေသည့် လျှပ်စစ်မီး ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တရားမဝင် သစ်ခိုးထုတ်သူများနှင့် ဆင်များအား သတ်ဖြတ်နေသူများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူရန်လိုကြောင်း၊ သစ်ခိုးထုတ်မှုများတွင် နောက်ကွယ်မှ စေခိုင်းသူများကိုပါ ဖော်ထုတ်ပြီး ထိရောက်စွာအရေးယူသွားရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန်လိုကြောင်း၊ ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရန်အတွက်လိုအပ်ပါက သက်ဆိုင်ရာဥပဒေနှင့် ပြစ်ဒဏ်များ ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ ထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ရန် တစ်ကမ္ဘာလုံးက ဆောင်ရွက်နေကြပါကြောင်း၊ သစ်တောများ ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသည် ပဲခူးရိုးမ ဒေသအတွင်းသာမက မြန်မာတစ်နိုင်ငံလုံးတွင် လုပ်ဆောင်ရမည့် အရေးကြီးသောလုပ်ငန်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်းနှင့် သစ်ထုတ်ခဲ့သည့် နေရာများတွင် ဒေသနှင့် လိုက်လျောညီထွေဖြစ်မည့် တန်ဖိုးရှိသစ်ပင်များ အစားထိုးစိုက်ပျိုးရန်လိုကြောင်း မှာကြားသည်။

## ဆင်အလှသရုပ်ဖော်ပြကွက်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတသည် ဖိုးကျားဆင်စခန်းရှိ ဆင်ပြတိုက်၊ တည်းခိုဆောင်နှင့် ဆင်ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖိုးကျားဆင်စခန်းရှိ ဆင်များ၏ အလှသရုပ်ဖော်ပြကွက်များကို ကြည့်ရှုအားပေးသည်။

## ဝန်ဆောင်မှုများပေးထား

ဖိုးကျားဆင်စခန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း အကွက်အမှတ် ၈၃ တွင် တည်ရှိသည်။ ယင်းစခန်းတွင် ဆင်ကောင်ရေ စုစုပေါင်း ၁၄ ကောင်ရှိပြီး ဆင်များရေချိုးပေးရာတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ဆင်များ၏ သရုပ်ပြဖျော်ဖြေမှုများအား ကြည့်ရှုခြင်း၊ ဆင်စီးခြင်း၊ အစာကျွေးခြင်း၊ ဖိုးကျားဆင်စခန်းနှင့် သိုင်းချောင်းဆင်စခန်းအား ဆင်ဖြင့် ကြို/ပို့ စီစဉ်ပေးခြင်း၊ ဆင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအား လေ့လာနိုင်ခြင်း၊ ဆင်များနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးနိုင်ခြင်း စသည့် ဝန်ဆောင်မှုများပေးထားသည်။ ထို့ပြင် စခန်းအတွင်း ဖိုးကျားဆင်စခန်းပြတိုက်၊ ကြိုးတံတားနှင့်ရှုခင်းသာ၊ တည်းခိုဆောင်များနှင့်ပန်းခြံတို့ကိုပါ ထည့်သွင်းတည်ဆောက်ထားသည်။

## ဝဂ်ဘော်ဆင်စခန်းရောက်ရှိ

ယင်းနောက် ဒုတိယသမ္မတသည် ဝဂ်ဘော်ဆင်စခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ဌ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန အထွေထွေမန်နေဂျာ ဦးလှမိုးအောင်က ဝဂ်ဘော်ဆင်စခန်းဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက်ခရီးသွားဧည့်သည် ဝင်ရောက်မှု၊ ဝင်ငွေရရှိမှုနှင့် ဆင်ကြီးများအပြင် အမိမဲ့ဆင်ငယ်ကလေးများပါ ပြုစုစောင့်ရှောက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဖြည့်စွက်တင်ပြသည်။

## နည်းလမ်းပေါင်းစုံဖြင့်ကြော်ငြာ

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ဆင်စခန်းများသို့ လာရောက်လေ့လာကြသည့် ခရီးသွားဧည့်သည် ဦးရေ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသည်ကိုတွေ့ရပါကြောင်း၊ ယခုထက်ပိုမိုပြီး ဆင်ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း ဆင်စခန်းများသို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန် မီဒီယာအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ကြော်ငြာရန်လိုကြောင်း၊ လူသိများလာသည်နှင့်အမျှ လူများပိုမိုဝင်ရောက်လာနိုင်ပြီး ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်းမှာကြားပြီး ဝဂ်ဘော်ဆင်စခန်းအတွင်း ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုလေ့လာနိုင်

ဝဂ်ဘော်ဆင်စခန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပဲခူးမြို့နှင့် ၁၄ မိုင် အကွာတည်ရှိပြီး စခန်းအကျယ်အဝန်းမှာ ၈၆ ဧကကျော်ရှိသည်။ ယင်းစခန်းတွင် ဆင်ကြီးများအပြင် အမိမဲ့တောဆင်ကလေးများနှင့် အမိမဲ့အိမ်ဆင်ကလေးများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ပြည်တွင်းပြည်ပဧည့်သည်များအနေဖြင့် ဆင်များအား ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စီးခြင်း၊ ဆင်စာကျွေးမွေးခြင်း၊ ဆင်များကို ရေချိုးပေးခြင်း၊ အမိမဲ့ဆင်ကလေးများအား နို့တိုက်ကျွေးခြင်းနှင့် ဆင်များ၏ သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❄ *ကျော်ဖုံးမှ*

ပိုပြီးဝင်ရောက်လာမှာ ဖြစ်ပါတယ်”ဟု ယခုခရီးစဉ်ကို တာဝန်ယူစီစဉ်သည့် Diethelm Travel မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးဝေရာဇာက ပြောသည်။

အဆိုပါအဖွဲ့၏ ကိုးရက်ကြာခရီးစဉ်အတွင်း ရန်ကုန်မြို့၏ အထင်ကရနေရာများဖြစ်သည့် ရွှေတိဂုံဘုရား၊ ဆူးလေစေတီတော်၊ ခြောက်ထပ်ကြီးဘုရား၊ ဗိုလ်တထောင်ဘုရား၊ တရုတ်တန်း၊ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ကမ်းနားလမ်းတစ်လျှောက်၊ ရန်ကုန်မြို့လယ်ရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့် ကန်တော်ကြီးတို့သို့ သွားရောက်လေ့လာလည်ပတ်ကြမည်ဖြစ်သည်။

ထို့နောက် ပုဂံမြို့ရှိ သမိုင်းဝင်စေတီပုထိုးများ၊ လက်မှုအနုပညာယွန်းထည်လုပ်ငန်းများကို လေ့လာကြည့်ရှုကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့် စလေ၊ ဟဲဟိုး၊ ညောင်ရွှေမြို့ရှိ ဖောင်တော်ဦးဘုရား၊ အင်းလေးကန်တို့သို့ သွားရောက်ကြမည်ဖြစ်သည်။ ဆက်လက်၍ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရား၊ ရွှေနန်းတော်ကျောင်း၊ မန္တလေးတောင်စသည့် ထင်ရှား



Mr. Kenan Jay TAMER



Mrs. Mayda TUNA

ကျော်ကြားသည့်နေရာများ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ၊ ဦးပိန်တံတား၊ အင်းဝနှင့် စစ်ကိုင်းမြို့တို့ရှိ အထင်ကရနေရာများကို လေ့လာလည်ပတ်ကြမည်ဖြစ်သည်။

ယခုခရီးစဉ်တွင် ပါဝင်သူ တူရကီ ဧည့်သည် Mrs. Mayda TUNA က “ဒီခရီးစဉ်က မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ နေရာဒေသတော်တော်များများက စိတ်ဝင်စားဖို့ကောင်းပါတယ်၊ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကလည်း မြန်မာနိုင်ငံကို တစ်ခေါက်ရောက်ခဲ့ဖူးပါတယ်၊ မြန်မာနိုင်ငံရဲ့ အင်းလေးဒေသကတော့ ကျွန်မအတွက် ဆွဲဆောင်မှုရှိတဲ့နေရာ၊ အကြိုက်ဆုံးနေရာတစ်ခုလည်း ဖြစ်ပါတယ်”ဟု ဆိုသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်ခန့် ရောက်ဖူးသူ Mr. Kenan Jay TAMER က ၎င်း၏ ခရီးစဉ်များအတွင်း ယခုမြန်မာနိုင်ငံခရီးစဉ်သည် ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် စိတ်လှုပ်ရှားကြောင်း၊ မြန်မာနိုင်ငံရှိ ပုဂံမြို့ကို စိတ်ဝင်စားသည့်အတွက် ယခုလို လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ **သတင်း-တာရာ၊ ဓာတ်ပုံ-လှမိုး**

---

● *ကျော်ဖုံးမှ*

လာမည်ဖြစ်ပြီး ထိုင်းလိဂ်-၁ တွင် သွားရောက်ကစားနေသည့် ကျော်ကိုကိုနှင့် အောင်သူတို့လည်း ပါဝင်လာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၅ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သော်လည်း လက်ရွေးစင်ကစားသမားအများစုပါဝင်နေသည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် မတ်လဒုတိယပတ်တွင် AFC Cup ပြိုင်ပွဲ အုပ်စုနှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မတ် ၁၅ ရက်မှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲလက်ကျန်ပွဲများအဖြစ် မတ် ၂၂ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ပြန်ကန်ပွဲ၊ မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့် အိမ်ကွင်းပွဲကစားရမည်ဖြစ်သည်။ ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ ပြန်ကန်ပွဲကို တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ ရန်ကုန်မြို့၌ ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် အာရှဖလားခြေစစ်ပွဲအောင်မြင်ရေး လက်ကျန်မျှော်လင့်ချက်အတွက် ကာဂျစ္စတန်အသင်းကို အနိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲနိုင်မှသာ မကာအိုအသင်းနှင့် နောက်ဆုံးပွဲမှာ အရေးပါလာမည်ဖြစ်သည်။

## လေ့ကျင့်မှုစတင်ပြုလုပ်မည်

နည်းပြအဖွဲ့အပြောင်းအလဲပြုလုပ်ထားသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မတ် ၅ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ကစားသမား ၃၂ ဦး ရွေးချယ်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်နေခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲကျင်းပမည့်ရက်အပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်ရက်ကို အတည်ပြုမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် **ဂိုးသမား -** ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ မေဇင်နွယ် (မြဝတီ)၊ မျိုးမြမြငြိမ်း(သစ္စာအားမန်)၊ **နောက်တန်း-** ဝေဝေအောင်၊ ခင်ပြည့်လင်း၊ အိရတနာဖြိုး (အားကစားနှင့်ကာယပညာဦးစီးဌာန)၊ ခင်သန်းဝေ(မြဝတီ)၊ အေးအေးမိုး (မြဝတီ)၊ ဇင်မာဝင်း (သစ္စာအားမာန်)၊ ဖူးပွင့်ခိုင် (သစ္စာအားမာန်)၊ ငယ်ငယ်ထွေး (သစ္စာအားမာန်)၊ နန်းဇူဇူထက် (မြဝတီ)၊ ဇွန်ယုယ(YREO)၊ ခင်မျိုးဝင်း(အား/ကာသိပ္ပံ)၊ **အလယ်တန်း-** ခင်မာလာထွန်း၊ သင်းသင်းယု၊ နန့်မေသဇင် (အားကစားနှင့်ကာယပညာဦးစီးဌာန)၊ ရူပါခိုင်၊ လှယဉ်ဝင်း၊ ခိုင်သဇင် (မြဝတီ)၊ နီလာမြင့်၊ ခင်မိုမိုထွန်း၊ သန္တာမိုး၊ နော်အားလိုဝါးဖော(သစ္စာအားမာန်)၊ သန်းသန်းထွေး (ဇွဲကပင်)၊ **ရှေ့တန်း-** နုနု၊ ရီရီဦး(အားကစားနှင့်ကာယပညာဦးစီးဌာန)၊ ဝင်းသိင်္ဂီထွန်း(မြဝတီ)၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်း (သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) ကို လွှတ်တော်က အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁) ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ယင်းစာချုပ်ကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း၊ အစိုးရသစ်တာဝန်လွှဲပြောင်းပြီးနောက် ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဉက္ကဋ္ဌ အဖြစ် ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ နှင့် ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ယခင် အစိုးရလက်ထက် ချမှတ်ခဲ့သည့် NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက် အကောင်အထည်ဖော်ဆောင်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများ ကျင်းပ ရေးတို့ကို ဆုံးဖြတ်ခဲ့ပါကြောင်း၊ ၎င်းနောက် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC) တို့ကို ဖွဲ့စည်း ခဲ့ပါကြောင်း၊ ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၄၈/၂၀၁၆ ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစိုးရ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေး ပါတီများ အစုအဖွဲ့တို့ဖြင့် အဖွဲ့ဝင် ၄၈ ဦးပါဝင် ဖွဲ့စည်းခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီက ချမှတ်ပေးသည့် အခြေခံလမ်းညွှန် ချက်များ၊ ဆွေးနွေးရမည့် ခေါင်းစဉ်များ၊ လုပ်ငန်း လမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုမှ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ သုံးကြိမ်၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ သုံးကြိမ်၊ အရပ်ဘက် လူ့အဖွဲ့အစည်းဖိုရမ် တစ်ကြိမ်တို့ကို ကျင်းပပြုလုပ်ခဲ့ပြီး ဖော်ပြပါ နိုင်ငံရေးဆွေးနွေးပွဲ များမှ ရရှိလာသည့် သဘောထားစုစည်းချက်များ ကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီက ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက် အထိ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ မူဝါဒအဆိုပြုလွှာများအဖြစ် အဆိုပြုတင်သွင်းခဲ့ ပါကြောင်း၊ အဆိုပြုတင်သွင်းသည့် မူဝါဒအဆိုပြု ချက်များအပေါ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး တွင် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေး ပွဲများ အဆင့်ဆင့် ကျင်းပပြုလုပ်ပြီး ရရှိလာသည့် အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူ စာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါကြောင်း။

အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) တွင် နိုင်ငံရေးကဏ္ဍ မူဝါဒ သဘောတူညီချက် ၁၂ ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၁၁ ချက်၊ လူမှုရေးကဏ္ဍ

> **“ ဂျပန်နိုင်ငံ (JICA) မှ နိုင်ငံအတွင်း အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အတွက် ဝင်ငွေနည်းသော၊ ဝင်ငွေအလယ်အလတ်ရှိသော အိမ်ထောင်စုများ၏ လိုအပ် ချက်များ ဖြည့်ဆည်းပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဂျပန်ယန်းငွေ ၁၅ ဘီလီယံ ချေးယူမည်ဖြစ် ”**

မူဝါဒသဘောတူညီချက် ၄ ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီ ချက် ၁၀ ချက် စုစုပေါင်း သဘောတူညီချက် ၃၇ ချက် ပါဝင်ပါကြောင်း၊ ပြည်ထောင်စု သဘောတူ စာချုပ် အစိတ်အပိုင်း (၁) ကို တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀၊ အပိုဒ်ခွဲ(င)အရ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိ သက်သေများက ၂၀၁၇ ခုနှစ် မေ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀၊ အပိုဒ်ခွဲ (စ)တွင် ပြည်ထောင်စုလွှတ်တော် သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဟု လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးမှု မူဘောင် အခန်း(၈) အပိုဒ် ၂၈ တွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်းများကို လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် တစ်ရပ်လုံးကိုလည်းကောင်း အနီးဆုံး ကျင်းပ သည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ် နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရယူရမည်ဟု လည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏လုပ်ငန်း လမ်းညွှန် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဈ)တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း များကို လည်းကောင်း၊ ပြည်ထောင်စုသဘောတူ စာချုပ်တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံး လုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရယူနိုင်ရေး ဆောင်ရွက်ရမည်ဟုလည်းကောင်း ဖော်ပြပါရှိသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံဒုတိယအစည်းအဝေး တွင် လက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည် ပြုချက်ရယူရန်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များကို ဆက်လက်အကောင် အထည်ဖော်၊ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင် ပါရန် ရှင်းလင်းတင်ပြသည်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး**

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီ နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်က ဆက်လက် ရှင်းလင်း တင်ပြရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီ နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခြင်းအား ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးပါရန် ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင်အနေဖြင့် တင်ပြမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တို ဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ယင်းစာချုပ်ကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဖွဲ့စည်းခဲ့သည့် ငြိမ်းချမ်း ရေးကော်မရှင်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့ (Delegation for Peace Negotiation-DPN) နှင့် အလွတ်သဘော ဆွေးနွေးပွဲ ကိုးကြိမ် ကျင်းပခဲ့သည့်အပြင် နိုင်ငံ တော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် United Nationalities Federal Council-UNFC ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း၊ မွန်ပြည်သစ် ပါတီ၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်းများ ရှိခဲ့သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်း အရုံး ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ ပါကြောင်း။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန(၂)တွင် ကျင်းပခဲ့ရာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့က တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပ အသိသက်သေများက လက်မှတ်ရေးထိုးခဲ့ပါ ကြောင်း။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်၍ အကျိုးသက်ရောက်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်၏ အပိုဒ် ၂၆ တွင် ဤသဘောတူစာချုပ်အား ပြည်ထောင်စု လွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်း ၍ သဘောတူညီချက်ရရှိရေးအတွက် ဆောင်ရွက် သွားရန် သဘောတူသည်ဟု ဖော်ပြပါရှိ သဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ထပ်မံ ပါဝင်လက်မှတ်ရေးထိုးခြင်းကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက် တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြီးဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲ ရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံးတို့က ပါဝင် လက်မှတ်ရေးထိုးခြင်းအား ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးပါရန် ပြောကြား သည်။

**သဘောတူအတည်ပြု**

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁) ကိစ္စနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမို ကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုး ခြင်း ကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော် ၏ သဘောထားရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဉပဒေကြမ်းနှင့် စပ်လျဉ်း၍ ဉပဒေ ကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဉပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး ကဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဉပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ဆက်လက်၍ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင် ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဉပဒေ ကြမ်း၏ ဉပဒေအကြောင်းအရာများ၊ စီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဉပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုပြု တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုတစ်ခုချင်းစီအလိုက် ပြည်သူ့ လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရာထူး ဝန်အဖွဲ့၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူ အတည်ပြုသည်။

ထို့နောက် ယင်းဉပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင် သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဉပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ သဘောတူညီချက် ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်း ထားရှိသော အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့၏ သက်တမ်း တိုးမြှင့်ခြင်းနှင့် အဖွဲ့ဝင်ပြောင်းလဲတာဝန်ပေးအပ် ခြင်းတို့ကို လွှတ်တော်သို့တင်ပြ၍ သဘောတူညီ ချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**သက်တမ်းတိုးမြှင့်ရန်**

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော် ဉပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏ သက်တမ်းတိုးမြှင့်ရန် လျာထားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘော တူညီချက်ရယူရာ သဘောမတူသူရှိသည့်အတွက် စက်ခလုတ် အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၂၉၅ မဲ၊ ကန့်ကွက်မဲ ၁၇၉ မဲနှင့် ကြားနေမဲ ခြောက်မဲ ဖြင့် ထောက်ခံမဲများသည့်အတွက် ကော်မရှင်၏ သက်တမ်းတစ်နှစ် တိုးမြှင့်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ ထားသော အာဆီယံ-ဩစတြေးလျ နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထဲ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေက လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးယူရန် ကိစ္စနှင့် စပ်လျဉ်း၍

*စာမျက်နှာ ၈ သို့*

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက် ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညို

**နေပြည်တော်  ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ၊ ရွှေကျင်သာသနာပိုင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက်၊ ပဓာနနာယက ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇ္ဇောတသည် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံသို့ ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကြွရောက်တော်မူလာရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ညွှန်ကြားရေးမှူးချုပ်ပြီး ... ကြိုဆိုကာ လွှတ်တော်အတွင်း လိုက်လံရှင်းလင်းပြသသည်။

### လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမသို့ ပင့်ဖိတ်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မသြဝါဒစကားများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညိုစဉ်။
သတင်းစဉ်

# အောင်ဓမ္မရာဇာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၈

**နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အေလာမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်း တည်ထားကိုးကွယ်သည့် ရွှေစည်းခုံပုံတူ အောင်ဓမ္မရာဇာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အေလာမြို့ ဓမ္မရက္ခိတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။**

### တရားတော်များနာယူ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ **(ဓါပုံ)**

### ပင့်ဆောင်တင်လှူပူဇော်

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော် ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ*

လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

### နှစ်မျိုးဆောက်လုပ်မည်ဖြစ်

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ဂျပန်နိုင်ငံ (JICA)မှ နိုင်ငံအတွင်း အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် ဝင်ငွေနည်းသော၊ ဝင်ငွေအလယ်အလတ်ရှိသော အိမ်ထောင်စုများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဂျပန်ယန်းငွေ ၁၅ ဘီလီယံ ချေးယူမည် ဖြစ်ပြီး ဆိုင်းငံ့ ၁၀ နှစ်၊ ပြန်ဆပ် နှစ် ၃၀ စုစုပေါင်း နှစ် ၄၀ နှစ်ရှည်ချေးငွေဖြစ်ပြီး အတိုးနှုန်း အနည်းဆုံးချေးငွေ ဖြစ်ပါကြောင်း၊ နေအိမ်များ ဆောက်လုပ်ရာတွင် တန်ဖိုးနည်းနှင့် တန်ဖိုးသင့် အိမ်ရာဟူ၍ နှစ်မျိုး ဆောက်လုပ်မည်ဖြစ်ပါကြောင်း။

### အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေး

အဆိုပါ တန်ဖိုးနည်းအိမ်ရာကို တစ်လဝင်ငွေကျပ် သုံးသိန်းရှိသူများနှင့် တန်ဖိုးသင့်အိမ်ရာများကို တစ်လငွေကျပ် ငါးသိန်း ဝင်ငွေရှိသူများကို လျှောက်ထားစေပြီး သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း၊ တစ်နေ့တခြား တိုးပွားလာသည့် လူဦးရေနှင့်အမျှ နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ပြည်သူ ပြည်သားများကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျနေရာချထားနိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကိုလည်း စနစ်တကျ ဖြည့်ဆည်းထားရှိနိုင်ရေး၊ လူ့ဂုဏ်သိက္ခာနှင့် အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့် နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားလာစေရေး စသည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ယင်းစီမံကိန်းကို ဆောင်ရွက်သည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

### အိမ်ရာကဏ္ဍတိုးတက်မှုကို မြှင့်တင်ရန်

ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က ဂျပန်ယန်းငွေ ၁၅ ဘီလီယံ ချေးယူမည့်ကိစ္စနှင့် စပ်လျဉ်း၍ ချေးငွေဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀၊ အတိုးမှာ တစ်နှစ်လျှင် ၀ ဒသမ ၈၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဝင်ငွေနည်းသော၊ ဝင်ငွေအလယ်အလတ်ရှိသော အိမ်ထောင်စုအတွက် ဖြည့်ဆည်းပေးနိုင်မှု မြှင့်တင်ရန်အတွက် အိမ်ရာကဏ္ဍ တိုးတက်မှုကိုမြှင့်တင်ရန် ဖြစ်ပါကြောင်း၊ ဝင်ငွေနည်းမိသားစုအတွက် နိုင်ငံခြားချေးငွေနှင့် ဆောက်လုပ်ပေးသည့်အတွက် ရေရှည်ကြည့်ရှုပြီး အများအကျိုးရှိမည်ဖြစ်ပါသဖြင့် ဂျပန်နိုင်ငံမှ ချေးယူမည့် ယန်း ၁၅ ဘီလီယံအား ဝင်ငွေနည်း မိသားစုများအကျိုးငှာ တင်ပြရခြင်း ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### ဆက်လက်ဆွေးနွေး

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး(ဘောဂဗေဒ)၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မဲဆန္ဒနယ်မှ ဦးနေကျော်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်းတို့က ဆက်လက် ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရိဝုဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ကြည့်မြင်တိုင်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၄၇ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းရပ်ကွက် ကြည့်မြင်တိုင် ကမ်းနားလမ်း တန်(၃၆၀)ဆန်ဖြူချော စက်ရုံဝင်းတွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ငွေလွှဲလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များထုတ်ပေးခြင်း စသည့်ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ပြင်ဦးလွင်၌ လူငယ်နှင့် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၈** ပြန်ကြားရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားကို "လူငယ်နှင့်တရားဥပဒေစိုးမိုးရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စာပေစကားဝိုင်းအဖြစ် ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်လင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်၊ စာရေးဆရာ ညိုထွန်းလူ၊ စာရေးဆရာ သက်နိုင်(ပြင်ဦးလွင်)တို့က ဆွေးနွေးပြောကြားခဲ့ပြီး စာပေစကားဝိုင်းသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။

၀၄၀

# နိုင်ငံတကာမျက်နှာစာတွင် မြန်မာလွှတ်တော်၏ ရခိုင်ပြည်နယ်အရေး ဆောင်ရွက်ချက်များ

*ထွန်းလင်း(၂၉)*

**နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်**

နိုင်ငံတကာပါလီမန်များအဖွဲ့ Inter-Parliamentary Union (IPU) ကို ၁၈၈၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ကို ဒီမိုကရေစီစနစ် ခိုင်မာစွာဖြစ်ထွန်းရေး၊ ကမ္ဘာ့ပြည်သူများ၏ ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် လည်းကောင်း၊ လူထုကိုယ်စားပြုအဖွဲ့အစည်းများအား ကျစ်လျစ်စွာ စုစည်းထားနိုင်ရေးအတွက် လည်းကောင်း ဆောင်ရွက်ရန်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ပါသည်။ ဤရည်ရွယ်ချက်နှင့်အညီ နိုင်ငံတကာ ပါလီမန်များအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ လွှတ်တော်များအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်းဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကျိုးစီးပွားဆိုင်ရာပြဿနာများ၊ ကိစ္စများကို လေ့လာသုံးသပ်ပြီး IPU ၏ ရှုမြင်ချက်များ၊ သဘောထားများကို ထုတ်ဖော်ကြေညာခြင်း၊ လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း၊ လူထုကိုယ်စားပြုအဖွဲ့အစည်းများလုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအားကောင်းသော နည်းပညာဗဟုသုတများရရှိရေးနှင့် လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများ ပိုမိုအားကောင်းဖွံ့ဖြိုးရေးတို့အတွက် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် IPU သည် ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို မျှဝေဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး ကုလသမဂ္ဂ၏ လုပ်ငန်းများကို ပံ့ပိုးကူညီလျက်ရှိပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

လက်ရှိအချိန်တွင် IPU အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၈ နိုင်ငံရှိပြီး ဒေသဆိုင်ရာပါလီမန်အဖွဲ့အစည်း ၁၂ ခု သည်လည်း တွဲဖက်အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းကို IPU ၏အမြဲတမ်းလေ့လာသူအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားပါသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ ဥက္ကဋ္ဌကို သုံးနှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ပါသည်။ နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံ (Inter-Parliamentary Union Assembly) ကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလေ့ရှိပြီး (၁၃၇) ကြိမ်မြောက် IPU ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးများကို အလှည့်ကျဥက္ကဋ္ဌဖြစ်သော Mr Saber Chowdhury ( ဘင်္ဂလားဒေ့ရှ်နိုင်ငံ )က ဦးစီးပြီး ရုရှားနိုင်ငံ အထက်လွှတ်တော် ( The Council of the Federation ) နှင့် အောက်လွှတ်တော် (State Duma) တို့က အိမ်ရှင်လွှတ်တော်များအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

**IPU အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခြင်း**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပါလီမန် (တိုင်းပြုပြည်ပြုလွှတ်တော်များ) ပေါ်ပေါက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော် ပါလီမန်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ ( Inter-Parliamentary Union – IPU ) ၌ အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့ပါသည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရဖွဲ့စည်းပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းခဲ့သဖြင့် မြန်မာပါလီမန်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU ) အဖွဲ့ဝင် နိုင်ငံအဖြစ်မှ အလိုအလျောက် နုတ်ထွက်ခဲ့ရပါသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံလွှတ်တော်များ ပြန်လည်ပေါ်ပေါက်လာခဲ့ပြီး ပြည်ထောင်စုလွှတ်တော်အနေဖြင့် IPU အဖွဲ့ဝင်အဖြစ်ပြန်လည်ဝင်ရောက်ရန် အတည်ပြုပေးခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ်တွင် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယူဂန်ဒါနိုင်ငံ ကန်ပါလာမြို့၌ ကျင်းပသော (၁၂၆) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံ(126th Inter-Parliamentary Union Assembly ) သို့ ၃၁.၃.၂၀၁၂ရက်နေ့မှ ၅.၄.၂၀၁၂ ရက်နေ့အထိ တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ၅.၄.၂၀၁၂ ရက်နေ့မှစ၍ IPU ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါသည်။

**မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ 137th IPU Assembly သို့တက်ရောက်ခြင်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပါရန် အိမ်ရှင် ရုရှားဖက်ဒရေးရှင်းကောင်စီ “ The Council of the Federation” အထက်လွှတ်တော် ဥက္ကဋ္ဌ၊ “State Duma” (အောက်လွှတ်တော်) ဥက္ကဋ္ဌနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ဥက္ကဋ္ဌတို့က ဖိတ်ကြားစာများကို ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ IPU ညီလာခံနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်အဖွဲ့များ၏ ကုန်ကျစရိတ်အဝဝကို သက်ဆိုင်ရာနိုင်ငံကသာ ကျခံရပါသည်။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ ဘဏ္ဍာငွေကို ချွေတာသောအားဖြင့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန်မရှိကြောင်း ဆုံးဖြတ်ထားသော်လည်း ၎င်းအစည်းအဝေး၌မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး နိုင်ငံအချို့မှ Emergency Item များ တင်သွင်းမည့် အခြေအနေအရ စေလွှတ်ရန်ပြင်ဆင်ဆုံးဖြတ်ခဲ့ရပါသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယကသည် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးစီးစေပြီး အဖွဲ့ဝင်အဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးအရာရှိ ဦးအယ်စိုင်းခွန်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့ပါသည်။ ထို့အပြင် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုရှိန်ကိုလည်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် ထည့်သွင်းပြီး ပါဝင်တက်ရောက်စေခဲ့ပါသည်။ မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ရရှိသည့်အချိန်တိုအတွင်း ကြိုတင်ပြင်ဆင်မှုများကို တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ရပြီး လိုအပ်သောအချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူခဲ့ပါသည်။ မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်လေဆိပ်မှ မထွက်ခွာမီ အချိန်အထိ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်သော Emergency Item များကို မော်ရိုကိုနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ကူဝိတ်နိုင်ငံငါးနိုင်ငံတို့မှ တင်သွင်းထားပြီးဖြစ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိချိန်တွင် အီရန်နိုင်ငံ၊ ဆူဒန်နိုင်ငံနှင့် တူရကီနိုင်ငံသုံးနိုင်ငံတို့မှ ထပ်မံတင်သွင်းထားကြောင်း သိရှိခဲ့ရပါသည်။

**“ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရခိုင်ကိစ္စနှင့် ပတ်သက်သော Emergency Item တင်သွင်းမှုတွင် မိမိတို့နိုင်ငံအနေဖြင့် မဲအရေအတွက်ဖြင့် ရှုံးနိမ့်မည်ကိုသိရှိသော်လည်း လတ်တလောဖြစ်ပွားနေသော ရခိုင်ပြည်နယ် အခြေအနေမှန်များနှင့် မိမိတို့နိုင်ငံအစိုးရအဖွဲ့၏ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေမှန်များကို ကမ္ဘာတစ်ဝန်းရှိ ပါလီမန်များသိရှိစေရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများအား ရှင်းလင်းဖော်ပြနိုင်မည့် Emergency Item တစ်ခုကို တင်သွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်”**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒေသစံတော်ချိန် ၁၉:၃၀ နာရီတွင် စိန့်ပီတာစဘတ်မြို့ Tavrichesky Palace၊ Convention and Exhibition Centre ၌ ကျင်းပသော (၁၃၇) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၊ ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ ဥက္ကဋ္ဌတို့က တက်ရောက်၍ အဖွင့်မိန့်ခွန်းများ ပြောကြားခဲ့ပါသည်။ အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၁၆၁ နိုင်ငံမှ ကိုယ်စားလှယ်ဦးရေ ၂၄၀၀ တက်ရောက်ခဲ့ပြီး IPU ၏ ၁၂၈ နှစ်တာ သက်တမ်းကာလအတွင်း ကိုယ်စားလှယ်ဦးရေ အများဆုံး တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ထို့နောက်ရက်များတွင် 137th IPU Assembly ကိုဆက်လက်ကျင်းပခဲ့ရာ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် Tavrichesky Palace၊ Dumsky Hall ၌ ကျင်းပပြုလုပ်သည့် အုပ်ချုပ်မှုကောင်စီအစည်းအဝေး (Meeting of Governing Council) သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် IPU ဥက္ကဋ္ဌ ရွေးချယ်ခြင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်း၊ Democracy Movement ၊ The Global Parliamentary Report ၂၀၁၇ အစီရင်ခံစာ၊ IPU အဖွဲ့ဝင်အဖြစ်လက်ခံခြင်းကိစ္စ၊ IPU အဖွဲ့၏ ဘဏ္ဍာရေးအခြေအနေနှင့် IPU ဘတ်ဂျက် (၂၀၁၈ ခုနှစ်) ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် 137th IPU Assembly ၏ Theme ဖြစ်သော **“ကိုးကွယ်ရာဘာသာပေါင်းစုံနှင့် လူမျိုးနွယ်စုပေါင်းစုံတို့အကြားတွင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ယဉ်ကျေးမှုဓလေ့ဆိုင်ရာ အများယှဉ်တွဲနေထိုင်ရေးဝါဒနှင့် ငြိမ်းချမ်းမှုတို့ကို မြှင့်တင်တည်ဆောက်ရေး”** ကို ဆွေးနွေးခဲ့ကြပါသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပျက်ခဲ့သော အခြေအနေအမှန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ လူသားချင်းစာနာမှု ကူညီထောက်ပံ့ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့တို့ စနစ်တကျ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း IPU Assembly တွင် ရှင်းလင်းတင်ပြနိုင်ရေးအတွက် Counter Emergency Item တစ်ခုတင်လိုကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ဆက်သွယ်တင်ပြခွင့်ပြုချက် ရယူခဲ့ပါသည်။ ထို့နောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သံအမတ်ကြီး ဦးကိုကိုရှိန်တို့နှင့် အစည်းအဝေးခေါ်ယူပြီး ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြီးလျှင်ပြီးချင်း နိုင်ငံတော်အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့တို့နှင့် ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လူမျိုး၊ ဘာသာ မခွဲခြားဘဲ ကူညီထောက်ပံ့ပေးနေမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်ပြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို နိုင်ငံတကာ ပါလီမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ သိရှိနိုင်စေရန်အတွက် Counter Emergency Item တစ်ခုကို တင်သွင်းရန် ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့် မိမိတို့နိုင်ငံမှ ဆောင်ရွက်ထားရှိမှုအနေအထားများအား ရှင်းလင်းဖော်ပြနိုင်မည့် အဆိုမူကြမ်းတစ်ခုနှင့် ရှင်းလင်းချက် ( Conceptual Note ) တို့အား မြန်မာကိုယ်စားလှယ်အဖွဲ့မှ Emergency Item တစ်ခုအဖြစ် အထွေထွေညီလာခံသို့ တင်ပြနိုင်ခဲ့ပါသည်။

၁၇.၁၀.၂၀၁၇ ရက်နေ့တွင် ကျင်းပသော IPU မျက်နှာစုံညီအစည်းအဝေးတွင် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ Emergency Item များတင်သွင်းထားသော နိုင်ငံရှစ်နိုင်ငံ၏ အဆိုများအား ပူးပေါင်း၍ “Ending the grave human crisis, persecution and violent attacks on the Rohingyas as the threat to the international peace and security and ensuring their unconditional and safe return to their homeland in Myanmar.” ခေါင်းစဉ်ဖြင့် အစားထိုးတင်ပြခဲ့ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့မှ တင်ပြခဲ့သည့် “Humanitarian Situation in Rakhine State”၊ ဂျပန်နှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲတင်ပြခဲ့သည့် “ Threat to peace and international security arising from nuclear tests conducted by The Democratic People’s Republic of Korea(DPRK) ” တို့ကို ဆွေးနွေးပြီး Item တစ်ခုတည်းကိုသာ အတည်ပြုဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ကမြန်မာကိုယ်စားလှယ်အဖွဲ့မှ တင်သွင်းခဲ့သည့် Emergency Item နှင့် ပတ်သက်သော ရှင်းလင်းဖော်ပြချက် မိန့်ခွန်းတစ်ရပ်အား အဆိုပါ မျက်နှာစုံညီအစည်းအဝေးတွင် ပြောကြားခွင့်ရရှိခဲ့ပါသည်။ အဆိုပါ မူကြမ်း(၃) ခုအား မဲခွဲဆုံးဖြတ်ရာတွင် Emergency Item “ Ending the Grave human crisis, persecution and violent attacks on the Rohingyas as the threat to the international peace and security and ensuring their unconditional and safe return to their homeland in Myanmar” သည် ထောက်ခံမဲသုံးပုံနှစ်ပုံဖြင့် မဲအများဆုံးရရှိပြီး Emergency Item အဖြစ် ထည့်သွင်းဆုံးဖြတ်ချက်ချရန် အတည်ပြုခဲ့ကြပါသည်။ ၎င်းအဆိုမူကြမ်းအား ၁၈.၁၀.၂၀၁၇ ရက်နေ့တွင် မဲမခွဲဘဲ အတည်ပြု ဆုံးဖြတ်ခဲ့ ကြပါသည်။IPU ၏ မူဝါဒကျင့်ထုံးမှာ Emergency Item တစ်ခုသာ တင်သွင်းရ သော မူကျင့်ထုံး ရှိပါသည်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် နိုင်ငံပေါင်းရှစ်နိုင်ငံ မှ တင်သွင်းခဲ့သည့် Emergency Item မှာ မြေပြင်၌ဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် ကိုက်ညီမှုမရှိ၍ အဆိုပါဆုံးဖြတ်ချက်အား မိမိတို့နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုမရှိကြောင်း တုံ့ပြန်ချေပချက်များဖြင့် ပြန်လည်ကန့်ကွက်ခဲ့ပါသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရခိုင်ကိစ္စနှင့် ပတ်သက်သော Emergency Item တင်သွင်းမှုတွင် မိမိတို့နိုင်ငံအနေဖြင့် မဲအရေအတွက်ဖြင့် ရှုံးနိမ့်မည်ကို သိရှိသော်လည်း လတ်တလော ဖြစ်ပွားနေသော ရခိုင်ပြည်နယ် အခြေအနေမှန်များနှင့် မိမိတို့နိုင်ငံအစိုးရအဖွဲ့၏ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေမှန်များကို ကမ္ဘာတစ်ဝန်းရှိပါလီမန်များသိရှိစေရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများအား ရှင်းလင်းဖော်ပြနိုင်မည့် Emergency Item တစ်ခုကို တင်သွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တရုတ်ကိုယ်စားလှယ်အဖွဲ့မှ အရေးကြီးအဆိုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်၌ လက်ရှိဖြစ်ပွားလျက်ရှိသော အခြေအနေများသည် ရှုပ်ထွေးမှုရှိပြီး တရုတ်နိုင်ငံအနေဖြင့် စိုးရိမ်မိပါကြောင်း၊ အဆိုပါပြဿနာများဖြေရှင်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးပါမှုနှင့် စိုးရိမ်ပူပန်မှုများကို နားလည်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံလက်ရှိ ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် အတိုင်း ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ အရေးကြီးအဆို၏ အသုံးဝင်မှုကို တရုတ်နိုင်ငံအနေဖြင့် သံသယဖြစ်မိပါကြောင်း ပါဝင်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက General Debate ၌ မူဝါဒမိန့်ခွန်းတစ်ရပ်အား ပြောကြားခဲ့ပါသည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသော 38th AIPA ညီလာခံနှင့် ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသော 137th IPU ညီလာခံများတွင် အဖွဲ့ဝင်နိုင်ငံအနေဖြင့် တက်ရောက်ခဲ့ပါသည်။ အဆိုပါညီလာခံများတွင် မိမိတို့နိုင်ငံ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော အရေးကိစ္စများနှင့်ပတ်သက်၍ AIPA ညီလာခံတွင် အင်ဒိုနီးရှားနိုင်ငံကလည်းကောင်း၊ 137th IPU ညီလာခံတွင် နိုင်ငံပေါင်းရှစ်နိုင်ငံကလည်းကောင်း အဆိုများ တင်သွင်းဆွေးနွေးခဲ့ကြပါသည်။ ၎င်းညီလာခံနှစ်ရပ်လုံးမှာပင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်သော ကမ္ဘာ့နိုင်ငံများ၏ လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိသော သတင်းအချက်အလက်များအပေါ်အခြေခံပြီး တစ်ဖက်သတ်ဆန်သော ဖိအားပေးမှုများကို မိမိတို့မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရဲရဲရင့်ရင့်ပြတ်ပြတ်သားသား တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုလျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ၂/ ၂၀၁၈ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ၂/ ၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိမည်**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ အကြံပြုထားချက်များကို ကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရေရှည်ပဋိပက္ခကင်းဝေးပြီး အကျပ်အတည်းမျိုးစုံကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရသော လုပ်ငန်းများသည် အလွန်အရေးကြီးပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါကြောင်း၊ ဖွံ့ဖြိုးမှုဆိုင်ရာ အကျပ်အတည်း၊ လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာအကျပ်အတည်း၊ တရားမျှတမှုဆိုင်ရာ အကျပ်အတည်းများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများ ခံစားခဲ့ရကြောင်း၊ အဆိုပါ အကျပ်အတည်းများကို ဖြေရှင်းခြင်းဖြင့် ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိမည်ဟု ယုံကြည်ကြောင်း။

**နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်**

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနောက်ကျသော ပြည်နယ်တစ်ခုဖြစ်ခဲ့ရသည့်အတွက် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးသည် အစိုးရအဖွဲ့သစ်၏ မူဝါဒဖြစ်သကဲ့သို့ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း တစ်ပါတည်း ဦးစားပေး ဆောင်ရွက်နေကြောင်း၊ လူတိုင်း လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ် (National Verification Process) ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် မြန်မြန်ဆန်ဆန် အကျိုးရှိမည်ဖြစ်ကြောင်း၊ ဘေးဒုက္ခခံစားရသူများကို အစိုးရမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ချက်များကို ပြည်သူသိအောင် ဖြန့်ဝေပေးဖို့ လိုအပ်ပါကြောင်း၊ သွားလာမှုကန့်သတ်ချက်အဆင့်များ လျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး လိုအပ်သော လုံခြုံရေးကိစ္စများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ကြောင်း ၊ အရေးကြီးဆုံးအချက်မှာ NV card ကိုင်ဆောင်ထားရန် လိုအပ်ကြောင်း ၊ လူသားချင်းစာနာမှု အထောက်အပံ့များ လုံလောက်စွာရရှိအောင် ဆက်လက်ဆောင်ရွက် ထောက်ပံ့နေကြောင်း။

**နိုင်ငံနယ်နိမိတ်လုံခြုံရေး**

UEHRD စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့ဖြင့်လည်း စာရင်းများ ကောက်ယူထောက်ပံ့မှုကို လေးကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ငါးကြိမ်မြောက် သွားရောက်ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ်မှုနှင့် ပြန်လည်ဆန်းစစ်မှုများ လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း ၊ လုံခြုံရေးအကျပ်အတည်းနှင့် စပ်လျဉ်း၍ နိုင်ငံနယ်နိမိတ်လုံခြုံရေးအတွက် အဓိကလုပ်ဆောင်နေပါကြောင်း၊ နယ်စပ်ခြံစည်းရိုး ကာရံမှုများ လုပ်ဆောင်လျက်ရှိရာ အတော်အသင့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား သေချာစွာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း ၊ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပြည်နယ်တစ်ခုလုံး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ ပြည်သူသို့ လေးလတစ်ကြိမ် အစီရင်ခံစာကို ပထမအကြိမ်အစီရင်ခံတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ လိုအပ်သည်များကို အကြံဉာဏ်ပေးကြပါရန်နှင့် အစီရင်ခံစာအတွက် အချက်အလက်များပေးပို့သော ဝန်ကြီးဌာနအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒုတိယအကြိမ် ထုတ်ပြန်မည့် ပြည်သူသို့ အစီရင်ခံစာအတွက် ထပ်မံကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီတွဲဖက်အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ယခင်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ လိုအပ်ချက်များကို အသီးသီးဆွေးနွေးခဲ့ကြပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများကဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျိုးသုဉ်းလုနီးပါးတောရိုင်းတိရစ္ဆာန်များအား မြန်မာနိုင်ငံမှ ကာကွယ်စောင့်ရှောက်ခြင်းများတွင် ဥရောပသမဂ္ဂ ပူးပေါင်းပါဝင်ရန် ကြိုးပမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မတ်လ ၃ ရက်နေ့တွင် ကျရောက် မည့် ကမ္ဘာ့တောရိုင်း တိရစ္ဆာန်များနေ့ တွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် တောရိုင်း တိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်မှု အပါအဝင် မြန်မာနိုင်ငံ၏ အလွန်တန်ဖိုးရှိသော သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းနေမှုများကြောင့် မြန်မာအစိုးရအား ဂုဏ်ပြုကြောင်း ဥရောပသမဂ္ဂမှ သတင်းထုတ်ပြန်ထားသည်။

**ဆိုးရွားသည့် သက်ရောက်မှုများ**

တောရိုင်းတိရစ္ဆာန် ပစ္စည်းများ တရားမဝင်ကုန်ကူးခြင်းသည် ကမ္ဘာတစ်ဝန်းလုံးတွင် လုပ်ဆောင်နေသော အမြတ်အစွန်းများစွာရသည့် ရာဇဝတ်မှုများမှ တစ်ခုဖြစ်လာနေသည်။ ထို့သို့ တရားမဝင်ကုန်ကူးခြင်းကြောင့် ဇီဝမျိုးကွဲများအပေါ် ဆိုးရွားသည့် သက်ရောက်မှုများရှိနေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မှုနှင့် ဆင်းရဲမွဲတေမှုများအား တိုက်ဖျက်ရန် ကြိုးပမ်းမှုတွင်လည်း အပျက်သဘောဆောင်သည့် သက်ရောက်မှုများ ရှိသည့်အပြင် အကျင့်ပျက်ခြစားမှုများပါ ဆက်နွှယ်လာနိုင်သည့်အတွက် တရားဥပဒေစိုးမိုးမှုအပေါ်တွင်ပါ သက်ရောက်မှုများ ရှိလာနိုင်ကြောင်း ဥရောပသမဂ္ဂက သုံးသပ်ထားသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသည် မတ် ၁ ရက်တွင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ (World Wildlife day) ကျင်းပမည်ဖြစ်ပြီး ဥရောပနိုင်ငံများတွင် လူတစ်ဦးသည် ဆင်စွယ်များ၊ သင်းခွေချပ် အကြေးခွံ စသည့်တောရိုင်းတိရစ္ဆာန်ပစ္စည်းများကို ရောင်းဝယ်ပါက အကျဉ်းချခံရမည်ဖြစ်ကြောင်း သိရသည်။

အာရှနိုင်ငံများတွင်လည်း တောရိုင်းတိရစ္ဆာန်ဈေးကွက်တွင် အင်အားကြီးသည့် တရုတ်နှင့် ဟောင်ကောင်တို့တွင် နိုင်ငံတွင်းသို့ ဆင်စွယ်အပါအဝင် အခြားတောရိုင်းတိရစ္ဆာန်များ တင်သွင်းခြင်းကို တားမြစ်လိုက်ပြီဖြစ်သည်။



**H.E. Mr. Peter Lysholt Hansen (ဒိန်းမတ် သံအမတ်ကြီး)**

မြန်မာနိုင်ငံတွင်မူ တောတောင်များအတွင်း ကျားများ၊ ဆင်များနှင့် အခြားတောရိုင်းတိရစ္ဆာန်မျိုးစိတ် ၂၀၀ ကျော် ကျန်ရှိနေသေးပြီး တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ရောင်းဝယ်ခြင်းကို မပိတ်ပင်ပါက ကျန်နိုင်ငံများက လိုအပ်သည့် ဝယ်လိုအားကို ဖြည့်ဆည်းပေးနေသည့် ဈေးကွက်တစ်ခုဖြစ်မည်ကို စိုးရိမ်မိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian SCHMIDT က ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးနေအိမ် သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားသည်။

"ကျွန်တော်တို့ ဥရောပနိုင်ငံကသူတွေအနေနဲ့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ပြီးတော့ မြန်မာနိုင်ငံမှာ ဘယ်လောက် ဆန်းကြယ်တဲ့ သဘာဝသယံဇာတတွေ၊ တောရိုင်းတိရစ္ဆာန်တွေကို ထိန်းသိမ်းထားတယ်ဆိုတာကို သိရှိနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ဖိတ်ခေါ်ပေးလို့ ရပါတယ်၊ ဒါပေမယ့် တစ်ဖက်ကနေလည်း ကျွန်တော်တို့ ဥရောပနိုင်ငံသားတွေအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ပြီး နောက်ဆုံးကျန်နေတဲ့ ဆင်တွေရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို လာရောက်ဝယ်ယူတာမျိုး အဖြစ်မခံနိုင်ပါဘူး"ဟု Mr. Kristian SCHMIDT က သတင်းထောက်များကို ပြောကြားခဲ့သည်။

**တရားမဝင်ကုန်ကူးမှု**

တောရိုင်းတိရစ္ဆာန် ပစ္စည်းများ တရားမဝင်ကုန်ကူးမှု ပပျောက်အောင် လုပ်ဆောင်ရန် အားလုံးတွင် တာဝန်ရှိပြီး အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဥရောပသမဂ္ဂနှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၆ ခုနှစ်မှ စတင်ကာ ပိုမိုထိရောက်သော ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်း၊ ရှင်းလင်းသည့် ဥပဒေဆိုင်ရာ အခြေခံအုတ်မြစ်များ တည်ဆောက်ပေးခြင်း စသည်တို့မှတစ်ဆင့် တရားမဝင် ကုန်ကူးမှုများကို တိုက်ဖျက်ရန် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံအစိုးရအနေနဲ့ တောရိုင်းတိရစ္ဆာန် တရားမဝင်တိုက်ဖျက်ရေးအတွက် လုပ်ဆောင်ဖို့ အများကြီးရှိသေးတယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်၊ အစိုးရအနေနဲ့လည်း ဈေးကွက်တွေ ပိတ်သိမ်းတာ၊ ကင်းလှည့်ထိန်းသိမ်းရေး ဝန်ထမ်းတွေကို သင်တန်းပေးတာမျိုးတွေ လုပ်နေတာ တွေ့ရတဲ့အတွက်လည်း အားရကျေနပ်ပါတယ်၊ ရှေ့ဆက်ပြီးတော့ လုပ်သွားရမယ့် လမ်းစဉ်တွေအတွက်လည်း အားပေးထောက်ခံပါတယ်၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှောင်ခိုကူးတဲ့ လုပ်ငန်းဆိုတာ အင်မတန် အကျိုးအမြတ်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ကိုင်တွယ်ရတာ ခက်ခဲပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen က သတင်းစာရှင်းလင်းပွဲအတွင်း သတင်းထောက်များကို ဖြေကြားထားသည်။



**H.E.Mr. Kristian SCHMIDT (ဥရောပသမဂ္ဂ သံအမတ်ကြီး)**

**စည်းမျဉ်းများအားလုံးလိုက်နာ**

ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံကို ကူညီပံ့ပိုးပေးရန် အချက် ခြောက်ချက်အား စဉ်းစားထားပြီး ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများအား နိုင်ငံတကာ ကုန်သွယ်မှုကို တားမြစ်ထားသည့် ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံကို နောင်နှစ်များတွင် ကျင်းပမည့် တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်ရေးအခမ်းအနားမတိုင်မီ နိုင်ငံအနေဖြင့် လိုက်နာရမည့် စည်းမျဉ်းများ အားလုံးကို လိုက်နာသွားနိုင်၍ ဒေသအတွင်း စံပြုလောက်သည့် နိုင်ငံဖြစ်လာစေရန် အီးယူမှ ကူညီသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

"လက်ရှိ တောရိုင်းတိရစ္ဆာန်တွေ တရားမဝင် ရောင်းဝယ်နေတာမျိုးနဲ့ ပတ်သက်လို့ ဥပဒေစိုးမိုးရေးလုပ်နေတဲ့ သစ်တောရဲ့နဲ့ ကင်းလှည့်ထိန်းသိမ်းရေးဝန်ထမ်းတွေကို ဒီထက်ပိုပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ သင်တန်းပေးတာမျိုးတွေ လုပ်တဲ့နေရာမှာ အကူအညီပေးချင်ပါတယ်၊ သစ်တောရဲတွေနဲ့ ကင်းလှည့်ထိန်းသိမ်းရေး ဝန်ထမ်းတွေကသာ မြေပြင်မှာဖြစ်ပျက်နေတာကို လက်တွေ့စောင့်ကြည့်ကြပ်မတ်ရမှာ ဖြစ်တာကြောင့်ပဲ ဖြစ်ပါတယ်၊ တတိယအချက်ကတော့ သစ်တောတွေကို ထိန်းသိမ်းဖို့ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံက လွတ်လပ်ရေးရပြီးခါစမှာ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်း သစ်တောဖုံးလွှမ်းတဲ့ ဧရိယာရှိခဲ့ရာက အခုဆိုရင် ၄၀ ရာခိုင်နှုန်းကျော်ပဲ ကျန်တော့ပါတယ်၊ မြန်မာနိုင်ငံထက် ဆိုးတာဆိုရင် ဘရာဇီးနဲ့ အင်ဒိုနီးရှားပဲ ရှိတော့တာပါ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းက စည်းကမ်းမဲ့ ထုတ်လုပ်လို့ မရပါဘူး၊ စနစ်တကျထုတ်လုပ်တဲ့ သစ်ထုတ်လုပ်ရေး လုပ်ငန်းဖြစ်ဖို့ လိုပါတယ်" ဟု သံအမတ်ကြီးက ပြောသည်။

**အီးယူမှ ကူညီသွားမည်**

ယင်းကိစ္စကို ဖြေရှင်းရန်အတွက် သစ်တင်ပို့သည့်အပိုင်းတွင် ဥရောပသမဂ္ဂသည် ကမ္ဘာပေါ်တွင် တစ်ခုတည်းသော ဈေးကွက်အနေဖြင့် စနစ်တကျထုတ်လုပ်သည့် သစ်များအား ရွေးချယ်ကာ တင်ပို့သည့် ဈေးကွက်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း ယင်းသို့ စနစ်တကျ ထုတ်လုပ်နိုင်ရန် ကူညီသွားမည်ဖြစ်ပြီး သဘာဝနယ်မြေ ကြိုးဝိုင်းများနှင့် အနီးအနားရှိ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဖွံ့ဖြိုးရေးများကို အီးယူမှ ပေးအပ်ကူညီသွားမည် ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အင်မတန် အရေးကြီးတဲ့ ဆင်သားရေခွာယူတဲ့ ဈေးကွက်ကကြီးမားနေတာကို တွေ့ရပါတယ်၊ ဒါဟာ ဆင်မျိုးစိတ်ကို တောတွေထဲကနေ အမြန်ဆုံး ပျောက်သွားအောင် ရှင်းထုတ်နိုင်လောက်တဲ့ အနေအထားဖြစ်တဲ့အတွက် စိုးရိမ်ရပါတယ်၊ စိုးရိမ်စရာအကောင်းဆုံး အခြေအနေကတော့ ပဲခူးရိုးမနဲ့ ရောဝတီတိုင်းထဲက အဖြစ်အပျက်တွေပဲ ဖြစ်ပါတယ်၊ ဒါတွေကို အချိန်မီ မဖြေရှင်းနိုင်ဘူးဆိုရင် အချိန်တိုအတွင်းမှာ ဒီဒေသကဆင်တွေ မျိုးသုဉ်းသွားနိုင်ပါတယ်၊ မြန်မာနိုင်ငံမှာ အရေးတကြီး ဖြေရှင်းရမယ့် တောရိုင်းတိရစ္ဆာန် အရောင်းအဝယ်ဈေးကွက်ကြီးတွေ ရှိနေပါတယ်၊ ဥပမာ-ရန်ကုန်မှာဆိုရင် ရွှေတိဂုံစေတီ စောင်းတန်းက ဆိုင်ခန်းတွေ၊ ဗိုလ်ချုပ်ဈေးလိုနေရာမျိုးတွေ၊ မန္တလေး၊ ကျိုက်ထီးရိုးနဲ့ နယ်စပ်ဒေသလို နေရာမျိုးတွေမှာ တောရိုင်းတိရစ္ဆာန် ခန္ဓာကိုယ်အစိတ်ပိုင်းကထွက်တဲ့ ပစ္စည်းတွေ အကြီးအကျယ်ရောင်းဝယ်နေကြတာ တွေ့ရပါတယ်၊ ဈေးကွက်တွေကို အမြန်ဆုံးပိတ်သိမ်းသွားဖို့ လိုအပ်နေပါပြီ၊ ပထမခြေလှမ်းအနေနဲ့ ရန်ကုန်မြို့ကို လာမယ့်သင်္ကြန်မတိုင်ခင်မှာ တောရိုင်းတိရစ္ဆာန် ရောင်းဝယ်မှုကင်းစင်တဲ့ မြို့တော်တစ်ခုဖြစ်လာအောင် ကြိုးပမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးတဲ့အရာကို မြန်မာနိုင်ငံအနေနဲ့ ဒီကိစ္စကို အလေးထားတယ်ဆိုတာကို ဖော်ပြတဲ့အကြောင်းအရာပဲဖြစ်ပါတယ်၊ အဲဒီတော့ ကျွန်တော်တို့အနေနဲ့လည်း နည်းမျိုးစုံနဲ့ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်ရေးတိုက်ဖျက်ဖို့ ကြိုးပမ်းတဲ့နေရာမှာ ပိုပြီးတော့ ပူးပေါင်းပါဝင်သွားဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen က သတင်းထောက်များအား ပြောပြသည်။

အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် ကံကောင်းနေသေးပြီး ကမ္ဘာပေါ်တွင် ရှားပါးတောရိုင်းတိရစ္ဆာန်များဖြစ်သည့် *စာမျက်နှာ ၁၁ သို့*

# သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးသို့ ဘုရားဖူးလာရောက်လည်ပတ်သူ များပြား

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ထင်ရှားကျော်ကြားသည့် သဘာဝထုံးကျောက်လိုဏ်ဂူများအနက်မှ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးမှာ နေ့စဉ် ပြည်တွင်းပြည်ပ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး အားလပ်ရက်များတွင် ဘုရားဖူးလာရောက်လည်ပတ်သူ ပိုမိုများပြားကြောင်း သိရသည်။

အဆိုပါဂူတော်ကြီးမှာ ဘားအံမြို့မှ ၁၂ ကီလိုမီတာခန့် အကွာတွင်ရှိပြီး ကော့ဂွန်းထုံးကျောက်တောင်မှ မြေပြင်အထက် ၁၀ ပေခန့်အမြင့်တွင် တည်ရှိသော သဘာဝထုံးကျောက်လိုဏ်ဂူတစ်ခုဖြစ်ကာ များပြားလှစွာသော ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်းကမ္ပည်းစာနှင့် ရှေးလက်ရာ ရုပ်လုံးရုပ်တုများကြောင့် မြန်မာ့သမိုင်းတွင် တန်ဖိုးကြီးမားသော ထင်ရှားကျော်ကြားသည့် ရှေးဟောင်းလိုဏ်ဂူတစ်ခု ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့မှ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ မမိုးမိုးခိုင်က "အစ်မတို့အနေနဲ့ ပထမဆုံးရောက်ဖူးတာပါ၊ အဖွဲ့လိုက် လူဦးရေ ၄၀ လောက် ကားသုံးစီးနဲ့ လာရောက်လည်ပတ် ဘုရားဖူးတာပါ၊ ကရင်ပြည်နယ်က သာသနိကအဆောက်အအုံတွေနဲ့ စေတီပုထိုးတွေက ကြီးကျယ်ခမ်းနားပါတယ်၊ အစ်မတို့အရပ်ဒေသမှာ ပုဂံဒေသကလွဲပြီး ဒီလို ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံနဲ့ စေတီပုထိုးတွေက ရှားတယ်လေ၊ ကော့ဂွန်းဂူကတော့ အံ့သြစရာကောင်းအောင် ခမ်းနားပါတယ်၊ ဒီလိုကြီးကျယ်ခမ်းနားလှပတဲ့နေရာကို မြန်မာပြည်က အမျိုးအဆွေတွေ အားလုံးကို လာရောက်ဖူးမြော်ကြည်ညိုကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။



ဂူတော်ကြီးသို့ လာရောက်လေ့လာ ဖူးမြော်သည့် ရန်ကုန် ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သူနာပြုအုပ် နော်ဖဲထူးက "အားလပ်ရက်မှာ စိတ်အပန်းဖြေခရီးစဉ်အဖြစ် ကားသုံးစီးငှားပြီးတော့ ဘုရားဖူးလာခဲ့တာပါ၊ ဆရာဝန်တွေ၊ ဝန်ထမ်းတွေ၊ သူနာပြုတွေ၊ ပညာရှင်တွေ အားလုံး လူဦးရေ ၁၀၀ ကျော်ပါတယ်၊ ကရင်ပြည်နယ်မှာ ဆဒ္ဒန်ဂူ၊ ချစ်သူမြိုင်ဥယျာဉ်၊ ရသေ့ပျံဂူနဲ့ အခု ကော့ဂွန်းဂူပေါ့နော်၊ အပြန်မှာ ဘုရင့်ညီနောင်ဂူနဲ့ ရေပူစမ်းမှာ ရေချိုးကြပါမယ်" ဟု ပြောသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှ လာရောက်လည်ပတ်သူ Ms. Sylvie France က "မြန်မာနိုင်ငံကို ၁၄ ရက်ခရီးစဉ် လာရောက်လည်ပတ်တာ ဖြစ်ပါတယ်၊ အားလုံးပေါင်း ကိုးဦးပါ၊ ဒီကော့ဂွန်းဂူတော်ကြီးကတော့ ရှေးဟောင်းလက်မှုပညာတွေနဲ့ မြင်ဖူးသမျှထဲမှာ အလှဆုံးဂူပါပဲ၊ အလွန်ပဲ အံ့သြမိပါတယ်၊ အစက မန္တလေး၊ အင်းလေး၊ ပုဂံအထိပဲ လည်ပတ်ဖို့ အစီအစဉ်ပါပေမယ့် ဒီလိုသာယာလှပတဲ့ နေရာဒေသမျိုး ကရင်ပြည်နယ်ဘက်ကိုသာ လာရောက်လည်ပတ်ဖို့ မသိဘဲ မရွေးချယ်မိခဲ့၊ မလာရောက်မိခဲ့ဘူးဆိုရင် နောင်တရမိနေမှာပါ" ဟု ပြောသည်။

နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုများအနေဖြင့် ခရီးသွားအေးဂျင့်များသည် ကရင်ပြည်နယ်သို့ လာရောက်လည်ပတ်ရန် ရန်ကုန်မှတစ်ဆင့် လေယာဉ်ခရီးစဉ် မရှိခြင်း၊ လမ်းခရီးအနေဖြင့် မော်တော်ကားဖြင့် ခုနစ်နာရီခန့် မောင်းနှင်ရခြင်းတို့ကြောင့် မလာဖြစ်သည်က များကြောင်း၊ နိုင်ငံခြားသားအချို့သာ ကရင်ပြည်နယ်သို့ လာရောက်လည်ပတ်ရန် ရွေးချယ်ကြပြီး အများအားဖြင့် ရန်ကုန်မှတစ်ဆင့် သွားလာရလွယ်ကူသည့် မန္တလေး၊ ပုဂံစသည့် လေယာဉ်ခရီးစဉ်ရှိသည့် ဒေသများကိုသာ ရွေးချယ် ကြသည့်အတွက် ကရင်ပြည်နယ်အနေဖြင့် နိုင်ငံခြားသားများ ဝင်ထွက် သွားလာရလွယ်ကူစေမည့် အဆင့်မီလေယာဉ်ကွင်း တစ်ကွင်း လိုအပ်ကြောင်း Ms.Sylvie France နှင့် အဖွဲ့အား ခရီးသွားအေးဂျင့်အဖြစ် လိုက်ပါဆောင်ရွက်သူက ပြောသည်။

သမိုင်းတန်ဖိုးကြီးမားသော ကော့ဂွန်းဂူတော်ကြီးသို့ နေ့စဉ် ပြည်တွင်း ပြည်ပ ဘုရားဖူးခရီးသည်များ ဝင်ထွက်သွားလာလျက်ရှိရာ နေ့စဉ်ခန့်မှန်းလူဦးရေ ၁၅၀၀ ခန့် လာရောက်လည်ပတ် ဘုရားဖူးကြပြီး စနေ၊ တနင်္ဂနွေနှင့် အားလပ်ရက်များတွင် လာရောက်လည်ပတ်သူ ပိုမိုများပြား စည်ကားကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**တပေါင်းလပြည့်နေ့၊ တောင်သူလယ်သမားနေ့နှင့် စနေ၊ တနင်္ဂနွေနေ့များသည် အစိုးရရုံးပိတ်ရက်ကာလများဖြစ်ရာ မိသားစုအလိုက် အပန်းဖြေခရီးသွားသူများ များပြားခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်က ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရစဉ်။** ဟန်စိန်(မ/ဥက္ကလာ)

# တပေါင်းပွဲတော်ပါဝင်သည့် ရုံးပိတ်ရက်ရှည်ကြောင့် မြို့တော်ရန်ကုန် လမ်းမကြီးများတစ်လျှောက် ခရီးသွားသူများဖြင့် စည်ကားနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

တပေါင်းပွဲတော်နှင့် တောင်သူလယ်သမားနေ့များအပါအဝင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ရှည် လေးရက်ရသောကြောင့် အပန်းဖြေခရီးထွက်သူများ၊ ဒေသန္တရ ဗဟုသုတရှာမှီးရန် ခရီးထွက်သူများ၊ အမိအဖထံနှင့် မိသားစုနေရပ်ပြန်သူများက ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းတွင် ခရီးသွားကားကြီးများဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြလျက်ရှိသည်။

ယနေ့ ညနေပိုင်းမှစ၍ ရန်ကုန် အင်းစိန်လမ်းတစ်လျှောက်နှင့် ပြည်လမ်းတို့တွင် ခရီးသွားကားကြီးများသည် မူလသွားလာမှုထက် ယာဉ်အစီးရေ ပိုမိုများပြားစွာ သွားလာလျက်ရှိသည်ကို တွေ့ရသည်။ ရန်ကုန်-အင်းစိန်လမ်းမ တစ်လျှောက် စုရပ်များဖြစ်သော မြေနီကုန်း မဟာမြိုင်ဆေးရုံအနီးတွင် လည်းကောင်း၊ လှည်းတန်း ချောစု ဓာတ်ပုံတိုက်ရှေ့တွင် လည်းကောင်း၊ သမိုင်းလမ်းဆုံအနီးရှိ စုရပ်နေရာများတွင် လည်းကောင်း ခရီးသွားပြည်သူများကို အုပ်စုလိုက်၊ အဖွဲ့လိုက်များဖြင့် တွေ့မြင်ရသည်။ ခရီးသွားလာကြသူများအနက် ဝန်ထမ်းများမှာ အများစုဖြစ်ပြီး လအကုန် လစာထုတ်ရက် ဖြစ်သဖြင့် ငွေဖောဖောသီသီဖြင့် ခရီးသွားရသည့်အတွက် ပျော်ရွှင်ကြကြောင်းခရီးသွားမည့် ဝန်ထမ်းများက ပြောသည်။

ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သူ မိသားစု ခုနစ်ဦးနှင့်အတူ ရုံးပိတ်ရက်ရှည် ခရီးထွက်မည့် ကိုကျော်စိုးလှိုင်က " ကျွန်တော်တို့သွားမှာက အင်းတော်ကြီး၊ မြစ်ကြီးနား ခရီးစဉ်ပါ၊ လေးညအိပ် ငါးရက် ခရီးပါ၊ ဝန်ထမ်းတွေဆိုတော့ ပိတ်ရက်ရှည်ရှည်လေးကို ရွေးရတာပေါ့၊ မြစ်ကြီးနားကျတော့ နည်းနည်းရက်ကြာတော့ ရိုးရိုးပိတ်ရက်က အဆင်မပြေဘူး၊ အခုက လေးရက်ဆက်တိုက်ပိတ်တဲ့အခါကျတော့ အဆင်ပြေတော့ ဒီရက်ကလေး ရွေးပြီး သွားဖြစ်တာပါ" ဟု ပြောသည်။

ဟံသာဝတီပိပ်မွန်အိမ်ရာမှ ညီအစ်မများနှင့် ရွှေစက်တော်ဘုရားဖူး ခရီးသွားမည့် ဒေါ်တင်တင်လှတို့က "အစ်မတို့က ရွှေစက်တော်ရယ် ပုဂံ၊ ညောင်ဦး၊ ပုပ္ပား ပခုက္ကူခရီးစဉ်ပေါ့နော်၊ ခရီးက ငါးရက်ခရီးပါ၊ မိသားစု ခြောက်ဦး ပါပါတယ်၊ ရွှေစက်တော်ကတော့ ရောက်ဖူးပါတယ်၊ ဒါပေမယ့် ထပ်ပြီး သွားချင်သေးတယ်၊ ပုဂံကိုလည်း သိပ်သဘောကျတယ်၊ သမီးလေးက မရောက်ဖူးဘူးဆိုလို့ သူ့ကို လိုက်ပို့ချင်လို့ တစ်ခေါက်ထပ်သွားတာပါ၊ ပုဂံကတော့ တတိယအကြိမ်ပေါ့၊ သမီးလေးက ခုနစ်တန်း ဖြေထားတယ်လေ၊ သူစာမေးပွဲပြီးလို့ လိုက်ပို့တာလည်း ပါတာပေါ့၊ ကျန်တာကတော့ ညီအစ်မတွေပါပဲ" ဟု ခရီးသွားဖြစ်ပုံ အကြောင်းကို ပြောသည်။

ထားဝယ် ရှင်ကိုးရှင်ခရီးကို ရွေးချယ်သွားရောက်မည့် ဦးလှဌေးက "ကျွန်တော်တို့က နှစ်ယောက်တည်းပါ၊ တစ်နှစ် တစ်ခါတော့ ဘုရားဖူးထွက်ဖြစ်တယ်လေ၊ ဒီနှစ်တော့ ထားဝယ်ဘက် သွားချင်တာနဲ့ ဒီခရီးစဉ်လေးကို ရွေးဖြစ်သွားတာပါ၊ မနှစ်ကတော့ မော်တင်စွန်းဘက်သွားဖြစ်တယ်လေ၊ ရှမ်းပြည်ဘက်လည်း ရောက်ခဲ့ပြီးပါပြီ" ဟု ပြောသည်။

ဌာနတူ ဝန်ထမ်းသူငယ်ချင်းများစုပေါင်းကာ အပန်းဖြေခရီးသွားကြမည့် ဒေါ်လှလှသန်း၊ ဒေါ်မြင့်မြင့်စိန်တို့က "အန်တီတို့က တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်၊ ကယားပြည်နယ်ဘက်ကို သွားမှာပါ၊ ခရီးက လေးညအိပ် ငါးရက် ခရီးပါ၊ အားလုံးက ရုံးကအဖွဲ့တွေချည်းပဲ၊ ရုံးပိတ်ရက်ရှည်ရလို့ ထွက်ကြတာလေ၊ မနှစ်ကတော့ ထားဝယ် ရှင်ကိုးရှင် သွားတယ်၊ ဒီနှစ်ကျတော့ အစ်မတစ်ယောက်က တောင်ကြီးမရောက်သေးဘူး၊ အင်းလေးလည်း မရောက်ဖူးဘူးဆိုတော့ အဲဒီအစ်မသွားချင်တာနဲ့ ကျွန်မတို့လည်း အကုန်သွားဖြစ်သွားတာ၊ တနင်္လာနေ့မနက် ပြန်ရောက်ပြီး ရုံးတက်မှာလေ၊ ကားကတော့ ရွှေလမ်းခရီးနဲ့ အားလုံးအပြီးအစီး တစ်သိန်း၊ စက်လှေစရိတ်ကော ကားတစ်ဆင့်ငှားတာတွေကော တည်းခိုခန်းခကော အားလုံးအပြီးအစီးပဲလေ" ဟု မြန်မာ့အလင်း၏ အမေးကို သူငယ်ချင်း ငါးယောက်က တစ်ယောက်တစ်ခွန်း ဝိုင်းဝန်းစုပေါင်း ဖြေကြားပေးခဲ့ကြသည်။

ကျောင်းစစ်စာမေးပွဲများ ပြီးဆုံးသွားသော်လည်း တက္ကသိုလ်ဝင်တန်းကဲ့သို့ အရေးကြီးသော စာမေးပွဲကြီးများ ရှိနေသည့်အတွက် ကလေးငယ်များ ပါဝင်သွားလာခြင်းကို သိပ်မတွေ့ရသေးသော်လည်း တက္ကသိုလ်ကျောင်းသားကျောင်းသူအရွယ်များကိုမူ အဖွဲ့လိုက် ပျော်ပျော်ပါးပါး ခရီးထွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ယခု ခရီးသွားရက်အတွင်း မြန်မာနိုင်ငံအထက်ပိုင်းရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများရှိရာ ဒေသများ၊ တောင်ကြီး၊ အင်းလေးကဲ့သို့ အေးသောရာသီရှိသည့် ဒေသများ၊ ငွေဆောင် ချောင်းသာကဲ့သို့ ပင်လယ်ကမ်းစပ် ဒေသများ၊ မြန်မာနိုင်ငံအောက်ပိုင်း ခရီးစဉ်များကို ရန်ကုန်မြို့နေ ပြည်သူများ အများဆုံး ရွေးချယ် သွားရောက်လေ့ရှိကြောင်း သိရသည်။



**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၁ -၃-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၀ - အဂ္ဂမဟာဇောတိကဓဇ၊ သာသနာ့ဓဇ ဓမ္မာစရိယ **" ဘဒ္ဒန္တသြဘာသ"** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အောင်မင်္ဂလာကျောင်း (ဆားမှော်) မိုးကောင်းမြို့ ကချင်ပြည်နယ်ထံမှ နဝင်္ဂဥပေါသထ သီလခံယူ ဆောက်တည်ခြင်း
- ၉း၂၅ - **၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ** (ရူပဗေဒဘာသာရပ် )
- ၁၂း၃၀ - စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဓမ္မပူဇာသဘင်(တရားပွဲ) **ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

**ညပိုင်း**

- ၁၇း၀၅ - **ရှမ်းပြည်နယ်တောင်ပိုင်း ခရီးသွားမြှင့်တင်ရေး** (အပိုင်း-၁)
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း** (အပိုင်း-၂၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - ခါန္တေဆန်းစ တပေါင်းလ
- America's Got Talent (21)
- နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၁၃)

*စာမျက်နှာ ၁၀ မှ*

ဆင်နှင့် ကျားတို့အပါအဝင် မျိုးစိတ်များစွာ ကျန်ရှိနေသေးသည်။

သို့သော် အဆိုပါ ကြွယ်ဝမှုများမှာ တရားမဝင်ဈေးကွက် မတိုက်ဖျက်နိုင်ပါက ကြာကြာခံနိုင်မည်မဟုတ်ဘဲ အလျင်အမြန် မျိုးသုဉ်းသွားနိုင်ခြင်းကြောင့် မြန်မာအစိုးရ၊ ဥရောပသမဂ္ဂအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအဖြေရှာကြရန် လိုအပ်ကြောင်း သိရသည်။ **သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-ဖေဇော်**

# ဘားအံအကျဉ်းထောင်အတွင်း အခကြေးငွေဖြင့် စိတ်ကြွရူးသွပ်ဆေးပြား သွင်းပေးသော ဝန်ထမ်းအပါအဝင် ဆက်စပ်ကျူးလွန်သူများကို အမှုဖွင့်အရေးယူထား

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံအကျဉ်းထောင်တွင် ဖေဖော်ဝါရီ ၂၈ ရက်က အကျဉ်းထောင်ဝန်ထမ်းတစ်ဦးကို မူးယစ်ဆေးဝါးအမှုဖြင့် ပြစ်ဒဏ်ကျခံနေသူသုံးဦးက အခကြေးငွေပေးမည်ဟု စည်းရုံးပြောဆိုမှုကြောင့် ထောင်အတွင်းသို့ မူးယစ်ဆေးဝါးပို့ဆောင်ပေးခဲ့သည့် အကျဉ်းထောင်ဝန်ထမ်းတစ်ဦးနှင့် ဆက်စပ်ပါဝင်သူလေးဦးတို့ကို အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲက ဘားအံအကျဉ်းထောင် ဒုကြီးကြပ်ရေးမှူး စိုင်းခမ်းမောင်က ဖုန်းဖြင့်အကြောင်းကြား၍ စက်မှုဇုန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးကျော်ညွန့်၊ ဘားအံခရိုင်မှုခင်းနှိမ်နင်းရေး ရဲအုပ်သက်စိုးဦး၊ ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးကျော်နှင့်အဖွဲ့တို့က သက်သေများနှင့်အတူ သွားရောက်ခဲ့ရာ အကျဉ်းဆောင်ခန်းမအတွင်း မျှော်စင် ၃ တာဝန်ကျ၊ အကျဉ်းထောင်ဝန်ထမ်း ဒုတပ်ကြပ် စောဝင်းစိုး ပစ်ထည့်ထားသော အထုပ်ကို စစ်ဆေးခဲ့ရာ ဖက်ရွက်ဖြင့် ထုပ်ထားပြီး အနက်ရောင် တိပ်ဖြင့်ပတ်ထားသော အထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၈ ပြားကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဘားအံအကျဉ်းထောင်ဝန်ထမ်းကို ဘားအံအကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးအမှုဖြင့် ပြစ်ဒဏ်ကျခံနေသည့် ဇင်ဘိုဘိုထူး (ခ)ဇင်ဘို(၃၁ နှစ်)၊ ခင်ထွေး (၄၀ နှစ်)၊ စောလုံ(၄၅ နှစ်)တို့သုံးဦးက ဘားအံမြို့ အမှတ်-၅ ရပ်ကွက် ဓမ္မဝါသီ ၁ လမ်းနေ မြင့်သူရ(ခ) အပလောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြားများကို သွားရောက်သယ်ဆောင်ပြီး ထောင်အတွင်းသို့ ထည့်သွင်းပေးရန်နှင့် ၎င်းတို့လက်အတွင်းသို့ ဆေးပြားများ ရောက်ရှိပါက ငွေကျပ် ငါးသိန်းပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးသဖြင့် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီခန့်က ဘားအံမြို့မဲဘောင်မီးပွိုင့်အနီးတွင် မြင့်သူရ(ခ)အပလောင်နှင့် ချိန်းဆိုပြီး သယ်ဆောင်ခဲ့သည့် ဆေးပြားများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပူးပေါင်းအဖွဲ့က မြင့်သူရ(ခ)အပလောင် နေအိမ်ကို သွားရောက်ရှာဖွေရာ နေအိမ်တံခါးများပိတ်၍ ရှောင်တိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းထောင်ဝန်ထမ်း ဒုတပ်ကြပ် စောဝင်းစိုး**(ယာပုံ)**၊ ဇင်ဘိုဘိုထူး(ခ)ဇင်ဘို၊ ခင်ထွေး၊ စောလုံ၊ မြင့်သူရ(ခ)အပလောင်တို့ ငါးဦးကို စက်မှုဇုန်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# အင်းတော်မြို့နယ်အတွင်းမှ ကျောက်စိမ်းအရိုင်းတုံး ၄၇၅ ပိဿာဖမ်းမိ

**အင်းတော် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ နဘားလမ်းဆုံနေရာမှ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး ၄၇၅ ပိဿာကို သယ်ဆောင်လာသူနှစ်ဦးနှင့်အတူ ဖမ်းမိခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက် ည ၁၁ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု-၆ ကသာမှရဲအုပ်ကျော်စိုးလင်း ဦးဆောင်သော မူးယစ်ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်းပေါ် နဘားလမ်းဆုံတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် မိုးညှင်းမြို့ဘက်မှ ကျော်မြင့်လွင်(ခ)အာကာလွင်ဆိုသူ မောင်းနှင်ပြီး ထွန်းဇော်ဦး(ခ)မောင်ထွန်းလိုက်ပါလာသော 2H /----- ယာဉ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ဘိန်းစိမ်း ၅ ဂရမ်နှင့် ယာဉ်၏ကြမ်းခင်းအတွင်း အံဝှက်များပြုလုပ်၍ သယ်ဆောင်လာသော တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ၉၂ တုံး (အလေးချိန် ၄၇၅ ပိဿာ)ကို ရှာဖွေစစ်ဆေး တွေ့ရှိရသဖြင့် ကျော်မြင့်လွင်(ခ) အာကာလွင် ဆင်ဘိုကုန်းကျေးရွာ မိုးညှင်းမြို့နယ်နေသူနှင့် ထွန်းဇော်ဦး(ခ)မောင်ထွန်းတို့ကို အင်းတော်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

ကျော်မြင့်လွင်(ခ) အာကာလွင်နှင့် ထွန်းဇော်ဦး(ခ) မောင်ထွန်းတို့ကို သက်သေခံပစ္စည်းနှင့်အတူ တွေ့ရစဉ်။



# ဖမ်းဆီးခံထားရသော ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးရုံးထုတ်၊ သက်သေနှစ်ဦးစစ်ဆေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခ) ဝလုံးနှင့် ကျော်စိုးဦး(ခ) မိုးအောင်တို့ နှစ်ဦးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ပြီး အမှုနှင့်ပတ်သက်သော တရားလိုပြသက်သေနှစ်ဦး ထပ်မံစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

**ထပ်မံချိန်းဆို**

ယနေ့ရုံးထုတ်စစ်ဆေးဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ဒုတိယခရိုင်တရားသူကြီး-၂ သတင်းနှင့် ပြန်ကြားရေးအရာရှိ ဦးအုန်းခိုင်က "ဒီကနေ့မှာ တရားလိုပြသက်သေနှစ်ဦးကို စစ်ဆေးပါတယ်၊ အဲဒီနှစ်ဦးအနက် တစ်ဦးက ရှာဖွေရာတွင် ပါဝင်တဲ့ ကုန်းတလပေါင်ကျေးရွာ ရာအိမ်မှူး ဦးကျော်ရှိန်၊ နောက်တစ်ဦးက စားသောက်ဆိုင်ပိုင်ရှင် ဒေါ်ဌေးဌေးမြင့်ပါ၊ အခင်းဖြစ်တဲ့နေ့က တွေ့မြင်သိရှိတာနဲ့ ပတ်သက်ပြီး ဖြေကြားသွားတာပါပဲ၊ ရုံးချိန်းကို မတ် ၇ ရက် ထပ်မံချိန်းဆိုထားပါတယ်၊ လိုပြသက်သေ နှစ်ဦးခေါ်နိုင်အောင် ဆောင်ရွက်ပေးဖို့လည်း ဥပဒေအရာရှိကို မှာကြားလိုက်တာရှိပါတယ်"ဟု ပြောကြားသည်။

**စစ်ဆေးမှုပြုလုပ်**

အဆိုပါအမှုကို မြောက်ပိုင်းခရိုင် တရားရုံးက မတ် ၇ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ စစ်ဆေးရန် ကျန်ရှိနေသော တရားလိုပြသက်သေများ အနက်မှ နှစ်ဦးကို ဆက်လက်စစ်ဆေးသွားရန် စီစဉ်ထားသည်။ တရားစွဲဆိုတင်ပို့သည့် နေ့ရက်အပါအဝင် ရုံးချိန်းပေါင်း ခုနစ်ချိန်းတွင် တင်သွင်းထားသော သက်သေများအနက် ရှစ်ဦးအထိ စစ်ဆေးမှု ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း မြောက်ပိုင်း ခရိုင်တရားရုံးမှ ထပ်မံသိရှိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# တရားမဝင်ခိုးဝင်လာသူလေးဦးနှင့် ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသူနှစ်ဦးတို့ကို ပြစ်ဒဏ်ချမှတ်

**ဖလမ်း ဖေဖော်ဝါရီ ၂၈**

တရားမဝင်ခိုးဝင်လာသူလေးဦးနှင့် ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသူနှစ်ဦးတို့ကို ဖလမ်းမြို့နယ်တရားရုံးက အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း နေထိုင်ကြသော နုရ်အီစ္စလာမ် (၁၉ နှစ်)၊ နူရ်ဝါရာ(၂၁ နှစ်)၊ ရော်မီနာ(၂၀ နှစ်)၊ ရှောင်ရှိတာ(၁၉ နှစ်)တို့ လေးဦးသည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ဝင်ရောက်လာကာ ရိခေါဒါရ်မြို့ အမှတ်-၂ ရပ်ကွက် တံတားရှောင်ကွင်းလမ်းမှ ကလေးမြို့သို့သွားရန် ဇဗျက်လျန်နာ(၂၂ နှစ်)၊ ဟရင်ဇကပ် (၁၇ နှစ်)တို့၏ ဆိုင်ကယ်များကို ၎င်းတို့က ငှားရမ်းပြီး ကလေးမြို့သို့အသွား တီးတိန်မြို့နယ် မွာလ်ဘဲမ်းကျေးရွာနှင့် လေးသော့ကျေးရွာကြားတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ယခုနှစ် ဇန်နဝါရီ ၃၁ ရက်က ဖမ်းဆီးရမိခဲ့သည်။

အဆိုပါတရားမဝင် ဝင်ရောက်လာသူများနှင့် တင်ဆောင်လာသူနှစ်ဦးတို့ကို လဝက အက်ဥပဒေ ၁၃(၁)အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်စီကို လည်းကောင်း၊ တင်ဆောင်လာသူနှစ်ဦးတို့ကို လဝက အက်ဥပဒေ ၁၃(၅)အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်စီကို လည်းကောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖလမ်းမြို့နယ်တရားရုံးက ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ**

# ရွှေကူမြို့နယ်တွင် ရွှေပေါ်ကျွန်းဘုရားပွဲမှ အပြန်လမ်းခရီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ လူ ၃၁ ဦး ဒဏ်ရာရရှိ

**ဗန်းမော် ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ရွှေပေါ်ကျွန်း(ကျွန်းတော်)ဘုရားပွဲသို့ ဘုရားဖူးလာသည့်ယာဉ်တစ်စီး အပြန်လမ်းခရီး၌ တိမ်းမှောက်မှုဖြစ်ပွား၍ လူ ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရွှေကူမြို့နယ်ရှိ ရွှေပေါ်ကျွန်း (ကျွန်းတော်) ဘုရားမှ ဘုရားဖူးပြီး ပြန်လာသောယာဉ်အား ရွှေကူမြို့နယ် ကျောက်စကွဲတောင်အနီးတွင် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီခန့်က ယာဉ်မောင်း ဝင်းပိုင်(၄၀နှစ်) ကသာမြို့နယ်နေသူ မောင်းနှင်လာသောယာဉ်သည် အတက်၌ အရှိန်လျှော့ပြီး မောင်းနှင်စဉ် နောက်ပြန်လိမ့်၍ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၃၃ ဦးအနက် ၃၁ ဦး ဒဏ်ရာများ ရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်တို့က ဒေသခံပြည်သူများနှင့်အတူ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ပြီး လူမှုကူညီရေးမော်တော်ယာဉ် လေးစီးဖြင့် ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မန္တလေးသွားမည့် ခရီးသည်တင်ယာဉ်ပေါ်မှ အထောက်အထားမဲ့ လက်ကိုင်ဖုန်းများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၅ စီး၊ သွင်းကုန် ၈၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅ ဒသမ ၉၂၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၂၅ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၃၄၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က မူဆယ်နှင့် မန္တလေးမြို့ များသို့ သွားရောက်မည့်ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်မော်တော်ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Huawei Y3 2017 Hand Set ၁၅၇၅ လုံး၊ Mi Note 5A Hand Set ၇၃၅ လုံး၊ Huawei Enjoy 7 Hand Set အလုံး ၃၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆ ဒသမ ၆၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများအား ဖြည့်တင်းခန့်ထားနိုင်ရေးစီစဉ်ဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတွင် (လစာနှုန်း ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀)ပညာရှင်အဆင့်(၄)ရာထူးများဖြစ်သည့်အလယ်တန်းကျောင်းအုပ်၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဦးစီးအရာရှိနှင့် လက်ထောက်အင်ဂျင်နီယာ ရာထူးများသည် အောက်ပါဇယားတွင်ဖော်ပြထားသည့်အတိုင်း လစ်လပ်လျက်ရှိပါသည်-

| စဉ် | လစ်လပ်ရာထူးအမည် | လစ်လပ်နေရာ |
|---|---|---|
| ၁ | အလယ်တန်းကျောင်းအုပ် | ၁၆၈၂ |
| ၂ | ဒုတိယမြို့နယ်ပညာရေးမှူး | ၅၅ |
| ၃ | ဦးစီးအရာရှိ(ပညာရှင်) | ၆၇၃ |
| ၄ | ဦးစီးအရာရှိ(ကာယ) | ၂၄ |
| ၅ | ဦးစီးအရာရှိ(ရုံး) | ၃၁၇ |
| ၆ | ဦးစီးအရာရှိ(ကွန်ပျူတာ) | ၆၅ |
| ၇ | လက်ထောက်အင်ဂျင်နီယာ | ၁၁ |
| | စုစုပေါင်း | ၂၈၃၇ |

အဆိုပါလစ်လပ်နေသော ရာထူးနေရာများ ဖြည့်တင်းနိုင်ရန်အတွက် ၂၇-၁- ၂၀၁၈ရက်တွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ပညာရှင် အဆင့်(၃)အမှုထမ်းများအား ရေးဖြေနှုတ်ဖြေစာမေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ဖြေဆိုသူ (၆၇၆၅)ဦးရှိပြီး အောင်မြင်သူ(၆၂၉၄)ဦးရှိခဲ့ပါသည်။ စာမေးပွဲဖြေဆို အောင်မြင်သူများစာရင်းကို ပညာရေးဝန်ကြီးဌာန website;http://www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| စဉ် | လစ်လပ်ရာထူးအမည် | ဖြေဆိုသူဦးရေ | အောင်မြင်သူဦးရေ |
|---|---|---|---|
| ၁ | အလယ်တန်းကျောင်းအုပ် | ၆၀၃၁ | ၅၅၉၄ |
| ၂ | ဒုတိယမြို့နယ်ပညာရေးမှူး | ၃၅၃ | ၃၃၈ |
| ၃ | ဦးစီးအရာရှိ(ပညာရှင်) | ၂၈၂ | ၂၇၄ |
| ၄ | ဦးစီးအရာရှိ(ကာယ) | ၈၇ | ၇၇ |
| ၅ | ဦးစီးအရာရှိ(ရုံး) | ၈ | ၇ |
| ၆ | ဦးစီးအရာရှိ(ကွန်ပျူတာ) | ၃ | ၃ |
| ၇ | လက်ထောက်အင်ဂျင်နီယာ | ၁ | ၁ |
| | **စုစုပေါင်း** | **၆၇၆၅** | **၆၂၉၄** |

အဆိုပါစာမေးပွဲတွင် ဖြေဆိုအောင်မြင်သူများအား လုပ်သက်ရမှတ်နှင့် စာမေးပွဲ ရမှတ်များကိုပေါင်း၍ တန်းစီဇယားပြုလုပ်ပြီး အခြေခံပညာဦးစီးဌာနရှိ လစ်လပ်ရာထူးနေရာများတွင် ခန့်ထားနိုင်ရန်စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

# အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘွဲ့တံဆိပ်တော်ရ ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိချုပ်ဖြစ်သော မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၏ ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲတွင် မန္တလေးမြို့ ၊ ဘုရားနီဘုရားငါးဆူဓမ္မာရုံ ဓမ္မပါရမီရှင်မိသားစုများမှ အကြံမျိုးများနှင့် မန္တလေးအမျိုးသမီးယောဂီ (၃)ထပ်ဆောင် ဒုတိယထပ်အတွက် ဆရာတော်၏ ဂုဏာဝိသိဋ္ဌပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ဆက်ကပ်စိုက်ထူလှူဒါန်းမှုအစုစုကို ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များမှ ဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် ဖော်ပြပါသည်။

## ၁။ ဆွမ်းအလှူရှင်

ဦးမိုးလွင်-ဒေါ်သင်းသင်းနိုင်(သား)မောင်အောင်ကို၊ မောင်ရဲမြင့်

"သင်းသင်းမွှေး"ရှူးရှဲလက်ဖက်၊ မွှေးမွှေး ငါးပိထောင်းနှင့် ကုန်မျိုးစုံရောင်းဝယ်ရေး မိသားစု

## ၂။ အချိုပွဲအလှူရှင်

ဦးဝေလင်း-ဒေါ်ခင်စန်းရီ"တော့(ပ်)ချိုက်"ကဖေး မိသားစု

## ၃။ အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ |
|---|---|---|
| ၁။ | ဒေါ်ယု၊ ဒေါ်နုနုရီ | ၅၀၀၀၀ဝိ/- |
| ၂။ | ဦးဂျာရစ်-ဒေါ်သင်း၊ (သား)မောင်မျိုးထက်ပိုင်၊ မောင်နေအောင်ဝင်း-မလွင်လွင်ထူးအောင်၊ မောင်အောင်ကောင်းမြတ် (B.B.B Cafe City စားသောက်ဆိုင် မိသားစု) | ၃၀၀၀၀၀ဝိ/- |
| ၃။ | ဖခင် ဦးရဲမြင့်အား ရည်စူး၍ မိခင် ဒေါ်စပယ် အမှူးထားပြီး (သား)ဦးမြတ်စိုး-ဒေါ်မိုးမိုးအေး Golden Star Fishမိသားစု | ၁၈၄၅၀၀ဝိ/- |
| ၄။ | ဦးကိုလေး-ဒေါ်လှမြိုင်၊ (သား)မောင်သဲမောင်ဆွေ၊ မောင်ဝင်းမောင်ရွှေ၊ (သမီး)မသဲမြမြဆွေ မိသားစု | ၁၁၀၀၀၀ဝိ/- |
| ၅။ | ဦးစိုး-ဒေါ်စိုး၊ (သမီး)မစန်းရည်စိုး၊ မကေသရီစိုးပြည့် မိသားစု | ၁၀၀၀၀၀ဝိ/- |
| ၆။ | ဖခင်ကြီး ဦးတင်အေးအားရည်စူး၍ မိခင်ဒေါ်ခင်ဥအား အမှူးထားပြီး (သား)ဗိုလ်မှူးချုပ် အောင်မျိုးအေး-ဒေါ်သန်းငွေး၊ ဦးလင်းကျော်အေး၊ ဦးသက်နိုင်အေး-ဒေါ်ခင်ဆွေ မိသားစု ရန်ကုန် | ၇၀၀၀၀ဝိ/- |
| ၇။ | နှစ်ဖက်မိဘများရည်စူးအမှူးထား၍ ဦးသိန်းဝင်း-ဒေါ်ခင်ခင်အေး မိသားစု | ၆၀၀၀၀ဝိ/- |
| ၈။ | ဦးတိုးလှိုင်-ဒေါ်အေးမြင့်ကြည်(ညီမ)ဒေါ်အုံးအုံးကြွယ် မိသားစု | ၅၀၀၀၀ဝိ/- |
| ၉။ | ဦးကျော်တင့်-ဒေါ်နန်းခမ်းနွမ်း မိသားစု"မန်းရောင်းဝယ်ရေး" ရန်ကုန်မြို့ | ၅၀၀၀၀ဝိ/- |
| ၁၀။ | ဗိုလ်မှူးတင့်ဆွေ(ငြိမ်း)-ဒေါက်တာ ဒေါ်အေးအေးရွှေ သားဖွားနှင့်မီးယပ် မိသားစု | ၅၀၀၀၀ဝိ/- |
| ၁၁။ | ဦးသက်တိုး-ဒေါ်လေးလေးမြင့် မိသားစု မုံရွာမြို့ | ၄၀၀၀၀ဝိ/- |
| ၁၂။ | ဦးသိန်းညွန့်-ဒေါ်မြင့်မြင့်ဦး မိသားစု ရွှေကူမြို့ | ၃၀၀၀၀ဝိ/- |
| ၁၃။ | ဦးသိန်းလွင်-ဒေါ်စိန်စိန် (သမီး)ဒေါက်တာအေးအေးလွင် သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်ကြီး မန္တလေးမြို့ | ၃၀၀၀၀ဝိ/- |
| ၁၄။ | ဦးသန်းဇော်စိုး-ဒေါ်အေးမွန်စန်း(သမီး)ဒေါ်အေးမြတ်ဆွေ မိသားစု | ၃၀၀၀၀ဝိ/- |
| ၁၅။ | ဦးစံရွှေမြင့်-ဒေါ်ရီရီမြင့် မိသားစု | ၃၀၀၀၀ဝိ/- |
| ၁၆။ | ဒေါ်စိုးစိုး-ဒေါ်နုနုရှိန် | ၂၅၀၀၀ဝိ/- |
| ၁၇။ | ဦးနိုးနိုးသိဏ်း-ဒေါ်ရီရီမြင့် မိသားစု | ၂၀၀၀၀ဝိ/- |
| ၁၈။ | ဦးစိုင်းလုံ-ဒေါ်နှင်းနှင်းအေး"နှစ်သုံးလေးအောင်ရွှေဆိုင်" မိသားစု၊ ကျိုင်းတုံမြို့ | ၂၀၀၀၀ဝိ/- |
| ၁၉။ | ဦးခင်မောင်ထွေး-ဒေါ်နန်းလီခမ်း"မန်းရောင်းဝယ်ရေး"မိသားစု | ၂၀၀၀၀ဝိ/- |
| ၂၀။ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးသိန်း မိသားစု | ၁၅၀၀၀ဝိ/- |
| ၂၁။ | ဗိုလ်မှူးချုပ် အောင်မြိုင်-ဒေါ်မေဦးကျော် မိသားစု နေပြည်တော် | ၁၅၀၀၀ဝိ/- |
| ၂၂။ | ဒေါက်တာ ဦးမြသိန်း-ဒေါက်တာ ဒေါ်ခင်စောခိုင်မိသားစု ရွှေဘိုမြို့ | ၁၅၀၀၀ဝိ/- |
| ၂၃။ | ဦးအောင်သင်း-ဒေါ်ထွန်း မိသားစု ရန်ကုန်မြို့ | ၁၀၀၀၀ဝိ/- |
| ၂၄။ | ဦးဝင်းညွန့်ဦး-ဒေါ်ဖြူဖွေး မိသားစု | ၁၀၀၀၀ဝိ/- |
| ၂၅။ | ဦးဇောအောင်-ဒေါ်စန်းအောင် မိသားစု | ၁၀၀၀၀၀ဝိ/- |
| ၂၆။ | ဒေါက်တာ သိင်္ဂီအောင်(ခွဲစိပ်အထူးကု)ကျောက်ဆည်ဆေးရုံကြီး | ၁၀၀၀၀ဝိ/- |
| ၂၇။ | ဗိုလ်ကြီးလာနောင်-ဒေါ်ယဉ်အေး မိသားစု | ၁၀၀၀၀ဝိ/- |
| ၂၈။ | ဗမက နိုင်မြင့်ဇော်-ဒေါ်ထားထားအောင်(သား)မောင်သန့်အာကာ မိသားစု နေပြည်တော် | ၁၀၀၀၀ဝိ/- |
| ၂၉။ | ဦးမြတ်မင်းချွန်-ဒေါ်ထူးထူးအောင် အင်ပါယာ ကဖေး မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၀။ | ဦးစိန်ငွေး-ဒေါ်သက်လှ(သမီး)မခင်နွဲ့ရီ(မြင့်သဇင်)အထည်ဆိုင် မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၁။ | ဦးရှမ်း-ဒေါ်သန်းသန်းဝင်း မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၂။ | ဦးကိုကိုကြီး-ဒေါ်လွင်လွင် မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၃။ | ဦးသန်းအောင်စိုး-ဒေါ်မြသက်ခိုင် မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၄။ | ဦးကျော်သန်း-ဒေါ်ခိုင်ဝေဝေသိန်း မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၅။ | ဦးမောင်မောင်တင့်-ဒေါ်ဆွေဆွေချစ် မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၆။ | ဦးနေမိုး-ဒေါ်ကြူကြူမြင့် မိသားစု ကျောက်ဆည်မြို့ | ၁၀၀၀၀ဝိ/- |
| ၃၇။ | ဦးစန်းမြင့်-ဒေါ်ရီရီနွဲ့ မိသားစု မြစ်ငယ်မြို့ | ၁၀၀၀၀ဝိ/- |
| ၃၈။ | ဦးဟန်လင်းအောင်-ဒေါ်နှင်းဖြူအောင်(သား)မောင်ရှင်းသန့်လင်း မိသားစု | ၁၀၀၀၀ဝိ/- |
| ၃၉။ | ဦးခင်မောင်မြင့်-ဒေါ်ခင်အုန်းမြင့် မိသားစု | ၁၀၀၀၀၀ဝိ/- |
| ၄၀။ | ဦးအောင်နိုင်မြင့်-ဒေါ်ချောစုစုစိုး(ကညန)မိသားစု လားရှိုးမြို့ | ၁၀၀၀၀ဝိ/- |
| ၄၁။ | ဦးမျိုးရီ-ဒေါ်စံပါယ် Zone ခရီးသွားလာရေး | ၁၀၀၀၀ဝိ/- |
| ၄၂။ | ဒေါ်မြင့်မြင့် U.S.A | ၁၀၀၀၀ဝိ/- |
| ၄၃။ | (ဒု)ဗိုလ်မှူးကြီး စောမြင့်ဦး-ဒေါ်နိုင်လွင်ဦး(သား)မောင်ထက်ဦးဝေယံ မိသားစု ပြင်ဦးလွင် | ၁၀၀၀၀ဝိ/- |
| ၄၄။ | ဦးလှမြင့်-ဒေါ်စိုတ္တိုက် အင်ပါယာ ကဖေး မိသားစု | ၇၀၀၀ဝိ/- |
| ၄၅။ | ဦးတိုးလှိုင်-ဒေါ်ခင်သန့်စင် မိသားစု | ၆၀၀၀ဝိ/- |
| ၄၆။ | ဒေါ်စန္ဒာ မိသားစု | ၅၀၀၀ဝိ/- |
| ၄၇။ | Mr. Robert William Jeffers-ဒေါ်နန်းရှန်ခမ်း မိသားစု England | ၅၀၀၀ဝိ/- |
| ၄၈။ | ဒေါ်ဥမ္မာလှ မိသားစု | ၅၀၀၀ဝိ/- |
| ၄၉။ | ဒေါ်ညွန့်ညွန့်ဝင်း(သမီး)ဒေါ်အေးအေးမြတ်၊ (သား)ဦးမျိုးကျော်သူ မိသားစု | ၅၀၀၀ဝိ/- |
| ၅၀။ | ဒေါ်ခင်မာ၊ ဒေါ်တင်တင်အေး | ၅၀၀၀ဝိ/- |
| ၅၁။ | ဦးငယ်တူး-ဒေါ်ငွေးငွေးမာ မိသားစု | ၅၀၀၀ဝိ/- |
| ၅၂။ | ဦးချစ်မောင်-ဒေါ်လှလှ မိသားစု | ၅၀၀၀ဝိ/- |
| ၅၃။ | ဒေါ်ဝင်း မိသားစု | ၅၀၀၀ဝိ/- |
| ၅၄။ | ဒေါ်စိန်စိန်၊ ဒေါ်ဝင်းမိမိခိုင် မောင်နှမတစ်စု | ၅၀၀၀ဝိ/- |
| ၅၅။ | ဦးစန်းယု(ဟိုတယ်/ခရီး) | ၅၀၀၀ဝိ/- |
| ၅၆။ | ဒေါ်ဆွေဆွေသန်း မိသားစု | ၅၀၀၀ဝိ/- |
| ၅၇။ | ဦးသိန်းထွန်းအောင်-ဒေါ်ဆုလှိုင် မိသားစု | ၅၀၀၀ဝိ/- |
| ၅၈။ | မိဘနှစ်ပါးအားရည်စူး၍(သား)ဦးသက်ထွန်းဦး၊ (သမီး)ဒေါ်ခင်နွဲ့မူ | ၅၀၀၀ဝိ/- |
| ၅၉။ | ဦးမော်စိုး-ဒေါ်မြသီတာကျော် မိသားစု | ၅၀၀၀ဝိ/- |
| ၆၀။ | ဦးထိန်လင်း-ဒေါ်လွင်လွင်အေး မိသားစု | ၅၀၀၀ဝိ/- |
| ၆၁။ | ဦးမျိုးမြတ်ဟန်-ဒေါ်လှလှမြင့် မိသားစု | ၅၀၀၀ဝိ/- |
| ၆၂။ | ဒေါ်မိုရင်းမိသားစု | ၅၀၀၀ဝိ/- |
| ၆၃။ | ဦးမောင်မောင်ဦး-ဒေါ်နန်းခမ်းလောင် မိသားစု | ၅၀၀၀ဝိ/- |
| ၆၄။ | ဦးဝင်းနိုင်-ဒေါ်သီတာအောင်၊ (သား)ကိုချစ်ဦးနိုင်-မဇူးဇူး မိသားစု | ၅၀၀၀ဝိ/- |
| ၆၅။ | ဦးကျော်စွာဝင်းနိုင်-ဒေါ်ဖြိုးသန္တာထွန်း(သမီး)မရွှေပိုးဝတီကျော် မိသားစု | ၅၀၀၀ဝိ/- |
| ၆၆။ | ဦးလှိုင်ကျော်ဦး နေပြည်တော် | ၅၀၀၀ဝိ/- |
| ၆၇။ | ဒေါ်မြင့်စန်း(သမီး)ဒေါ်မီမီငွေး၊ ဒေါ်ဇာနည်ငွေး မိသားစု | ၅၀၀၀ဝိ/- |
| ၆၈။ | ဦးကျော်မြင့်-ဒေါ်မြင့်မြင့်ငွေး မိသားစု | ၅၀၀၀ဝိ/- |
| ၆၉။ | ဦးဝေမျိုးဟန်-ဒေါ်အေးသန္တာမြင့် မိသားစု | ၅၀၀၀ဝိ/- |
| ၇၀။ | ဦးစိုင်းအိုက်နွမ်-ဒေါ်မိုးသူ မိသားစု | ၅၀၀၀၀ဝိ/- |
| ၇၁။ | ဦးဇော်ဦး-ဒေါ်တင်ဇာဇာမိုး မိသားစု | ၅၀၀၀ဝိ/- |
| ၇၂။ | ဒေါ်စန်းစန်း(သမီး)ဒေါ်တင်ချောစု မိသားစု | ၅၀၀၀ဝိ/- |
| ၇၃။ | ဦးဇော်ဇော်-ဒေါ်မာမာခိုင် မိသားစု | ၅၀၀၀ဝိ/- |
| ၇၄။ | ဦးတင်မောင်မြင့်-ဒေါ်ရင်ရင်မြ(သား)ကိုလှမိုး မိသားစု | ၅၀၀၀ဝိ/- |
| ၇၅။ | ဦးတင်ဝမ်း-ဒေါ်ခင်ခင်လှ(သား)ကိုသုတထွန်း မိသားစု | ၅၀၀၀ဝိ/- |
| ၇၆။ | ဒေါ်မေမြတ်မွန် | ၅၀၀၀ဝိ/- |
| ၇၇။ | ဦးကျော်ဇောဝင်း-ဒေါ်ဆွေဆွေဖြိုး(သား)ခန့်ဉာဏ်သာ၊ (သမီး)မြတ်ဖူးသာ မိသားစု | ၅၀၀၀ဝိ/- |
| ၇၈။ | ဦးရွှေတိုး-ဒေါ်သန်းရီအား ရည်စူး၍ ဒေါ်မြဠုနှင့် ညီမများ | ၅၀၀၀ဝိ/- |
| ၇၉။ | ဦးထွန်းရွှေ(အစ်မ)ဒေါ်ခင်ရွှေအား ရည်စူး၍ ဒေါ်မိုး မိသားစု | ၅၀၀၀ဝိ/- |
| ၈၀။ | ဒေါ်ခင်ကြည် မိသားစု | ၅၀၀၀ဝိ/- |
| ၈၁။ | ဦးစိုးမောင်လှ-ဒေါ်တင်စန်းရီ(သား)မောင်ဝေယံငြိမ်းချမ်း၊ (သမီး) မငြိမ်းယုသော်၊ မဝင်းထက်အောင် မိသားစု | ၅၀၀၀ဝိ/- |
| ၈၂။ | ဒေါ်ရွှေရည်(သား)မောင်စွမ်းထက် မိသားစု | ၅၀၀၀ဝိ/- |
| ၈၃။ | ဒေါက်တာ ခင်မောင်ဦး-ဒေါ်ဥမ္မာလွင် မိသားစု | ၅၀၀၀ဝိ/- |
| ၈၄။ | ဒေါ်မေစုလွင်(သမီး)မအိမ်ရွှေရည်ချမ်းမြေ့ | ၅၀၀၀ဝိ/- |
| ၈၅။ | ဒေါ်ကြည်ကြည်မြ မိသားစု | ၅၀၀၀ဝိ/- |
| ၈၆။ | ဦးအောင်သိန်းစိုး အမှူးထား၍ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်သင်းသင်းရီ မိသားစု | ၅၀၀၀ဝိ/- |
| ၈၇။ | ဦးမောင်မောင်ကြည်-ဒေါ်စိုးဉာဏ် ခရိုင်တရားသူကြီး ပုသိမ်မြို့ | ၅၀၀၀ဝိ/- |
| ၈၈။ | ဦးမြင့်သောင်-ဒေါ်နီနီဆွေ(သား)ဦးမျိုးဇော်အောင်-ဒေါ်နန်းကလျာလှိုင် မိသားစု | ၅၀၀၀ဝိ/- |
| ၈၉။ | ဦးကျော်မင်းဦး-ဒေါ်မျိုးသီဂီအေး မိသားစု | ၅၀၀၀ဝိ/- |
| ၉၀။ | ဗိုလ်ချုပ် ဇင်မင်းထက်-ဒေါက်တာ သဇင်ခိုင်(ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကု)နေပြည်တော် | ၅၀၀၀ဝိ/- |
| ၉၁။ | ဦးဇာနည်အောင်-ဒေါ်အေးအေးခိုင် မိသားစု | ၅၀၀၀ဝိ/- |
| ၉၂။ | ဒေါ်ခင်ရွှေ မိသားစု | ၄၀၀၀ဝိ/- |
| ၉၃။ | ဦးညွန့်လှိုင်-ဒေါ်စန်းစန်းနွယ် မိသားစု | ၃၀၀၀ဝိ/- |
| ၉၄။ | ဒေါ်သန်းငွေး မိသားစု | ၃၀၀၀ဝိ/- |
| ၉၅။ | (ဦးပေါ်လာ)-ဒေါ်ချိုချိုမာ မိသားစု | ၃၀၀၀ဝိ/- |
| ၉၆။ | ဦးမြင့်အောင်-ဒေါ်နွယ်နွယ် မိသားစု ရန်ကုန် | ၃၀၀၀ဝိ/- |
| ၉၇။ | ဒေါ်ဥမ္မာဦး(သမီး)မကေသီဦး | ၃၀၀၀ဝိ/- |
| ၉၈။ | ဒေါ်အမာ(သား)ဦးအေးသိန်း | ၃၀၀၀ဝိ/- |
| ၉၉။ | ဒေါ်မေပုလဲ မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၀။ | ဦးမင်းမင်း-ဒေါ်ခင်မျိုးဝေ(သမီး)မပိုင်းသက်ဦး မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၁။ | ဦးသန့်ဇင်-ဒေါ်သိန်းသိန်းဝင်း မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၂။ | ဦးတင့်ဆွေ-ဒေါ်နုနုဝင်း မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၃။ | ဦးအောင်ကျော်စိုး(ကိုပန်)-ဒေါ်ဝေဦးမွန် မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၄။ | ဒေါက်တာချိုချိုဝင်း တွဲဖက်ပါမောက္ခ ပထဝီဌာန မုံရွာမြို့ | ၃၀၀၀ဝိ/- |
| ၁၀၅။ | ဦးဝင်းတင်-ဒေါက်တာ ဒေါ်တိုးရီ တွဲဖက်ပါမောက္ခ ပထဝီဌာန မုံရွာမြို့ | ၃၀၀၀ဝိ/- |
| ၁၀၆။ | ဦးမြဝင်းစိန်-ဒေါ်စန်းစန်းနွယ် မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၇။ | ဦးဇော်ထွဋ်ရှင်-ဒေါ်မိုးမဝင်း(သမီး)မသဲဆုထွဋ် မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၈။ | ဦးဝင်းညွန့်-ဒေါ်ရီရီမြင့် မိသားစု | ၃၀၀၀ဝိ/- |
| ၁၀၉။ | မိဘနှစ်ပါးအား ရည်စူး၍ ဒေါက်တာအေးယုမွန် တွဲဖက်ပါမောက္ခ သချာဌာန မိသားစု | ၃၀၀၀ဝိ/- |
| ၁၁၀။ | ဦးသိန်းဦး-ဒေါ်သူဇာဝင်း ရန်ကုန် | ၃၀၀၀ဝိ/- |
| ၁၁၁။ | ဦးအောင်ခိုင်အားရည်စူး၍ ဒေါ်မြမြဝင်း(သား)မောင်ရဲရင့်အောင် မိသားစု | ၃၀၀၀ဝိ/- |
| ၁၁၂။ | ဦးစောအောင်-(ဒေါ်သန်းညွန့်)မိသားစု | ၃၀၀၀ဝိ/- |
| ၁၁၃။ | ဦးဝင်းမြင့်-ဒေါ်ဆွေဆွေဦး မိသားစု | ၃၀၀၀ဝိ/- |
| ၁၁၄။ | ဦးဝင်းထွဋ်အောင်-ဒေါ်ယုယုမွန်ထွန်း မန္တလေး လင်း(Mandalay King)ဆိုင်ကယ်အပိုပစ္စည်း ရောင်းဝယ်ရေး မိသားစု | ၃၀၀၀ဝိ/- |
| ၁၁၅။ | ဒေါ်ခင်ငွေး(ထားဝယ်)မိသားစု | ၃၀၀၀ဝိ/- |
| ၁၁၆။ | ဦးဇော်ဝင်းဦး-ဒေါက်တာ မြမြငြိမ်း တွဲဖက်ပါမောက္ခ မန္တလေးအဝေးသင်တက္ကသိုလ် | ၃၀၀၀ဝိ/- |
| ၁၁၇။ | ဦးသန်းလွင်-ဒေါ်မာလာအောင် မိသားစု | ၂၀၀၀ဝိ/- |
| ၁၁၈။ | ဒေါ်ဝင်းဝင်း မိသားစု | ၂၀၀၀ဝိ/- |
| ၁၁၉။ | Mr Phun Quac Fouc-ဒေါ်မြတ်စိုးခိုင် မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၀။ | ဦးကျော်ဝင်းထွန်း-ဒေါ်ဇင်မေသက် | ၂၀၀၀ဝိ/- |
| ၁၂၁။ | ဦးစိုင်းလုံးတစ် မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၂။ | ဒေါ်ဝင်းလဲ့မော် | ၂၀၀၀ဝိ/- |
| ၁၂၃။ | ဒေါ်နုနု(သမီး)ဒေါ်သီသီအောင် | ၂၀၀၀ဝိ/- |
| ၁၂၄။ | ဦးကျော်ကျော်သိန်း-ဒေါ်နီလာဝင်း မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၅။ | မမအေး မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၆။ | ဦးချစ်ကို-ဒေါ်အိအိခိုင် မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၇။ | ဒေါ်စိန်စိန်(တူ)မောင်ဝေဖြိုးသူ မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၈။ | ဒေါ်မြမြသင်း မိသားစု | ၂၀၀၀ဝိ/- |
| ၁၂၉။ | ဒေါ်ခင်နန်းနွယ် မိသားစု | ၂၀၀၀ဝိ/- |
| ၁၃၀။ | ဦးထွန်းနိုင်ဦး မိသားစု | ၂၀၀၀ဝိ/- |
| ၁၃၁။ | ဒေါက်တာရီရီတင့် ကထိက ရတနာပုံတက္ကသိုလ် | ၂၀၀၀ဝိ/- |
| ၁၃၂။ | ဦးမောင်မောင်-ဒေါ်နိုနိုချစ် မိသားစု | ၂၀၀၀ဝိ/- |
| ၁၃၃။ | ဒေါ်နှင်းကြည် မိသားစု | ၁၀၀၀ဝိ/- |
| ၁၃၄။ | ဦးတိုးအောင် မိသားစု | ၁၀၀၀ဝိ/- |
| ၁၃၅။ | ဦးရန်နိုင်စိုး-ဒေါ်ခင်သီရိအောင် မိသားစု | ၁၀၀၀ဝိ/- |
| ၁၃၆။ | ဒေါ်ဝေဝေ(သား)ဦးမင်းဝေသိန်း(ကျန်းမာရေး) | ၁၀၀၀ဝိ/- |
| ၁၃၇။ | ဦးနေဝင်း-ဒေါ်လှညွန့် မိသားစု | ၁၀၀၀ဝိ/- |
| ၁၃၈။ | ဒေါ်ရီရီဝင်း ညီမများ(နယူးစီပီလိုင်း) | ၁၀၀၀ဝိ/- |
| ၁၃၉။ | ဦးငယ်ငယ်ထွေး-ဒေါ်သီရိမိုး မိသားစု | ၁၀၀၀ဝိ/- |
| ၁၄၀။ | ဦးစောဟန်သာသာကြူး | ၁၀၀၀ဝိ/- |
| ၁၄၁။ | ဦးသန်းနိုင်ဝင်း-ဒေါ်ညွန့်ညွန့်ဝင်း မိသားစု | ၁၀၀၀ဝိ/- |
| ၁၄၂။ | ဒေါ်ခင်ပြုံး မိသားစု | ၁၀၀၀ဝိ/- |
| ၁၄၃။ | ဦးမျိုးချစ်-ဒေါ်ပြုံးရီ(ခန္တီး)မိသားစု | ၁၀၀၀ဝိ/- |
| ၁၄၄။ | ဦးမင်းသန့်ထွန်းအောင်-ဒေါ်ဘုတ်စုံ မိသားစု | ၁၀၀၀ဝိ/- |
| | စုစုပေါင်းရရှိအလှူငွေ | ၁၈၈၇၅၀၀ဝိ/- |

| | |
|---|---|
| အမှတ်တရအင်္ကျီအတွက် ကုန်ကျငွေ | -၅၅၂၅၀၀ဝိ/- |
| ယောဂီ(၃)ထပ်ဆောင် ဒုတိယထပ်အမှတ်တရစိုက်ထူလှူဒါန်းငွေ | -၁၃၃၅၀၀၀ဝိ/- |
| ဂုဏာဝိသိဋ္ဌပူဇော်ပွဲတွင် အမှတ်တရ လှူဒါန်းငွေ စုစုပေါင်း | -၁၈၈၇၅၀၀ဝိ/- |

ဖိတ်ကြားလွှာတွင်ထည့်သွင်းဖော်ပြခြင်း မပြုနိုင်ခဲ့သည့်အတွက် အလှူရှင်များအား အနူးအညွတ်တောင်းပန်အပ်ပါသည်။

ဘုရားနီဘုရားငါးဆူဓမ္မာရုံဓမ္မပါရမီရှင် မိသားစုများ




# တရုတ်နိုင်ငံမှ စေလွှတ်လိုက်သည့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးမစ်ရှင်အဖွဲ့ တောင်ဆူဒန်၌ တာဝန်ပြီးဆုံး၍ ပြန်လည်ရောက်ရှိ

**ဟန်ကျိုး ဖေဖော်ဝါရီ ၂၈**

တောင်ဆူဒန်၌ တာဝန်ချထားသည့် တရုတ်နိုင်ငံမှ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအဖွဲ့ဝင် ခုနစ်ဦးတို့သည် တစ်နှစ်တာငြိမ်းချမ်းရေးထိန်းသိမ်းရေးမစ်ရှင်ကို အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် အင်္ဂါနေ့တွင် တောင်ဆူဒန်မှ တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

တောင်ဆူဒန်သို့ စေလွှတ်ခဲ့သော ခြောက်ခုမြောက် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များအားလုံးကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ်မှ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည်အင်္ဂါနေ့ ညနေပိုင်းတွင် Hangzhou Xiaoshan နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြကြောင်း ကျီကျန်းအများပြည်သူလုံခြုံရေးဌာန၏ ပြောပြချက်အရ သိရသည်။

တောင်ဆူဒန်၌ ရဲအရာရှိများသည် ဒုက္ခသည်စခန်းများ၌ ကင်းလှည့်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခြင်းနှင့် လူထုအခြေပြုရဲတပ်ဖွဲ့ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် မြို့တော်ဂျူဘားနှင့် ဝါအူတို့တွင် လုပ်ငန်းတာဝန်များစွာကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း အများပြည်သူလုံခြုံရေးဌာနက ပြောကြားခဲ့သည်။

၎င်းတို့၏ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်မှုကြောင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးမစ်ရှင်အဖွဲ့သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂမှပေးအပ်သည့် ဆုတံဆိပ်ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်၏ ဒေသတွင်း လွှမ်းမိုးနိုင်မှုအပေါ် သမ္မတ ဒေါ်နယ်ထရန့် ပင်လယ်ကွေ့နိုင်ငံ ခေါင်းဆောင်များနှင့် ဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် သီးခြားဖုန်းပြောခဲ့ပြီး အီရန်နိုင်ငံ၏ ဒေသတွင်းလွှမ်းမိုးလာမှုအပေါ် ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းကာ တုံ့ပြန်ဆောင်ရွက်ဖို့ လိုကြောင်း ပြောကြားခဲ့သည်။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအားလုံး အီရန်နိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားစေသော အပြုအမူများကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်ဆောင်ရွက်ပြီး အကြမ်းဖက်သမားများနှင့် အစွန်းရောက်သမားများကို တိုက်ခိုက်



သွားရန် မျှော်လင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အာရပ်စော်ဘွားများပြည်ထောင်စု မိုဟာမက်ဘင်ဇာယက်အား ဖုန်းဖြင့် ဆက်သွယ်ပြောဆိုစဉ် ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ လွှမ်းမိုးချုပ်ကိုင်မှုကို တန်ပြန်ဆောင်ရွက်ရန်၊ ဒေသတွင်း ခြိမ်းခြောက်မှု လျော့နည်းလာစေရန်နှင့် ဒေသတွင်းစီးပွားရေး တိုးတက်များပြားလာစေရန် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ အရေးပါမှုကို အိမ်ရှေ့စံနှင့် အတူ သဘောတူလက်ခံပါကြောင်း စသည်ဖြင့် ဆော်ဒီအိမ်ရှေ့စံ မိုဟာမက်ဘင်ဆယ်လ်မင်န်ကို ပြောဆိုခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုအပါအဝင် အခြားနိုင်ငံများက ကာတာနိုင်ငံအား အကြမ်းဖက်မှုကို ထောက်ပံ့ပေးခြင်း၊ အီရန်နိုင်ငံနှင့် နီးကပ်စွာဆက်ဆံပြီး ဒေသတွင်းလုံခြုံမှုကို ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်နေသည်ဟု လွန်ခဲ့သော ၂၀၁၇ ခုနှစ်က စွပ်စွဲခဲ့ကြသည်။

ကာတာနိုင်ငံက အဆိုပါစွပ်စွဲချက်များသည် တရားမျှတမှုမရှိဘဲ အခြေအမြစ်မရှိသော စွပ်စွဲချက်တစ်ခုဖြစ်ကြောင်း ခါးခါးသီးသီး ငြင်းဆန်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကာတာနိုင်ငံသည် အကြမ်းဖက်မှုများအား အန္တရာယ်ရှိသည့်အဆင့်အထိ ထောက်ပံ့ပေးနေကြောင်း ဇွန်လတွင် မှတ်ချက်စကားပြောကြားပြီးနောက် ပင်လယ်ကွေ့နိုင်ငံများနှင့် ကာတာနိုင်ငံကြား တင်းမာမှုများ ပိုမိုမြင့်တက်လာပြီး ဆိုးရွားလာကြောင်း သိရသည်။

**ဆင်ဟွာ**

# ယူကရိန်းပါလီမန်အဆောက်အအုံအနီး၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများ ပဋိပက္ခဖြစ်ပွားရာ ၁၁ ဦးထက်မနည်း ဒဏ်ရာရ

**ကီယက်ဗ် ဖေဖော်ဝါရီ ၂၈**

ယူကရိန်းပါလီမန်အနီး၌ ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား ပဋိပက္ခများ ယမန်နေ့က ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၁ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဆန္ဒပြသူများက ပါလီမန်အဆောက်အအုံအပြင်ဘက်ရှိ ရင်ပြင်သို့ ကားတာယာများယူဆောင်လာပြီး မီးရှို့ရန် ကြိုးပမ်းရာမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။



သတင်းထုတ်ပြန်ချက်တွင် ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများအား တားဆီးရန် ကြိုးစားစဉ် ဆန္ဒပြသူများက ရဲတပ်ဖွဲ့ဝင်များအား ကျောက်တုံးများ၊ အရက်ပုလင်းများကို မီးရှို့ကာ ပစ်ပေါက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ပဋိပက္ခဖြစ်ပြီးနောက် ဆန္ဒပြသူကိုးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ ဆန္ဒပြသူများက ပါလီမန်အပြင်ဘက်တွင် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကို ကိုင်တွယ်ဖြေရှင်းရန် တရားရုံးတစ်ခု ထွက်ပေါ်လာရေးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်၊ ဗဟိုဘဏ် ဥက္ကဋ္ဌသစ် ခန့်အပ်ရန်နှင့် စစ်မှုထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးရန် ဆန္ဒပြ တောင်းဆိုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်အောက်လွှတ်တော်ကော်မတီက ဘတ်ဂျက်မူကြမ်းကို အတည်ပြု

**တိုကျို ဖေဖော်ဝါရီ ၂၈**

ဂျပန်ဒိုင်းရက် အောက်လွှတ်တော် ဘတ်ဂျက်ကော်မတီသည် နိုင်ငံ၏ အကြီးမားဆုံး ဘတ်ဂျက်မူကြမ်းကို အတည်ပြုလိုက်ကြောင်း သိရသည်။ ဧပြီလတွင်စတင်မည့် ယခုဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်အသုံးစရိတ်မှာ ဂျပန်ယန်းငွေ ၉၇ ဒသမ ၇ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၉၁၂ ဘီလီယံဖြစ်ကြောင်း သိရသည်။

ကော်မတီသည် ဗုဒ္ဓဟူးနေ့တွင် နောက်ဆုံးချိန်ဆမှုများ ပြုလုပ်ခဲ့ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး တက်ရောက်ခဲ့ကြသည်။ အောက်လွှတ်တော်ဘတ်ဂျက်ကော်မတီသည် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် မဟာမိတ်အဖွဲ့များထံမှ ထောက်ခံမှုအများစုဖြင့် ဘတ်ဂျက်ကို အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဘတ်ဂျက်အသုံးစရိတ်၏ တစ်စိတ်တစ်ပိုင်းကို မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွင် ကိုင်တွယ်ဖြေရှင်းမည့် စီမံဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက် အသုံးပြုသွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။ ကလေးသူငယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများအတွက် ငွေကြေးထည့်ဝင်မှုပြုလုပ်သွားရန်လည်း ပါဝင်သည်။

ဘတ်ဂျက်မူကြမ်းကို အောက်လွှတ်တော် မျက်နှာစုံညီစည်းဝေးမှု၌ အတည်ပြုသွားမည်ဖြစ်ပြီး ထို့နောက်တွင် အထက်လွှတ်တော်၌ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



**နိုင်ငံတကာ သတင်းတိုထွာ**

## အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ရထားတိုက်မိရာ ငါးဦးသေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၈**

ယမန်နေ့က အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင် ရထားတစ်စင်းတိုက်ခံရမှုကြောင့် လူ ငါးဦးထက်မနည်းသေဆုံးပြီး အခြား နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရထားရဲတပ်ဖွဲ့က ပြောခဲ့သည်။

ရထားတိုက်မှုသည် ဥတ္တရပရာဒက်ရှ်ပြည်နယ် ဟာပါးခရိုင်ဇီခူဝါမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားတိုက်မှုကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း၊ ကုန်တင်ရထားလာချိန်တွင် လူများလမ်းပေါ်တွင် ရှိနေသောကြောင့် ထိုသို့ တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရထားကို လွတ်အောင်ရှောင်လိုက်ချိန်တွင် တခြားတစ်ဖက်ကလာသော ရထားနှင့်တိုက်မိသွားခြင်းဖြစ်ကြောင်း ရထားရဲချုပ် အက်စ်စီဒူဘီက ပြောသည်။

ဒဏ်ရာရသူများကို ဒေသခံဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ရထားတိုက်မိမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် နေ့စဉ် ရထားစီးခရီးသည် ၂၃ သန်းခန့်ရှိပြီး ခရီးသည်တင်ရထားပေါင်း ၉၀၀၀ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၏ ရထားလမ်းကွန်ရက်များမှာ ကမ္ဘာ့အကြီးဆုံးရထားလမ်းကွန်ရက်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသမီးများ စစ်မှုထမ်းခွင့်ရ

**ရီယတ် ဖေဖော်ဝါရီ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသမီးများ စစ်မှုထမ်းခွင့်ရပြီဖြစ်ကြောင်း၊ အမျိုးသမီးများ စစ်မှုထမ်းခွင့်ဥပဒေကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမျိုးသမီးများသည် ရီယတ်၊ အယ်လ်ကွတ်ဆမ်နှင့် မယ်ဒီလာစသည့် ပြည်နယ်များတွင် စစ်သားရာထူးအတွက် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

လိုအပ်ချက်များအနေဖြင့် စစ်မှုထမ်းခွင့်လျှောက်ထားသည့် အမျိုးသမီးများသည် အသက် ၂၅ နှစ်မှ ၃၅ နှစ်ကြား အထက်တန်းကျောင်း ပြီးဆုံးကြောင်း၊ ဒီပလိုမာရရှိရမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြုလုပ်ခွင့်ပေးခြင်းသည် အမျိုးသမီးအခွင့်အလမ်းများပြောင်းလဲမှုများစွာအနက် တစ်ခုဖြစ်ကြောင်းသိရသည်။ ထို့အတူ ၂၀၁၇ ခုနှစ် ဇွန်လတွင် အမျိုးသမီးများအား ကားမောင်းခွင့်ပြုသည့် အစီအစဉ်အား ကြေညာခဲ့သည်။ ထို့အတူ လတ်တလောတွင် အမျိုးသမီးအငှားယာဉ်မောင်းများအား ငှားရမ်းနိုင်သည့် အငှားယာဉ်မောင်း ဥပဒေအား ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# သေနတ်ပစ်ခတ်မှု နိဂုံးချုပ်အောင်ဘယ်လိုလုပ်မလဲ အမေရိကန်

**တင်လင်းအောင်**




အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ကျောင်းတွေ၊ စာသင်ခန်းတွေကို ဦးတည်တဲ့ မကောင်းမှုတွေ မကျူးလွန်ရဲအောင် တားဆီးလုပ်ဆောင်ဖို့ သေနတ်ပစ်ခတ်မှု လေ့ကျင့်ပေးခြင်းကဲ့သို့သော အဆင့်မြှင့်တင်လေ့ကျင့်မှုတွေ ကျောင်းဆရာ ဆရာမတွေကို လုပ်ပေးဖို့လိုတယ်လို့ ထပ်တလဲလဲ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အကယ်၍ ကျောင်းဆရာ ဆရာမတွေသာ လက်နက်ကိုင်မယ်ဆိုပါက မကြာသေးမီက ဖလော်ရီဒါ ပတ်ခ်လန့်ဒ်မှာ ဖြစ်ပွားခဲ့တဲ့ အသက်ပေါင်း ၁၇ ချောင်းသေဆုံးခဲ့တဲ့ အေအာရ်-၁၄ မောင်းပြန်ရိုင်ဖယ်သေနတ်နဲ့ တိုက်ခိုက်ခဲ့သူတွေကို ချက်ချင်းလက်တုံ့ပြန် ပစ်ခတ်နိုင်တယ်လို့ အမေရိကန်သမ္မတက မကြာသေးမီက ပြောခဲ့ပါတယ်။

ဒါ့အပြင် ကျောင်းဆရာ ဆရာမတွေသာ သေနတ်ကိုင်တတ်မယ်ဆိုပါက စာသင်ကျောင်းကဲ့သို့သော နေရာတွေကို အဓိကထားပြီး ပစ်ခတ်တိုက်ခိုက်မှုတွေလုပ်ဖို့ ကြံစည်နေသူတွေကို တားဆီးနိုင်မှာဖြစ်တယ်လို့ လူမှုကွန်ရက်စာမျက်နှာ တစ်ခုဖြစ်တဲ့ တွစ်တာမှာ အမေရိကန်သမ္မတ ထရန့်က ဆက်လက်ဖော်ပြခဲ့ပါ တယ်။ အဲဒီလို မျိုးတွေသာ လုပ်ဆောင်မယ်ဆိုပါက တိုက်ခိုက်မှုတွေ အဆုံးသတ်သွားနိုင်ကြောင်း သူက ဆက်လက်ဖော်ပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်ကလည်း အမေရိကန်သမ္မတ ထရန့်ဟာ အမျိုးသားရိုင်ဖယ်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဝိန်းလာပီယားကို သေနတ်ကိုင်ဆိုးသွမ်းလူငယ်တွေကို တားဆီးဖို့ တိုက်တွန်း ပြောကြားလိုက်ပါသေးတယ်။ ဘယ်သူက ဘယ်သူ့ကို အတုခိုးပြီး ဒီလိုမျိုး မကောင်းမှုတွေ ကျူးလွန်နေသလဲဆိုတာ အတိအကျမပြောနိုင်ပေမယ့် ဆရာ ဆရာမတွေကို သေနတ်ပစ်ခတ်တတ်အောင် လေ့ကျင့်သင်ကြားထားခြင်းမရှိတဲ့ ကျောင်းတွေဟာ ဆိုးသွမ်းလူငယ်တွေအတွက် လက်တည့်စမ်းချင်စရာကောင်းတဲ့ နေရာတွေဖြစ်တယ်လို့ လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ထရန့်က ပလူပျံအောင် ရေးသားဖော်ပြခဲ့ပါတယ်။

ပထမပိုင်းမှာ သေနတ်ကိုင်တတ်တဲ့ ဆရာ ဆရာမအရေအတွက် များပြားသင့်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ မူလတန်းနဲ့ အလယ်တန်း အစိုးရနဲ့ကိုယ်ပိုင်ကျောင်း ဆရာ ဆရာမအရေအတွက် ၃ ဒသမ ၅ သန်းလောက် ရှိပါတယ်။ သူတို့တွေထဲမှာ ၂၀ ရာခိုင်နှုန်းလောက် သေနတ်ကိုင်သင့်တယ်လို့ အမေရိကန်သမ္မတ ထရန့်က အကြံပြုခဲ့ပါတယ်။

ဆိုလိုတာကတော့ မူလတန်းနဲ့ အလယ်တန်း အစိုးရနဲ့ ကိုယ်ပိုင်ကျောင်း ဆရာ ဆရာမအရေအတွက် ၃ ဒသမ ၅ သန်းလောက်ထဲမှာ ၇၀၀၀၀၀ လောက် လက်နက်ကိုင်သင့်တယ်လို့ သူက ဆိုတာပါ။ အဲဒီပမာဏဟာ လက်ရှိအမေရိကန်မှာ တကယ့်ကို တာဝန်ထမ်းဆောင်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့ရဲ့ ထက်ဝက်လောက် ရှိပါတယ်။

သူတို့ကလေးတွေ မကောင်းမှုကျူးလွန်တော့မယ်လို့ထင်နေတဲ့ မိဘတွေအနေနဲ့လည်း အဲဒါကို သိသိချင်း အဲဒီစိတ်ကူး၊ အဲဒီပတ်ဝန်းကျင် တစ်နည်းဆိုရသော် မကောင်းမှုမြစ်ဖျားခံတဲ့နေရာကနေပြီး သူတို့ကလေးတွေကို ဆွဲထုတ်ဖို့လိုပါတယ်။ ဒါ့အပြင် နောက်ထပ်အချက်တစ်ချက်ကတော့ မှုမမှန်တဲ့ အဲဒီလို လက်နက်ကိုင်တိုက်ခိုက်မှုတွေမှာ တိုက်ခိုက်မှုကျူးလွန်သူတွေဟာ သူတို့ ကိုယ်သူတို့ သတ်သေဖို့ မျှော်လင့်ထားကြတာပါပဲ။ အဲဒီလိုမျိုးသာ သူတို့ကိုယ်သူတို့ သတ်သေဖို့ စိတ်ကူးထားတဲ့သူတွေဆိုရင် သူတို့ကို ဟန့်တားဖို့ အမေရိကန်သမ္မတကြီးရဲ့ နည်းလမ်းတွေဟာ ရယ်စရာကောင်းမနေပေဘူးလားလို့ တချို့သူတွေက ဆိုပါတယ်။

အခုလိုမျိုး ပြဿနာတွေရှိနေတဲ့သူ (ပြဿနာနဲ့ရင်ဆိုင်နေရတဲ့သူ) က စဉ်းစားဉာဏ်ပါတဲ့ ဆုံးဖြတ်ချက်ကို ချလိမ့်မယ်လို့ ဘာကြောင့် ယူဆနေတာလဲလို့ ရဲချုပ်ခရစ်မက်နက်စ်က ပြောပါတယ်။ ထို့အပြင် အခုလိုမျိုး ကိစ္စတွေကို မရှောင်လွဲနိုင်ပါဘူး။ ဆရာတွေကလည်း လူသားတွေပါပဲ။ ဆိုလိုတာကတော့ အများနည်းတူ ကြောက်စိတ်လွှမ်းမိုးနေတဲ့အတိုင်း တုံ့ပြန်မှုတွေကို ပြုလုပ်နိုင်တာပါပဲ။ အဲဒီတော့မှ အခြေအနေတွေ ဒီထက်ပိုဆိုးကုန်မယ်လို့ ရဲချုပ် ခရစ်မက်နက်စ်က ဆက်လက်ပြောပါတယ်။

လက်နက်တွေ အသုံးချတတ်ဖို့ အဆင့်မြင့် လေ့ကျင့်ပေးရမယ်ဆိုရင် နယူးယောက်ရဲဌာနမှာ အဲလို လေ့ကျင့်ပေးထားတဲ့ ရဲတပ်ဖွဲ့ဝင်အင်အား ၃၆၀၀၀ လောက်ရှိပါတယ်။ ယေဘုယျလူတွေရဲ့ အမြင်မှာ ရဲတပ်ဖွဲ့ဝင်တွေဟာ အတတ်နိုင်ဆုံး သေနတ်ပစ်ခတ်မှုကို မပြုလုပ်ဘဲ ရှောင်ရှားရမယ်ဆိုတာ သိနေပါတယ်။ သို့သော် ရဲတွေလည်း တကယ့်ကို ဖိအားများတဲ့ အခြေအနေမျိုးမှာ လုပ်မိလုပ်ရာ လုပ်နိုင်တာပါပဲ။ တကယ့် တိုက်ခိုက်မှုတွေ လုပ်နေတဲ့အခါ ရဲအရာရှိ တွေတောင်မှာ (ပစ်မှတ်ကို အတိအကျမဟုတ်ဘဲ) လွဲချော်မှုတွေ ရှိတယ်လို့ စစ်လက်နက်နှင့် နည်းဗျူဟာဌာနခွဲမှ အကြီးအကဲဟောင်းတစ်ဦးက ဆိုပါတယ်။

တစ်နိုင်ငံလုံးဆိုင်ရာ စာရင်းအင်းတွေအရ ရဲတပ်ဖွဲ့ဝင်တွေရဲ့ပစ်မှတ်တိကျမှုကို ဖော်ပြထားတာ ရှာမတွေ့ရသလောက်ပါဘဲ။ သို့သော်လည်း နယူးယောက်ရဲဌာနရဲ့ ရဲအရာရှိတွေဟာ ပစ်မှတ်ကို သုံးကြိမ်မှာ တစ်ကြိမ်ထိမှန်အောင် ပစ်ခတ်နိုင်ကြောင်း လေ့လာသူတွေက ဆိုပါတယ်။ သူတင်ကိုယ်တင် ယှဉ်ပြိုင်ပစ်ရတဲ့ လက်နက်ကိုင်တိုက်ပွဲတွေမှာ သွေးဖိအားကို မြင့်မားစေတဲ့ အက်ဒရီနယ်လင်း ဟော်မုန်းကြောင့် ပစ်မှတ်တိကျမှုဟာ ၁၃ ရာခိုင်နှုန်းလောက်အထိ လျော့နည်းသွားပါတယ်။

လက်နက်ကိုင် ဆရာတွေဟာ လက်နက်ကိုင် ဆိုးသွမ်းလူငယ်တွေကို တားဆီးဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။ တကယ့် လေ့ကျင့်မှုတွေမကြာခဏပြုလုပ်နေတဲ့၊ တိုက်ပွဲတွေနဲ့ ခဏခဏ ရင်ဆိုင်ဆင်နွှဲနေရတဲ့ အတွေ့အကြုံရှိရဲတပ်ဖွဲ့ဝင်တွေတောင်မှ တကယ့်အရေးအကြောင်း၊ သူတင်ကိုယ်တင်ဆိုရင် ပစ်မှတ်ကို ထိမှန်အောင် ကြိုးစားပမ်းစားပစ်နေရတဲ့အချိန်မှာ လက်နက်ကိုင်ပစ်ခတ်မှုကို လေ့ကျင့်မှုလေးလုပ်ပေးရုံနဲ့ ဆိုးသွမ်းတဲ့ ကျောင်းတွင်းပစ်ခတ်မှုတွေကို ဆရာတွေ တားနိုင်ပါ့မလားဆိုတာ စဉ်းစားစရာကောင်းတဲ့ အချက်ပါပဲ။ ကောက်ယူခဲ့တဲ့ စာရင်းအင်းဆိုင်ရာ အချက်အလက်တွေနဲ့ အတွေ့အကြုံတွေက သက်သေခံလျက်ရှိပါတယ်။

ဒါပေမယ့် ဘာပဲလုပ်လုပ် သူနဲ့သက်ဆိုင်တဲ့ ပြဿနာတွေကတော့ ရှိစမြဲဖြစ်ပါတယ်လို့ စစ်လက်နက်နှင့် နည်းဗျူဟာဌာနခွဲမှ အကြီးအကဲဟောင်းတစ်ဦးက မှတ်ချက်ပြု ပြောကြားခဲ့ပါတယ်။

ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ လူရှုပ်နေတဲ့ လမ်းမှာ အကယ်၍ သေနတ်သမားကို ပစ်ခတ်ဖမ်းဆီးနိုင်တယ်ဆိုပါတော့။ အဲလိုဖြစ်ရပ်မှာ ဘေးကလူတွေကိုလည်းဒဏ်ရာ အနည်းနဲ့အများတော့ ရစေနိုင်ပါတယ်။ ထင်ရှားတဲ့ ဖြစ်ရပ်တစ်ခုကတော့ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ Empire State Building ရဲ့ အပြင်ဘက်လူရှုပ်နေတဲ့ လမ်းပေါ်မှာ နယူးယောက်ရဲအရာရှိတွေဟာ သေနတ်သမားတစ်ယောက်ကို အသေပစ်ခတ် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ သို့သော်လည်း သူတို့ဟာ ဘေးနားက လူကိုးယောက်ကိုလည်း ဒဏ်ရာရစေခဲ့ပါတယ်။

ကဲအခုအခြေအနေတစ်ခုကို ကြိုတင်မှန်းဆကြည့်ကြပါစို့။ အဲလိုထိတ်လန့်ကြောက်ရွံ့မှုတွေလွှမ်းမိုးထားတဲ့ သေနတ်ပစ်ခတ်မှုအခြေအနေတစ်ခုမှာ သေနတ်ပစ်ခတ်မှုကလည်း ကျောင်းရဲ့စင်္ကြံလမ်းဒါမှမဟုတ် စာသင်ခန်းထဲမှာဆိုပါတော့၊ အဲဒီအချိန်မှာ ထိတ်လန့်ကြောက်ရွံ့နေတဲ့ ဆရာတစ်ယောက်က သေနတ်သမားကို ဖမ်းဆီးဖို့ကြိုးစားချိန်မှာဘေးက ကျောင်းသားတွေကိုလည်း မလွဲမသွေ ဒဏ်ရာရမှုတွေဖြစ်စေမှာပဲဖြစ်ပါတယ်။

လက်နက်ကိုင်ထားတဲ့ ဆိုးသွမ်းလူငယ်တွေကို တားဆီးဖို့ အကောင်းဆုံးနည်းလမ်းကတော့ ဖလော်ရီဒါ ပတ်ခ်လန့်ဒ်မှာ ဖြစ်ပွားခဲ့ပြီး အသက်ပေါင်း ၁၇ ချောင်းသေဆုံးခဲ့တဲ့ အေအာရ်-၁၄ မောင်းပြန် ရိုင်ဖယ်သေနတ်လိုမျိုး တိုက်ပွဲသုံးစစ်လက်နက်တွေ ရယူသုံးစွဲခွင့်မရရေးဘဲဖြစ်ပါတယ်။ နောက်ကြောင်း ရာဇဝင်တွေကို အသေအချာစိစစ်ပြီး အဆင့်မြင့်လက်နက်တွေနဲ့ စွမ်းအားမြင့်လက်နက်တွေ သုံးစွဲခွင့်ကို ပိတ်ပင်တားဆီးရမှာပဲဖြစ်ပါတယ်။

လက်နက်တားဆီးရေး ထောက်ခံသူတွေကတော့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ လွတ်လပ်ခွင့်ကို ချိုးနှိမ်ဖို့ ကြိုးစားနေကြပါတယ်။ တကယ်တမ်းတော့ ဆင်ခြင်တုံတရားပြည့်ဝတဲ့ လက်နက်ကိုင်ခွင့်ဥပဒေဆိုတာ လွတ်လပ်ရေးကြေညာစာတမ်းမှာ ဖော်ပြခဲ့တဲ့ ထာဝရအခွင့်အရေး တစ်ရပ်အဖြစ်ပြည်သူတွေကို ပေးထားပြီဖြစ်ပါတယ်။ အသက်ဉာဏ်စောင့်ဆိုတဲ့ မြန်မာစကားပုံလို နှိုင်းနှိုင်းချိန်ချိန်သုခမိန်ထုံး နှလုံးမူပြီး ဆင်ခြင်တုံတရားပြည့်ဝတဲ့ လက်နက်ကိုင်ဆောင်ခွင့် ဥပဒေကိုသာ လိုက်နာပါက အခုလိုမျိုး ဝမ်းနည်းစရာကိစ္စတွေ နိဂုံးချုပ်တာကြာလှပေါ့။ အခုတော့ လက်နက်ကိုင် ဆိုးသွမ်းလူငယ်တွေကို တားဆီးဖို့ အဆင့်မြင့်လက်နက်တွေနဲ့ စွမ်းအားမြင့် လက်နက်တွေ သုံးစွဲခွင့်ကို ပိတ်ပင်သွားဖို့က မဖြစ်မနေကို လုပ်ရမယ့်အချက် ဖြစ်လာပါတော့တယ်။ အဲလိုမှ မဟုတ်ဘဲ ကျောင်းကို ဦးတည်တဲ့ ပစ်ခတ်မှုတွေ မလုပ်ရဲအောင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပြောခဲ့သလို ကျောင်းဆရာ ဆရာမတွေကို သေနတ်ပစ်ခတ်မှုပဲ လေ့ကျင့်ပေးရတော့မှာလားဆိုတာ ဆက်လက်စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား-**
**သည်နယူးယောက်တိုင်းမ်**

> **"တကယ်တမ်းတော့ ဆင်ခြင်တုံတရားပြည့်ဝတဲ့ လက်နက်ကိုင်ခွင့်ဥပဒေဆိုတာ လွတ်လပ်ရေးကြေညာစာတမ်းမှာ ဖော်ပြခဲ့တဲ့ ထာဝရအခွင့်အရေးတစ်ရပ်အဖြစ် ပြည်သူတွေကို ပေးထားပြီဖြစ်"**

# ပထမဆုံးသော ဒီဂျစ်တယ်မြေပုံပြိုင်ပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်မြေပုံ 2018 Yangon Map Challenge ဒီဂျစ်တယ်မြေပုံပေါ်တွင် ထည့်သွင်းရန်ကျန်ရှိနေသည့် ရန်ကုန်မြို့နေရာများကို ရေးဆွဲသည့် ပြိုင်ပွဲအား ကျင်းပမည်ဖြစ်ပြီး ဆုကြေးအဖြစ် ငွေကျပ်ဆယ်သိန်း ရရှိမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

ယင်းပြိုင်ပွဲကို နည်းပညာအသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဖန်တီးရာမြန်မာမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲအတွင်း မြေပုံပေါ်တွင် ရေးဆွဲထားခြင်းမရှိသေးသော ရန်ကုန်မြို့၏ နေရာအများအပြားကို OpenStreetMap ဟုခေါ်သော လူတိုင်းလွယ်ကူစွာ ပါဝင်ရေးဆွဲနိုင်သည့် online မြေပုံ platform ပေါ်တွင်ရေးဆွဲကြမည်ဖြစ်ပြီး ရန်ကုန်မြို့၏ဒေသခံများ၊ လာရောက်လည်ပတ်သူများက မြို့တော်ရှိ လမ်းမကြီးများ၊ လမ်းများ၊ လမ်းကြိုလမ်းကြားများထဲမှ မိမိသွားရောက်လိုသည့် နေရာကို လွယ်ကူစွာ ရှာဖွေနိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း ဖန်တီးရာမြန်မာမှ သိရှိရသည်။

ဖန်တီးရာ၏ စီအီးအိုဖြစ်သူ မစ္စတာ ဂျက်စ် ကယ်လီဘီ ပီတာဆန်က "မြန်မာနိုင်ငံမှာ ဒီဂျစ်တယ်နည်းပညာအသုံးပြုပြီး မြေပုံထဲထည့်သွင်းထားခြင်းမရှိသေးတဲ့နေရာတွေ အများကြီး ရှိပါသေးတယ်၊ မြန်မာပြည်သူပြည်သားတွေအားလုံး အရည်အသွေးကောင်းမွန်တိကျတဲ့ မြေပုံအချက်အလက်တွေ ရယူသုံးဆွဲသွားနိုင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်၊ အခု ဖန်တီးရာ Map Challenge မှာ ရန်ကုန်မြို့သူမြို့သားတွေအားလုံး နေရာတော်တော်များများမှာ အရည်အသွေးပြည့်မီတဲ့ ဒီဂျစ်တယ်မြေပုံ အသုံးပြုခွင့်ရရှိနိုင်ကြစေဖို့ ရည်ရွယ်ပါတယ်၊ နောက်ပြီးတော့လည်း အခုပွဲမှာ မြန်မာနိုင်ငံထဲက မြေပုံအချက်အလက်တွေ တိုးတက်တာကို လိုလိုချင်ချင်ရှိကြတဲ့ အသိုင်းအဝိုင်းတစ်ခုကို မြင်တွေ့ရတဲ့အတွက်လည်း အင်မတန်မှ စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောသည်။

ပြိုင်ပွဲဝင်များသည် တစ်ဦးချင်းလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အဖွဲ့လိုက်အနေဖြင့်လည်း စာရင်းပေးထားကြ ကြောင်းသိရသည်။ အဖွဲ့များသည် အင်တာနက်ချိတ်ဆက်ထားသော laptop များ၊ ဖုန်းများဖြင့် အကောင်းဆုံးနှင့် အထိရောက်ဆုံးသော နည်းလမ်းများကို အသုံးပြုကာ OpenStreetMap ပေါ်တွင် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းကြမည်ဖြစ်ပြီး နောက်ပိုင်းတွင် အဆိုပါအချက်အလက်များကို လိုအပ်သူ မည်သူမဆို လွတ်လပ်စွာသုံးစွဲနိုင်မည်ဖြစ်သည်။

"ပြိုင်ပွဲဝင်များ လွယ်ကူစွာသွားလာနိုင်စေရေးအတွက် Grab မှလည်း ပြိုင်ပွဲဝင်ကာလအတွင်း ငွေကျပ် ၁၅၀၀ တန်ဖိုးရှိသည့် စီးနင်းခွင့်လက်မှတ် ၁၀ ခုကို ပေးအပ်သွားမည်ဖြစ်ပြီး Yangon Map Challenge က ပျော်ရွှင်ဖွယ်ရာ ပြိုင်ပွဲကြီးတစ်ခု ဖြစ်လာမှာပါ၊ ဒီထက်ပိုပြီး အရေးကြီးတာက ရန်ကုန်မြို့က မြေပုံနဲ့ နည်းပညာကို စိတ်ပါဝင်စားကြတဲ့ အသိုက်အဝန်းတစ်ခုလုံးကို တွေ့ရတာပါပဲ၊ ပူးပေါင်းပါဝင်တဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ OneMap နဲ့ Grab တို့နဲ့အတူတူ မျှော်လင့်မိတာကတော့ မြန်မာနိုင်ငံက နိုင်ငံသူနိုင်ငံသားအားလုံးကို မိမိတို့ရဲ့နီးစပ်ရာ နေရာဒေသတွေကို မြေပုံထဲပါဝင်အောင်ရေးဆွဲလာဖို့ ဒီပွဲကနေတစ်ဆင့် အားပေးလာနိုင်မယ်လို့ မျှော်လင့်မိပါတယ်" ဟု ဖန်တီးရာ၏ စီအီးအိုက ပြောကြားသည်။

ပြိုင်ပွဲဝင်များသည် ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၃ ရက် နံနက် ၉ နာရီနောက်ဆုံးထားကာ တစ်ပတ်အတွင်း သတ်မှတ်ထားသော မြို့နယ်များတွင် မြေပုံ အချက်အလက်များကို သွားရောက်ရေးဆွဲကြမည်ဖြစ်ပြီး အတည်ပြုပြီး မြေပုံအချက်အလက်များ အများဆုံး ထည့်သွင်းနိုင်သောအဖွဲ့က အနိုင်ရရှိမည်ဖြစ်ပါသည်။ အနိုင်ရရှိသောအဖွဲ့ကို ၂၀၁၈ ခုနှစ် မတ် ၃ ရက်တွင် ဆုကြေးငွေကျပ် ဆယ်သိန်းကို ရရှိမည်ဖြစ်ကြောင်း သိရသည်။



ဖန်တီးရာသည် နည်းပညာကို အသုံးပြု၍ မြန်မာနိုင်ငံအတွင်း တိုးတက်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ပေးသည့် နေရာတစ်ခုဖြစ်ပြီး ပြည်တွင်းရှိ နည်းပညာစွန့်ဦးတီထွင်သူများအပေါ် ရင်းနှီးမြှုပ်နှံပေးခြင်း၊ သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ခင်ရတနာ**

# မြွေဖမ်းပြီး စီးပွားရှာခြင်းကြောင့် ဂေဟစနစ်ပျက်စီးနိုင်၍ ထိန်းချုပ်ပေးရန်လို

**ညောင်ဦး ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သော ချောက်၊ ညောင်ဦး၊ ကျောက်ပန်းတောင်းနှင့် ပခုက္ကူမြို့နယ် ဒေသများတွင် လင်းမြွေနှင့် မြွေပွေး ဝယ်သူများရှိပြီး စီးပွားဖြစ် ဖမ်းဆီးရောင်းချနေသူများလည်း ရှိနေကာ ထိုသို့ မြွေဖမ်းပြီး စီးပွားရေးလုပ်ငန်းလုပ်သူများကြောင့် ပတ်ဝန်းကျင်ဒေသများတွင် ဂေဟစနစ် ပျက်စီးမှုများ ရှိလာသည်ဟု ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့မှာ တခြားလုပ်ငန်းလည်း မလုပ်တတ်တော့ဘူး၊ ဒီတော့ မြွေဖမ်းရောင်းတဲ့အလုပ်ကိုပဲ လုပ်ပါတယ်၊ မြွေပွေးတစ်ပိဿာကို ၆၀၀၀နှုန်း ရောင်းရပါတယ်၊ လင်းမြွေတစ်ပိဿာကိုတော့ ငွေကျပ် ၂၂၀၀၀ နှုန်းရောင်းရတယ်၊ တစ်နေကုန် မြွေရှာနိုင်ရင် တန်ဆောင်မုန်း နတ်တော်လတွေမှာ တစ်ယောက်ကို ၂၅၀၀၀၊ ၃၀၀၀၀ လောက်အထိ ရကြတယ်၊ တခြားလုပ်ငန်းတွေက ဒီမြွေရှာတဲ့လုပ်ငန်းလောက် ငွေမရဘူး၊ အဲဒီတော့ နှစ်တိုင်း ဒီအချိန်ရောက်ရင် မြွေရှာထွက်တော့တာပဲ၊ ကျွန်တော်တို့ကတော့ ငရဲနဲ့ဝမ်းစာ နီးရာလှမ်းဆိုတာလို ငရဲကြီးမှန်းသိပေမယ့် အခုရ အခုစားရတဲ့ အလုပ်ကိုပဲ လုပ်နေရတာပါ"ဟု မြွေဖမ်းရောင်းချနေသူတစ်ဦးက ပြောသည်။

အခြား မြွေဖမ်းရောင်းချသူတစ်ဦးကလည်း "မြွေဖမ်းပြီး စီးပွားရှာတယ်ဆိုတာမလွယ်ပါဘူး၊ တစ်ယောက်တည်းရှာလို့မရပါဘူး၊ နှစ်ယောက်သုံးယောက် ဝိုင်းရှာရတာပါ၊ အကြီးဆုံးလင်းမြွေတစ်ကောင်ဆိုရင် နှစ်ပိဿာလောက်ထိရှိတယ်၊ အငယ်ဆိုလျှင်ငါးဆယ်သားကောင်လောက်အထိပဲ ဖမ်းပါတယ်၊ ဖမ်းနေကျမို့သာ ဖမ်းတတ်တာပါ၊ ဖမ်းနေကျမဟုတ်ရင် အန္တရာယ်အလွန်များတယ်၊ နောက် ညနေပိုင်းကျရင် အားလုံးဖမ်းရတဲ့မြွေတွေကို ပွဲစားက အိမ်အရောက် လာဝယ်ပါတယ်၊ မြွေပွေးနဲ့ လင်းမြွေနဲ့ ခွဲချိန်ပါတယ်၊ မြွေဟောက်ကို လုံးဝမဝယ်ပါဘူး၊ လင်းမြွေတွေ မြွေပွေးတွေလည်း အရင်လောက်မပေါတော့ပါဘူး၊ တဖြည်းဖြည်းနဲ့ ရှားလာပါပြီ"ဟု ပြောသည်။

ဒေသခံ တောင်သူတစ်ဦးက "ကျွန်တော်တို့ဆီမှာ လင်းမြွေတွေရှားသွားပြီ၊ မြွေပွေးတွေလည်း ရှားလာပါပြီ၊ နောက်လင်းယုန်ငှက်၊ ဒီးဒုတ်ငှက်၊ စွံစီငှက်၊ ဇီးကွက်၊ ဂျိုးစိမ်း၊ တောကြောင်တွေလည်း လူတွေက သတ်စားတာများလာပြီး ရှားပါးလာတယ်၊ အဲဒါကြောင့် တောင်သူလုပ်ငန်း မြေပဲစိုက်၊ ပြောင်းဖူးစိုက်ရာမှာ ကြွက်ဖျက်ဆီးမှုနဲ့ ရှဉ့်ဖျက်ဆီးမှုတွေ များလာတယ်"ဟု ပြောသည်။

မြွေများဖမ်းဆီး၍ ရောင်းချနေခြင်းကို ဒေသခံအချို့က ဝမ်းရေးအတွက် လုပ်ကိုင်နေကြရသော်လည်း အလွန်အကျွံ ဖမ်းဆီးမှုများ ဖြစ်လာပါက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ သဘာဝဂေဟစနစ်ကို ထိခိုက်ပျက်စီးစေကာ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြွက်များကျခြင်းကို ပို၍ဖြစ်လာစေသဖြင့် တာဝန်ရှိသူများက လိုအပ်သလို ထိန်းချုပ်ပေးစေလိုကြောင်းလည်း ဒေသခံ တောင်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

**ကျော်ဒွေး(ညောင်ဦး)**

# ရေကာတာအဆင့်မြှင့်တင်ရေးကြောင့် နစ်နာသူများအား မြေယာလျော်ကြေးပေးအပ်

**ညောင်တုန်း ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော တာဝ-ပါလှဲ့-ကုက္ကိုလ်ဝတာ တာမိုင် ၀/၀ မှ ၅/၀ အတွင်းနှင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ တာမိုင် ၇၈/၀ မှ ၈၂/၃ အတွင်း ဆည်မြောင်းရေကာတာ မြှင့်ခြင်း၊ တာခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နစ်နာမှုများရှိခဲ့သော တောင်သူများအတွက် မြေယာလျော်ကြေးငွေ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ပန်းလှိုင်ရေထိန်းတံခါး ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းနှင့် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းတို့က အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးခိုင်က လျော်ကြေးငွေကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပါလှဲ့ကျေးရွာအုပ်စု၊ စွန်တနီးကျေးရွာအုပ်စုနှင့် အလယ်ချောင်းကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၃၈ ဦး၏ လယ်မြေ ၂၈ ဒသမ ၃၁၃၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် စုစုပေါင်း လျော်ကြေးငွေကျပ် ၇၀၇ သိန်းကျော်ကို တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေမှ ပေးအပ်ခဲ့သည်။ အဆိုပါ လျော်ကြေးငွေများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးခိုင်တို့က တောင်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့ကာ လျော်ကြေးငွေ လက်ခံရရှိသော တောင်သူများကိုယ်စား စွန်တနီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းယောင်း၌ မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နွားတဲပြိုကျမှုနှင့် ဝမ်ဒန်ရေလှောင်ကန် အမိုးတစ်ခြမ်းလွင့်ပါပျက်စီး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၇ ရက်က မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ဝမ်မန်းကျေးရွာအုပ်စု ဝမ်ဒန်ကျေးရွာ၌ နွားတဲပြိုကျမှုနှင့် ဝမ်ဒန်ရေလှောင်ကန် အမိုးတစ်ခြမ်း လွင့်ပါပျက်စီးမှုဖြစ်ပွားရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်မန်းကျေးရွာအုပ်စု ဝမ်ဒန်ကျေးရွာနေ ဦးအိုက်ခမ်း၏ နေအိမ်ရှိ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ သံဖရိန်အဖီ၊ အလျား ၈ ပေ၊ အနံ ၁၂ ပေခန့်ရှိ နွားတဲ ပြိုကျမှုနှင့် နေကာမှန်ကွဲကျပျက်စီးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော အလျား ၁၈ ပေ၊ အနံ ၈ ပေခန့်ရှိ ဝမ်ဒန်ရေလှောင်ကန် အမိုးတစ်ခြမ်း လွင့်ပါပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီလတတိယပတ်က သာယာဝတီမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာလူထုက ဆောင်ရွက်နေသည့် ကံကလေးကျေးရွာအုပ်စု ကံကလေးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းရန်အတွက် အောက်ခံမြေပြုပြင်ဆောင်ရွက်ခြင်း၊ စခန်းကြီးအုပ်စု သရက်ကုန်းစာဖြူစုကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် စာဖြူစုအုပ်စု မာလာကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းရန်အတွက် အောက်ခံမြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကျေးရွာကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**၀၅၃**

# ရှေးဟောင်းစာပေထိန်းသိမ်းခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရှေးဟောင်းစာပေထိန်းသိမ်းခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲတွင် ရှေးဟောင်းစာပေထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သည့် စာတမ်းများကို ပညာရှင်များဖြစ်သော ဒေါက်တာတိုးလှ၊ ဒေါက်တာကေသီထွေး၊ ဒေါက်တာလှိုင်လှိုင်ကြီး၊ ဗိုလ်မှူးအောင်ကျော်ဆင့်၊ ဒေါ်ရွှေနွယ်စိုးနှင့် ဦးစိုးနောင်ဦးတို့က အသီးသီး ဖတ်ကြားခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည်များမေးမြန်းဆွေးနွေးကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ပညာရှင်များ၏ ဆွေးနွေးအကြံပြုချက်များအပေါ် မူတည်၍ ပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းရေးကော်မတီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

စက်မှုဖွံ့ဖြိုးမှု၏ အကျိုးဆက်ဖြစ်သော လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု မြင့်တက်လာနေခြင်းသည်လည်း ရေကြီးရေလျှံမှုကို ဖြစ်စေသော အကြောင်းရင်းတစ်ရပ် ဖြစ်လာသည်။ သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ ပင်စည်ထဲ၌ ကာဗွန်အဖြစ် သိုမှီးထားကြရသလို အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင် သိမ်းဆည်းထားကြရသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူရမှုပမာဏ လွန်ကဲများပြားလာသည့်အခါ မြေကြီးထဲမှရေကိုစုပ်ယူသော အမြစ်များရှိ ရေစုပ်ပေါက်များ ပိတ်သွားတော့သည်။ ဤသို့အားဖြင့် ကမ္ဘာ့မြေပြင်ပေါ်သို့ ရွာချသော မိုးရေများကို အပေါ်ယံမြေလွှာမှတစ်ဆင့် သစ်ပင်အမြစ်များက စုပ်ယူနိုင်စွမ်း လျော့ကျကာ မိုးရေစီးဆင်းမှုကို များပြားစေလျက် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်လာစေသည်။

### ရေလွှမ်းမိုးမှုဒဏ်

ကမ္ဘာ့လေထုထဲ၌ ရေငွေ့ပါဝင်နှုန်း တိုးလာသည့်အတွက် အမေရိကန်ပြည်ထောင်စုတွင် မိုးရွာသွန်းမှုပမာဏ ငါးရာခိုင်နှုန်းပိုမိုလာခဲ့ပြီး ကမ္ဘာ့မြောက်ဘက်စွန်း ဒေသများ၌မူ ၂၀ ရာခိုင်နှုန်းအထိ ပို၍တိုးလာခဲ့သည်။ ဥရောပတိုက် နေရာအနှံ့အပြား၊ ဩစတြေးလျတိုက်နှင့် အာဖရိကတိုက် တောင်ပိုင်းဒေသများတွင်လည်း မိုးနှင့်ဆီးနှင်းမိုးများရွာသွန်းမှုက ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အကျိုးဆက်များအဖြစ် ဒုတိယထောင်စုနှစ်၏ နောက်ဆုံးဆယ်နှစ်အတွင်း ကမ္ဘာ့ပြည်သူ သန်းပေါင်း ၁၅၀၀ ခန့်သည် ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ကြရသည်။

မှတ်တမ်းများအရ ကမ္ဘာ့အကျယ်ပြန့်ဆုံးသော မြစ်ဝှမ်းဒေသများ၌ အကြီးကျယ်ဆုံးသော ရေလွှမ်းမိုးမှု ၂၁ ကြိမ်ဖြစ်ပေါ်ခဲ့ကာ ယင်းတို့အနက် ၁၆ ကြိမ်မှာ ၁၉၅၃ ခုနှစ်နောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပြီး အဆိုပါတွေ့ရှိချက်က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု စတင်ဖြစ်ပေါ်ခဲ့ချိန် နောက်ပိုင်းမှစ၍ ရေလွှမ်းမိုးမှုအကြိမ် ပို၍များပြားလာကြောင်း ထောက်ပြလျက်ရှိနေသည်။ ထို့ပြင် အနာဂတ်ကာလများ၌ ကမ္ဘာ့ဒေသအနှံ့တွင် ရေဖောင်နေသောမြင်ကွင်းများကို ပိုမိုမြင်တွေ့ကြရလိမ့်မည်ဖြစ်ကြောင်းကိုလည်း အဆိုပါ မှတ်တမ်းများက သတိပေးထောက်ပြလျက် ရှိနေကြသည်။

### မုန်တိုင်းအရေအတွက် တိုးလာဖွယ်ရှိ

မြင့်တက်လာသော ကမ္ဘာ့အပူချိန်သည် အပူပိုင်းဒေသများ၏ ကောင်းကင်ယံရှိ အပေါ်လွှာလေထုအတွင်း တိမ်ဖြစ်ထွန်းမှုကို ပိုမိုများပြားလာစေပြီး ထိုဖြစ်ရပ်က အင်အားအလွန်ကြီးမားသော မုန်တိုင်းများနှင့် သည်းထန်လွန်းသော မိုးရွာသွန်းမှုများကို ဖိတ်ခေါ်လျက်ရှိနေသည်။ သမုဒ္ဒရာရေပြင်အပူချိန် တစ် ဒီဂရီစင်တီဂရိတ် တက်လာတိုင်း အပေါ်လွှာလေထု၌ တိမ်ဖြစ်ထွန်းမှုက ၄၅ ရာခိုင်နှုန်း တိုးလာလျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းမှုကို တစ်ပါတည်း သယ်ဆောင်လာမည့် အင်အားအလွန်ကောင်းသော မုန်တိုင်းအရေအတွက်ကလည်း ဆယ်စုနှစ်တစ်စုလျှင် ခြောက်ရာခိုင်နှုန်း တိုးလာဖွယ်ရှိနေသည်။

မိုးခေါင်ခြင်းဖြစ်ရပ်များကြောင့် ကမ္ဘာ့အရပ်ဒေသအချို့တွင် သောက်သုံးရေ အခက်အခဲဖြစ်ခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ အပူဒဏ်ကို လွန်ကဲစွာ ခံစားကြရခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်ခြင်း၊ သဲကန္တာရများ ကျယ်ပြန့်လာခြင်း စသော ဆိုးကျိုးများစွာကို ခံစားကြရစေသလို ရေဖောင်သော ဖြစ်ရပ်များကြောင့်လည်း ကမ္ဘာ့အရပ်ဒေသအချို့၌ ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ် ထိခိုက်ပျက်စီးခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ကျွဲနွားတိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ကျရောက်ခံစားရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ ပညာရေး၊ စီးပွားရေးနှင့် ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များအပေါ် သိသာသော ထိခိုက်မှုများ ဖြစ်ပေါ်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကြေးနှင့် အချိန်များစွာ အကုန်အကျခံရခြင်း စသော လူမှုဒုက္ခဆိုးများကို ခံစားကြရစေသည်။

### သဲကန္တာရများ ကျယ်ပြန့်လာနေခြင်း

မိုးခေါင်မှု၏ ဆက်စပ်ဆိုးကျိုးများထဲတွင် သဲကန္တာရများ ကျယ်ပြန့်လာနေခြင်းသည် ကြောက်စရာအကောင်းဆုံးပင်ဖြစ်သည်။ ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသနှင့် တရုတ်ပြည်မြောက်ပိုင်း ဒေသများသည် သဲကန္တာရနယ်မြေ ကျယ်ပြန့်စွာတည်ရှိသော ဒေသများဖြစ်ပြီး ထိုသဲကန္တာရနယ်မြေများသည် မည်သည့်အခါမျှ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်စားသောက်နိုင်သော မြေအဖြစ်သို့ ပြန်လည်မရောက်ရှိနိုင်တော့သော နယ်မြေများဖြစ်ကြသည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းသည် ကမ္ဘာ့မြေပြင်ကို ပို၍ခြောက်သွေ့စေခြင်းဖြင့် မိုးခေါင်မှုကို အဆတိုးကာ ဖြစ်ပေါ်လာစေသည့်နည်းတူ ရေသံသရာလည်ခြင်းဖြစ်စဉ်ကိုလည်း ပို၍မြန်ဆန်စေခြင်းဖြင့် မိုးရွာသွန်းမှုပမာဏကို အဆတိုး၍ များပြားလာစေခြင်းကြောင့် ရေဖောင်သောဖြစ်ရပ်များကို တိုး၍ ကြုံတွေ့ကြရစေသည်ဖြစ်ရာ၊ လူမှုဒုက္ခအပေါင်းကို ကြုံတွေ့ရစေသည့် မိုးခေါင်မှုနှင့် ရေဖောင်မှုများမှ ရှောင်လွှဲနိုင်ကြစေရန်အတွက် ကမ္ဘာကြီး ပူနွေးလာနေမှုကို တတ်နိုင်သည့်နည်းလမ်းများဖြင့် အစွမ်းကုန် တိုက်ဖျက်သွားကြရမည်သာ ဖြစ်ပေသည်။

### ယုတ်လျော့လာနေသော တောင်ထိပ်ရေခဲပြင်များ

ကမ္ဘာအရပ်ရပ်တွင် ဆီးနှင်းများဖုံးလွှမ်းနေသည့် တောင်ထိပ်များကို နေရာဒေသအနှံ့ တွေ့ရှိနိုင်သည်။ အဝေးကကြည့်လျှင် ဖြူလွလွဆီးနှင်းများ ဖုံးလွှမ်းနေသော တောင်စဉ်တောင်တန်းတို့၏ ထိပ်ပိုင်းနေရာများသည် တောင်၏နောက်ခံဖြစ်သော ကောင်းကင်ပြာလဲ့လဲ့နှင့်အတူ အလွန်လှပသော မြင်ကွင်းတစ်ရပ်အဖြစ် ရှုမောဖွယ်ကောင်းလှသည်။

ဆီးနှင်းဖြူတို့၏အောက်တွင် ရေခဲပြင်ကြီးများရှိနေပြီး ထိုရေခဲပြင်ကြီးများသည် နှစ်ပရိစ္ဆေဒ ကြာရှည်စွာ စုဖွဲ့ဖြစ်ပေါ်နေသော ရေခဲအစုအဝေးကြီးများ ဖြစ်ကြသည်။ ဆောင်းဥတုကာလများတွင် တောင်ထိပ်များပေါ်သို့ သိပ်သည်းထူထပ်စွာ ကျရောက်သော ဆီးနှင်းများသည် ထုထဲသောရေခဲပြင်ကြီးများကို ဖြစ်တည်လာစေခဲ့သည်။

ဆောင်းဥတုကာလကို လွန်မြောက်သည့်အခါ တဖြည်းဖြည်း အပူချိန်မြင့်တက်လာပြီး တောင်ထိပ်ရေခဲပြင်ကြီးများ စတင်အရည်ပျော်လာသည်။ သို့ရာတွင်



မြေပြန့်မြေမျက်နှာပြင်ပေါ်၌ အပူချိန်မြင့်တက်လာခြင်းကြောင့် ရေခဲများ အရည်ပျော်ခြင်းမျိုးနှင့်မတူဘဲ တဖြည်းဖြည်းချင်း နှေးကွေးစွာ အရည်ပျော်လာကြခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပထဝီမြေမျက်နှာသွင်ပြင်၏ သဘောတရားအရ အလွန်မြင့်မားသောနေရာများ၌ အပူချိန်မြင့်တက်နှုန်းသည် မြေပြန့်ဒေသမြေမျက်နှာပြင်ပေါ်၌ အပူချိန်မြင့်တက်သည့်နှုန်းထက် များစွာ လျော့နည်းသောကြောင့် ဖြစ်သည်။

တောင်ထိပ်ရေခဲပြင်များမှ ကျဆင်းလာသော ရေခဲပျော်ရည်များသည် မြစ်ဖျားများကို ဖြစ်ပေါ်လာစေပြီး ထိုသို့သော မြစ်ဖျားများအချင်းချင်း ပေါင်းဆုံစီးဆင်းခြင်းကြောင့်လည်းကောင်း၊ မြစ်ဖျားတစ်ခုတည်းက စီးဆင်းလာသော ရေခဲပျော်ရည်များသည် ရေဝေဒေသများမှ စီးဝင်လာသော မိုးရေများ၊ တွင်းရေကန်ရေများ၊ စွန့်ပစ်ရေများနှင့် ပေါင်းစပ်စီးဆင်းခြင်းကြောင့်လည်းကောင်း မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ကို ဖြစ်ထွန်းလာစေသည်။

ဤသို့အားဖြင့် တောင်ထိပ်ရေခဲပြင်များကို အကြောင်းပြု၍ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် ကမ္ဘာ့ နေရာဒေသအနှံ့တွင် စီးဆင်းလျက်ရှိနေကြသည်။ ဆီးနှင်းနှင့် ရေခဲပြင်များ ဖုံးလွှမ်းနေသော တောင်စဉ် တောင်တန်းကြီးများသည် ကမ္ဘာ့မြောက်ပိုင်း အရပ်ဒေသများ၌သာ တည်ရှိနေကြသည့်အတွက် တောင်ထိပ်ရေခဲပြင်များမှ အစပြု၍ ဖြစ်ပေါ်လာသော ကမ္ဘာ့မြစ်ကြီးမြစ်ငယ် အများစုတို့သည် မြောက်အရပ်မှ တောင်အရပ်သို့သာလျှင် စီးဆင်းလျက်ရှိနေကြသည်။

သို့ရာတွင် ရေဝေဒေသတို့၏ တည်ရှိနေပုံ အနေအထားအရ တောင်အရပ်မှ မြောက်အရပ်သို့ စီးဆင်းနေသော အရေအတွက်ပမာဏ အလွန်နည်းလှသည့် မြစ်အချို့တို့ကမူ လူတို့ ဖန်တီးဖောက်လုပ်ထားသော တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်အချို့နှင့်အတူ ဒေသအလိုက် စီးဆင်းလျက်ရှိနေကြသည်။

ကမ္ဘာ့ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် ရေကြောင်းပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းရေး၊ ရေထွက်ပစ္စည်းထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည်တို့ကို ကောင်းစွာ အထောက်အပံ့ပြုပေးရုံမျှမက တသွင်သွင်စီးဆင်းနေသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ကြောင့် မြစ်ကမ်းဘေးဝဲယာရှိ မြို့ရွာတို့၏ တည်နေပုံမှာ အလွန်ပင် တင့်တယ်ကြည့်ကောင်းလှသည်။

### တိဗက်ကုန်းပြင်မြင့် ဒေသ

ကမ္ဘာပေါ်တွင် မြောက်ဝင်ရိုးစွန်းအရပ်ဖြစ်သည့် အာတိတ်ဒေသသည် ရေခဲပြင်ဖုံးလွှမ်းမှု ထုထည်ပမာဏ အကြီးမားဆုံးနှင့် ဧရိယာအကျယ်ပြန့်ဆုံးသော အရပ်ဒေသဖြစ်ပြီး တောင်ဝင်ရိုးစွန်းရှိ အန္တာတိကဒေသကမူ ရေခဲပြင်ဧရိယာ ဒုတိယအကျယ်ပြန့်ဆုံးရှိသော ဒေသဖြစ်သည်။ အဆိုပါ ဝင်ရိုးစွန်းဒေသနှစ်ခုပြီးလျှင် ကမ္ဘာပေါ်၌ ရေခဲဖုံးလွှမ်းသည့်ဧရိယာ တတိယမြောက် အကြီးဆုံးနှင့် အကျယ်ပြန့်ဆုံး ဖြစ်ပေါ်တည်ရှိနေသည့်အရပ်မှာ တိဗက်ကုန်းပြင်မြင့် ဒေသပင်ဖြစ်သည်။

တိဗက်ကုန်းပြင်မြင့်ဒေသတွင် ရေခဲမြစ်ပေါင်း ၃၇၀၀၀ ခန့် ရှိနေပြီး ထိုဒေသကြီးအပါအဝင် ဟိမဝန္တာ တောင်တန်းဒေသတစ်ခုလုံးရှိ ရေခဲပြင်နှင့် ရေခဲမြစ်များမှ ပျော်ကျစီးဆင်းလာသော ရေများသည် ကမ္ဘာ့မြစ်ကြီးများစာရင်းဝင် မြစ်ဝါမြစ်၊ ယန်စီမြစ်၊ မဲခေါင်မြစ်၊ သံလွင်မြစ်၊ ဧရာဝတီမြစ်၊ အိန္ဒုမြစ်၊ ဂင်္ဂါမြစ်စသော မြစ်ကြီးများစွာတို့ကို ဖြစ်ပေါ်စီးဆင်းစေလျက်ရှိသည်။

### ကမ္ဘာ့ပြည်သူတို့အတွက် မှီခိုအားထားရာ

ကမ္ဘာ့ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် ဂေဟစနစ်ကို ကောင်းစွာဖြစ်ထွန်းစေသဖြင့် သဘာဝပတ်ဝန်းကျင်အတွက် အလွန် အရေးပါအရာရောက်ရုံမျှမက ကမ္ဘာ့ပြည်သူတို့အတွက် မှီခိုအားထားရာများလည်း ဖြစ်ကြသည်။ ဟိမဝန္တာတောင်တန်းဒေသ ကုန်းပြင်မြင့်များရှိ ရေခဲပြင်များမှ အရည်ပျော်ကျဆင်းလာသော မြစ်ရေများကို ကမ္ဘာ့လူဦးရေ သန်း ၂၀၀၀ တို့က မှီခိုသောက်သုံးနေကြရသလို ကျန်ရှိသော ကမ္ဘာ့ဒေသများ၌လည်း တောင်ထိပ်ရေခဲပျော်ရည်တစ်ဖြစ်လည်း မြစ်ရေများကို လူသန်းပေါင်းများစွာတို့က မှီခိုအားထားနေကြရသည်။

ထိုကဲ့သို့ ကမ္ဘာ့လူသား သန်းပေါင်းများစွာတို့၏ မှီခိုအားထားရာလည်းဖြစ် ဂေဟစနစ်ကို ကောင်းစွာဖြစ်ထွန်းစေပြီး သဘာဝပတ်ဝန်းကျင်အတွက်လည်း အလွန်အရေးပါအရာရောက်သည့် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့ သန္ဓေတည် အစပြုရာဖြစ်သော တောင်ထိပ်ရေခဲပြင်ကြီးများသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် တဖြည်းဖြည်း လျော့ပါးပျောက်ကွယ်လျက် ရှိနေပြီဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ မော်တော်ကားများအပါအဝင် အင်ဂျင်စက်အမျိုးမျိုးတို့နှင့် စက်ရုံအလုပ်ရုံများ၊ ရေနံနှင့် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်သစ်စိုက်ပျိုးရေးနှင့် အသားတိုးမွေးမြူရေးလုပ်ငန်းများ စသည်တို့ကြောင့် ထွက်ပေါ်လာသည့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များသည် ကမ္ဘာ့အပူချိန်ကို သိသာစွာ မြင့်တက်လာစေခဲ့သည်။

လွန်ခဲ့သောနှစ် ၁၀၀ အတွင်း ကမ္ဘာ့လေထု၏ ပျမ်းမျှအပူချိန်သည် ၀ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့သလို ကမ္ဘာ့ရေခဲမြစ်ကြီးများ၏ ပျမ်းမျှအပူချိန်ကလည်း ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ မြင့်တက်လာခဲ့သည်။ ရေခဲပြင်များတည်ရှိရာ ကမ္ဘာ့တောင်ထိပ်နေရာများသည်လည်း အပူချိန်များ မြင့်တက်ခဲ့ပြီး ဟိမဝန္တာတောင်တန်းဒေသ ကုန်းပြင်မြင့်များ၏ အချို့နေရာများ၌ အပူချိန် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်အထိပင် မြင့်တက်ခဲ့ကြောင်း သုတေသနပြု ဖော်ထုတ်တွေ့ရှိရသည်။

ယင်းကဲ့သို့ ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းကြောင့် ကမ္ဘာအရပ်ရပ်ရှိ ရေခဲမြစ်အများစုမှာ ကျုံ့ဝင်လျော့ကျလာနေသလို အချို့သော ရေခဲမြစ်များမှာ လုံးဝပင်ပျောက်ကွယ်သွားပြီဖြစ်သည်။ ခြွင်းချက်အနေဖြင့် ဟိမဝန္တာတောင်တန်း အနောက်ဘက်ရှိ ကာရာကိုရန် တောင်တန်းများပေါ်မှ ရေခဲမြစ်အချို့မှာ ပိုမိုကြီးမားကျယ်ပြန့်လာသည်မှအပ ကျန်ရေခဲမြစ်များအားလုံးတို့သည် တဖြည်းဖြည်းချင်း အရည်ပျော်လာကြပြီး ပျောက်ကွယ်သွားတော့မည့် အန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။

### ပျောက်ကွယ်သွားတော့မည့် ရေခဲမြစ်များ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ကုန်းမြင့်ဒေသများ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကာလအတွင်း ရေခဲဖုံးလွှမ်းနေသည့် ဧရိယာမှာ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့သလို တာဂျစ်ကစ္စတန်ဒေသ၌လည်း ရေခဲဖုံးလွှမ်းနေသော ဧရိယာမှာ ရာစုနှစ်ဝက်အတွင်း ၃၅ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့သည်။ အလားတူပင် တိဗက်ကုန်းပြင်မြင့်ဒေသရှိ ရေခဲမြစ်အစင်းပေါင်း ၆၀၀ နီးပါးတို့သည်လည်း ဒေသအပူချိန်များ မြင့်တက်လာခြင်းကြောင့် ရေခဲပြန်ဖြစ်သည့်နှုန်းထက် အရည်ပျော်သည့်နှုန်းက ပိုမိုမြင့်မားလျက်ရှိနေကြသည်။

ကမ္ဘာ့အပူချိန်မြင့်တက်မှုကြောင့် တောင်ထိပ်ရေခဲပြင်များ အရည်ပျော်သွားသည့်အခါ အောက်ခံမြေသားပေါ်လာပြီး ယင်းအောက်ခံမြေသားသည် မူလ ရေခဲပြင်ချပ်ကြီးထက် နေ၏အပူဓာတ်ကို ပိုမိုစုပ်ယူနိုင်ကာ ယင်းသို့စုပ်ယူထားသော အပူဓာတ်ကြောင့်ပင် ရေခဲပြင်များကို ပိုမိုလျင်မြန်စွာ အရည်ပျော်ကျစေခြင်းအားဖြင့် တောင်ထိပ်ရေခဲပြင် အရည်ပျော်ခြင်း သံသရာချားရဟတ်မှာ ဆက်၍ဆက်ကာ လည်ပတ်လျက်ရှိနေသည်။

တောင်ထိပ်ရေခဲပြင်များ အရည်ပျော်ပြီး ပျောက်ကွယ်လာနေခြင်းသည် မြင်ကွင်းပသာဒတင့်တယ်မှုကို ယုတ်လျော့ကျဆင်းသွားစေရုံမျှသာမဟုတ်ဘဲ ကမ္ဘာ့ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့၏ ဖြစ်တည်စီးဆင်းနေမှုကိုပါ စိန်ခေါ်နေသော ခြိမ်းခြောက်မှုကြီးတစ်ရပ် ဖြစ်လျက်ရှိနေသည်။ သဘာဝအလျောက် ဖြစ်တည်စီးဆင်းနေသော မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့၏ တည်တံ့နေမှုအပေါ် ခြိမ်းခြောက်နေခြင်းသည် သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေခြင်းပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ကြီး တစ်ခုလုံးကို ခြိမ်းခြောက်နေခြင်းသည်လည်း ဇီဝမျိုးစုံမျိုးကွဲအားလုံးတို့ကို ခြိမ်းခြောက်နေခြင်းပင် ဖြစ်သည်။ တစ်နည်းဆိုရသော် လူသားမျိုးဆက်သစ်များနှင့် အနာဂတ် ကမ္ဘာကြီးကိုပါ ခြိမ်းခြောက်လျက်ရှိနေခြင်းပင် ဖြစ်သည်။

တောင်ထိပ်ရေခဲပြင်များနှင့် ရေခဲမြစ်များ အရည်ပျော် ပျောက်ကွယ်သွားခြင်းသည် တန်ဖိုးဖြတ်၍မရသော မိုးလေဝသမှတ်တမ်းများကို လက်လွှတ်ဆုံးရှုံးလိုက်ရခြင်းလည်းဖြစ်သည်။ သိပ္ပံသုတေသီတို့သည် ရေခဲမြစ်အပိုင်းအစများကို စူးစမ်းလေ့လာ သုတေသနပြုခြင်းဖြင့် အဆိုပါရေခဲမြစ်တည်ရှိရာဒေသတွင် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကာလက ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသအခြေအနေများကို ဖော်ထုတ်နိုင်ကြပြီဖြစ်သည်။

ထို့ကြောင့်ပင် တောင်ထိပ်ရေခဲပြင်များနှင့် ရေခဲမြစ်များ ပျောက်ကွယ်ဆုံးရှုံးနေရခြင်းကို တားဆီးနိုင်ရန်အလို့ငှာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို လျှော့ချပြီး ကမ္ဘာကြီးပူနွေးလာနေမှုကိုလည်း အစွမ်းကုန် တိုက်ဖျက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

# ကော့သောင်း-ရနောင်း ကူးတို့ပဲ့ချိတ်စက်လှေများ စက်သံမကျယ်လောင်ရေး သတိပေးချက်များထုတ်ပြန်ထား



**ကော့သောင်း ဖေဖော်ဝါရီ ၂၈**

ထိုင်းနိုင်ငံ ရနောင်းမြို့နှင့် မြန်မာနိုင်ငံ ကော့သောင်းမြို့တို့ကြား ပြေးဆွဲလျက်ရှိသည့် ပဲ့ချိတ်စက်လှေများတွင် တပ်ဆင်ထားသည့် အင်ဂျင်စက်သံများ ကျယ်လောင်စွာ ထွက်ပေါ်နေသဖြင့် အများပြည်သူ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် ပြန်လည်ပြုပြင်ကြရန် ထိုင်းတပ်မတော်နှင့် မြန်မာနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပဲ့ချိတ်ပြေးဆွဲသူ ပိုင်ရှင်များအား သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က သိရသည်။

ကော့သောင်း-ရနောင်းပြေးဆွဲလျက်ရှိသည့် ပဲ့ချိတ်စက်လှေများ အပါအဝင် ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ သွားရောက်မည့် စက်လှေများအနေဖြင့် စက်သံကျယ်ပါက ထိုင်းအာဏာပိုင်များဘက်မှ လှေသိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ရနောင်းဘက်သို့ ဝင်လာသည့် စက်တပ်လှေများအား သတိပေးချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ခရီးသည်တင် ပဲ့ချိတ်စက်လှေများအပြင် စက်သံကျယ်လောင်စွာ ထွက်ပေါ်သည့် အခြား စက်လှေများအားလုံးကိုလည်း အရေးယူရန်ရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ထိုသို့ အသံကျယ်လောင်သည့် စက်တပ်လှေအားလုံးကို ပထမဆုံးအကြိမ်အဖြစ် သတိပေးပြီးနောက် ထပ်မံဝင်ရောက်လာမည်ဆိုပါက ထိုင်းနိုင်ငံ၏ ဥပဒေများအရ ငွေဒဏ် ဘတ် ၅၀၀၀ ပေးဆောင်စေခြင်း သို့မဟုတ် စက်လှေသိမ်းခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထိုင်းတပ်မတော် တပ်ရင်း(၂၅)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံဘက် ကော့သောင်းမြို့အနေဖြင့်လည်း လက်ရှိအချိန်မှာ ခရီးသွားရာသီရောက်ရှိနေပြီး ပြည်တွင်းပြည်ပ ခရီးသည်များ ကော့သောင်းမြို့သို့ လာရောက်နေကြပြီဖြစ်ရာ အဆိုပါ ပဲ့ချိတ်စက်လှေများ၏ အသံကျယ်အိတ်ဇောများကြောင့် ယခုနှစ် ခရီးသွားရာသီအတွင်း ကော့သောင်းဒေသ ပင်လယ်ကျွန်းခရီးစဉ်များသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းများရှိနေကြောင်း သိရသည်။

ထို့ကြောင့် ကော့သောင်းမြို့၏ပုံရိပ်ကျဆင်းမှု မဖြစ်ပေါ်စေရေးအတွက် ပဲ့ချိတ်မောင်းနှင်သူနှင့် ပိုင်ရှင်များအား မိမိတို့ မောင်းနှင်မည့် ပဲ့ချိတ်စက်လှေများ၏ အင်ဂျင်များတွင် ဆိုင်လင်ဇာ (အသံထိန်း ကိရိယာများ)တပ်ဆင်ပြေးဆွဲကြရေး မြို့နယ်ရေယာဉ်ငယ်များ ထိန်းသိမ်းရေးအသင်းက ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားပြီးဖြစ်ကြောင်း မြို့နယ်ရေယာဉ်ငယ်များ ထိန်းသိမ်းရေးအသင်း ဥက္ကဋ္ဌ ဦးတင်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# နိုင်ငံတစ်ဝန်း အလုပ်သမားရေးရာကိစ္စရပ်များကို နည်းလမ်းမှန်ဖြေရှင်းနိုင်ရန် နီးနှောဖလှယ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းဆိုင်ရာ နီးနှောဖလှယ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ်၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ နီးနှောဖလှယ်ပွဲတွင် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့်အဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်




**နီးနှောဖလှယ်ပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင် ဆွေးနွေးစဉ်။**

ဓာတ်ပုံ- မင်းထက်

ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ILO မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ခုံသမာဓိအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့(CTUM)၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF)၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ် လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(AFFM- IUF)၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့ရုံးများမှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ စသည့် ကဏ္ဍပေါင်းစုံမှ အင်အား ၁၂၅ ဦး တက်ရောက်ဆွေးနွေးသည်။

နီးနှောဖလှယ်ပွဲတွင် တက်ရောက်လာကြသော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များက လက်ရှိဖြစ်ပေါ်နေသော အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ ဖြေရှင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို အချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အသိအမြင်များ ဖလှယ်ခဲ့ကြပြီး အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေပြင်ဆင်နိုင်ရေးတို့အတွက် လိုအပ်သော အကြံပြုချက်များကိုလည်း တင်ပြဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မူခင်းကျဆင်းရေးအတွက် ကွင်းဆင်းဟောပြော

**စေတုတ္တရာ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့မရဲစခန်းမှ ဒုရဲမှူးသန်းဆွေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်း မူခင်းများနှင့် သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က အောက်ပုံကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စေတုတ္တရာမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းဆွေက ကျေးလက်နေပြည်သူများအား မူခင်းကျဆင်းရေးဆိုင်ရာများ၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားအောင် သတိပြုသင့်သည့်အချက်များနှင့် သက်ငယ်မုဒိမ်းမှုအတွက် အရေးယူဆောင်ရွက်နိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဥပဒေ၊ နည်းဥပဒေများ စသည်တို့ကို ရှင်းလင်းဆွေးနွေးဟောပြောသည်။ ထို့နောက် ဒုရဲအုပ်မျိုးမင်းသိန်းက ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သိရှိလိုက်နာဆောင်ရွက်ရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပြီး ကျေးလက်နေပြည်သူများက သိရှိလိုသည့်အချက်များကိုမေးမြန်းဆွေးနွေးကြရာ ဒုတိယရဲမှူးသန်းဆွေက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ထိုင်းအလုပ်ရှင်နှင့် မြန်မာအလုပ်သမား ညှိနှိုင်းသဘောတူမှုကို ဖောက်ဖျက်၍ အကူအညီတောင်းခံထား

**မဲဆောက် ဖေဖော်ဝါရီ ၂၈**

ထိုင်းနိုင်ငံ မဲဆောက်မြို့ ဝါးစကင်းရပ်ကွက်ရှိ Gold File ကျောက်သွေးစက်ရုံတွင် ထိုင်းအလုပ်ရှင်က မြန်မာအလုပ်သမားများနှင့် သဘောတူထားသည့် အချက်များအား ဖောက်ဖျက်ကာ ထိုင်းဘတ်ငွေ ၄၀၀၀ ထပ်မံတောင်းယူနေပြီး မပေးနိုင်ပါက အလုပ်မဆင်းရဟု ပြောနေသည့်အတွက် မဲဆောက်အခြေစိုက် KTG မြန်မာအလုပ်သမားများ အထွေထွေလူမှုကူညီရေးရုံးသို့ အကူအညီတောင်းခံမှုများရှိနေကြောင်း သိရသည်။

Gold File ကျောက်သွေးစက်ရုံမှ မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသမီး ၄၀ သည် ဖေဖော်ဝါရီ ၂၆ ရက်က မဲဆောက်အခြေစိုက် (KTG) မြန်မာအလုပ်သမားများ အထွေထွေလူမှုကူညီရေးရုံးသို့ ရောက်ရှိလာပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ အကူအညီအတောင်းခံခဲ့ခြင်းဖြစ်သည်။

"ဖေဖော်ဝါရီ ၁၄ ရက်က အလုပ်သမားတွေ မကျေနပ်လို့ ဆန္ဒပြခဲ့ကြတာကြောင့် KTG က ကိုသားကြီးနဲ့ ထိုင်းကတာဝန်ရှိသူတွေ လာရောက်ပြီး အချက် ခြောက်ချက်နဲ့သဘောတူညီ လက်မှတ်ထိုးခဲ့ကြတယ်၊ အခုကျတော့ ဖေဖော်ဝါရီ ၁၉ ရက်ကတည်းက အလုပ်မဆင်းခိုင်းတော့ဘဲ အလုပ်ဆင်းချင်ရင် ဘတ် ၄၀၀၀ ပေးရမယ်လို့ပြောလို့ ကျွန်မတို့က KTG မှာ အကူအညီလာတောင်းတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှလာ၍ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသူ မဇင်ဇော်ဇော်က ပြောသည်။

KTG မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုသားကြီးက "အဲဒီစက်ရုံမှာ မြန်မာအမျိုးသမီးအလုပ်သမားတွေ စုစုပေါင်း ၁၆၀၀ လောက် အလုပ်လုပ်နေကြတယ်၊ အများစုက ဘာအထောက်အထားမှမရှိကြဘူး၊ အရင်က နားလည်မှုနဲ့ ပိုင်ရာဆိုင်ရာကို ပေးကမ်းပြီး လုပ်နေကြပေမယ့် အခုပြင်ဆင်လိုက်တဲ့ အလုပ်သမားဥပဒေတွေအရ အထောက်အထားလုပ်ကြရတော့မှာမို့ အလုပ်ရှင်ရဲ့ကိုယ်စားလှယ်က အလုပ်သမားတစ်ဦးကို ဘတ် ၄၀၀၀ တောင်းတယ်၊ အလုပ်သမားတွေက မပေးနိုင်တော့ အခုလ ၁၉ ရက်နေ့ကစပြီး အလုပ်မဆင်းစေတော့ဘူး၊ ဒါကို အလုပ်သမားတွေက ကျွန်တော့်ဆီ အကူအညီလာတောင်းကြတာပါ၊ ကျွန်တော်က သက်ဆိုင်ရာ ထိုင်းရဲ၊ လဝက၊ အမှတ် ၁၄ တပ်ရင်းက ဗျူဟာမှူး၊ အလုပ်သမားဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ အလုပ်သမားတွေကို နှစ်ဦးနှစ်ဖက်ပေးတွေ့ပြီး ကြားခံညှိနှိုင်းပေးမှာဖြစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အလုပ်သမားတွေဆီက တောင်းတဲ့ တစ်ဦးကိုဘတ် ၄၀၀၀ ကိုတော့ ပေးစရာမလိုအောင် ကျွန်တော် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**ထိန်လင်းအောင်**



# ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအကြောင်း အသိပေးဆွေးနွေး

**အင်္ဂပူ ဖေဖော်ဝါရီ ၂၈**

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို အင်္ဂပူမြို့နယ် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ကြီးမှူး၍ အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ထွန်းအေးက ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များကို အထူးလိုက်နာဆောင်ရွက်ရေး တိုက်တွန်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အတွင်းမှဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်နေကြသူများ၊ စက်သုံးဆီအရောင်းဆိုင်ရှင်များ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# လမ်းအဆင့်မြှင့်တင်ခြင်းအတွက် မြေစွန့်လွှတ်ရသူများအား ဒုတိယအကြိမ် လျော်ကြေးပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၂၈**

အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လမ်းနှင့် မလွတ်ကင်းသောကြောင့် မြေယာများ ဖယ်ရှားပေးရသူများအား ဒုတိယအကြိမ် လျော်ကြေးငွေပေးအပ်ပွဲကို ဘားအံမြို့ ကန်သာဦးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး အိန္ဒိယ -ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း မြေယာ လျော်ကြေးပေးအပ်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာက လျော်ကြေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အိန္ဒိယ-ကော့ကရိတ်လမ်း စီမံကိန်းဒါရိုက်တာ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးဝင်းလွင်က လျော်ကြေးငွေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လမ်းအဆင့်မြှင့်တင်ခြင်းကြောင့် ထိခိုက်နစ်နာမှုရှိခဲ့သည့် အိမ်ထောင်စု ၉၆ စုအတွက် လျော်ကြေးငွေကျပ် ၁၁၁၅ သန်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

"လမ်းလုပ်တဲ့နေရာမှာ မလွတ်လို့ တဲတစ်လုံးပါ သွားတယ်၊ အခုလိုနစ်နာကြေး ပေးတော့ ကောင်းတာပေါ့၊ ပြည်သူအများအတွက် ကောင်းဖို့လုပ်တာဆိုတော့ ဘာမှကန့်ကွက်စရာမရှိပါဘူး၊ ကျေနပ်မှုရှိပါတယ်"ဟု လျော်ကြေး ငွေကျပ်ငါးသိန်း ရရှိသူ ဖရဲကျေးရွာအုပ်စု နောင်ပတုတ်ကျေးရွာမှ ဦးရွှေအောင်က ပြောသည်။

အိန္ဒိယ-ကော့ကရိတ်လမ်းသည် မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်း၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား အဓိက ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုလည်းဖြစ်ကာ လမ်းအဆင့်မြှင့်တင်ခြင်းကြောင့် ထိခိုက်နစ်နာမှုရှိခဲ့သော ဒေသခံပြည်သူ ၇၃ ဦးအား လျော်ကြေးငွေ ကျပ် ၆၆၆ သန်းကို ၂၀၁၇ အောက်တိုဘာလဆန်းက ပထမအကြိမ် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# စည်ပင်သာယာရေးဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက ကြီးမှူး၍ စစ်ကိုင်းခရိုင်အတွင်းရှိ စည်ပင်သာယာရေးကော်မတီများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံ၍ စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်သည့် ဥပဒေ(မူကြမ်း)များ ရှင်းလင်းညှိနှိုင်းဆွေးနွေးပွဲကို စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်နီလာလွင်က အမှာစကားပြောကြားပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများ၊ မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသန်းနှင့်တာဝန်ရှိသူများ၊ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ပညာပေးဟောပြော

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၈**

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့များအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ကျောက်ဆည်ခရိုင် မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ ခရိုင်ဥပဒေအရာရှိဒေါ်သီတာလွင်က ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။ ထို့နောက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းသိန်းနှင့် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

# မန္တလေး၌ ရေခဲစက်မှ အမိုးနီးယား ယိုစိမ့်ပျံ့နှံ့မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဘုန်းတော်ကြီးရပ်ကွက်ရှိ မိဘမေတ္တာရေခဲစက်တွင် ဖေဖော်ဝါရီ ၂၅ ရက်က အမိုးနီးယား ယိုစိမ့်ပျံ့နှံ့မှုဖြစ်ပွားသဖြင့် ပတ်ဝန်းကျင်နေသူ ၂၅ ဦး မူးဝေအော့အန်မှုများ ဖြစ်ခဲ့ကြပြီး မန္တလေးပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့ကြရကြောင်း သိရသည်။

အဆိုပါ အမိုးနီးယား ယိုစိမ့်ပျံ့နှံ့မှုဖြစ်ပွားသည့် မိဘမေတ္တာရေခဲစက်ကို မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဒေါက်တာသစ်ဆင်း၊ ကော်မတီဝင် ဦးခိုင်မြင့်နှင့် သန့်ရှင်းရေးဌာန တာဝန်ရှိသူများက ညတွင်းချင်း လာရောက်၍ ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းများရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့သည်။

ထို့အပြင် ဆေးရုံကြီး၌ ဆေးကုသမှုခံယူပြီး၍ ပြန်လည်သက်သာလာသော မူးဝေအော့အန် လူနာများအား ဆေးရုံမှ ပြန်လည်ခေါ်ဆောင်ပေးကာ ရပ်ကွက်မဏ္ဍာရုံ၌ တစ်ညတာ ရှောင်နေနိုင်ရန် လိုအပ်သည်များကိုလည်း မြို့တော်စည်ပင်သာယာရေးကော်မတီဝင်နှင့် အဖွဲ့က စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

# လူငယ်ရေးရာမူဝါဒ ထပ်ဆင့်ရှင်းလင်းပြီး လူငယ်ရေးရာကော်မတီ စတင်ဖွဲ့စည်း

**ပဲခူး ဖေဖော်ဝါရီ ၂၈**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် လူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာမူဝါဒထပ်ဆင့်ရှင်းလင်းပွဲကို ပဲခူးမြို့ သီရိဟံသာ ခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက အမှာစကားပြောကြားရာတွင် အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်ထု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော လူငယ်ရေးရာမူဝါဒကို ဇန်နဝါရီ ၅ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မိတ်ဆက်ဖြန့်ချိပေးခဲ့ပြီးဖြစ်သလို ယခုအခါ ပဲခူးတိုင်းဒေသကြီးတွင်လည်း ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စုစုပေါင်း လူဦးရေ၏ ၃၅ ဒသမ ၅၈ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပြီး နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအား အရင်းအမြစ်များ လည်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေး၊ ပြန်လည်ထူထောင်ရေး စသည့် လူငယ်ထုနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသော လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်းနှင့် လူငယ်ရေးရာမူဝါဒနှင့်အတူ ဖြစ်ပေါ်လာမည့် လူငယ်ကိုယ်စားလှယ်များ အနေဖြင့် ကျား၊ မ ခွဲခြားမှုမရှိသည့် သဘောထားအမြင်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာအဖွဲ့မှ ဦးအောင်ကိုကိုက လူငယ်ရေးရာမူဝါဒတွင် ပါရှိသော အခန်းကဏ္ဍများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာမူဝါဒ ရေးဆွဲရေးအဖွဲ့ဝင် ဦးထိုက်ထိုက်က လူငယ်ရေးရာမူဝါဒအရ ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ရွေးကောက် တင်မြှောက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအဆင့် လူငယ်ရေးရာကော်မတီတွင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ဥက္ကဋ္ဌ၊ လူငယ်ရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အတွင်းရေးမှူး၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင် လူငယ်ရေးရာအဖွဲ့တို့မှ လေးဦးစီနှင့် တောင်ငူခရိုင်နှင့် ပြည်ခရိုင် လူငယ်ရေးရာ အဖွဲ့တို့မှ သုံးဦးစီ ပါဝင်ကာ လူဦးရေ ၁၆ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။



နိုင်ငံတိုးတက်ရေးတွင် လူငယ်များက အဓိကအခန်းကဏ္ဍတစ်ရပ်မှ စည်းလုံးညီညွတ်စွာ ဦးဆောင်ပူးပေါင်းဆောင်ရွက်စေရန်မျှော်မှန်းပြီး လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေးစသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ် ပျိုးထောင်ပေးကာ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအဆင့် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်တလန်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ထန်တလန် ဖေဖော်ဝါရီ ၂၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ချင်းပြည်နယ် ထန်တလန် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် Royal Shine Star ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော လအော်ချောင်းကူး အရှည်ပေ ၂၀၀ သံကူကွန်ကရစ်တံတားကို သွားရောက်ကြည့်ရှုပြီး တံတားကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ထွန်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထန်တလန်မြို့နယ် ဝေါင်သူးရွာ အနီးရှိ လအော်ချောင်းကူး အာလ်ဘိခ့်တံတားသို့ ဆက်လက်သွားရောက်ကာ တံတားကို ဖွင့်လှစ်ပေးသည်။



ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇဲဖိုင်(က) ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမဆောင်၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံကာ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ထန်တလန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်က ဖြည့်စွက်ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဇဲဖိုင်(က)ကျေးရွာ မီးလင်းရေးစီမံကိန်းအတွက် ဆိုလာပြားများ တပ်ဆင်အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဇဲဖိုင်(ခ)ကျေးရွာ၌ ဆောင်ရွက်ထားသော စိမ့်စမ်းရေသွယ်ရေပေးရေးလုပ်ငန်းကို ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ကြောင်ထီးယားကျေးရွာ၌ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရေး ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်းအကြောင်း ပြည်သူများပိုမိုသိရှိစေရန် လှုပ်ရှားမှုပြုလုပ်

**ငပုတော ဖေဖော်ဝါရီ ၂၈**

ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းအကြောင်းကို ပြည်သူများ ပိုမိုသိရှိစေရန် ရည်ရွယ်၍ ဟိုင်းကြီးကျွန်းမြို့ မြတ်မော်တင်စွန်းဘုရား ရင်ပြင်တော်ရှိ အမရာဓမ္မာရုံ အနီး၌ စီမံကိန်းအကြောင်း Information Campaign ကို ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ Information Campaign ပြုလုပ်ခြင်းမှာ ငပုတောမြို့နယ်အတွင်း ဆောင်ရွက်နေသော လူထုဗဟို ပြုစီမံကိန်းအကြောင်းကို မြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၃ အုပ်စုမှ ပြည်သူများနှင့် မော်တင်စွန်းသို့ ဘုရားဖူးလာကြသော နိုင်ငံတစ်ဝန်းမှ ပြည်သူများ သိရှိစေရန်အတွက်လည်းကောင်း၊ စီမံကိန်းဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများ ထိတွေ့ဆက်ဆံမှု အားကောင်းလာကာ စီမံကိန်းတွင် ပူးပေါင်းပါဝင်မှုနှုန်း တိုးတက်လာ စေရန်အတွက်လည်းကောင်း၊ စီမံကိန်း အကောင်အထည်ဖော်ရာတွင် သတင်းပြန်ကြားဆက်သွယ်ရေး၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသဖြင့် စီမံကိန်းအကြောင်း ထိထိရောက်ရောက် သတင်းဖြန့်ဝေပေးနိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်ကာ Campaign ပြုလုပ်ခြင်းဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူမင်းက ပြောသည်။

Information Campaign ပြုလုပ်ရာတွင် ပြည်သူများအား စီမံကိန်းနှင့်ပတ်သက်သည့်မေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သူများအား စီမံကိန်းအမှတ်တံဆိပ်ပါ တီရှပ်များနှင့် ဘောပင်များကို လက်ဆောင်များအဖြစ် ပြန်လည်ပေးအပ်ခဲ့ပြီး စီမံကိန်းအချက်အလက် လက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ ငပုတောမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်းလုပ်ငန်းများကို ကျေးရွာအုပ်စု ၆၇ အုပ်စုရှိ ကျေးရွာပေါင်း ၃၄၈ ရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှမ်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှု တိုးတက်ရေးအတွက် ဆွေးနွေးပွဲကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်း နှမ်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှု တိုးတက်ရေးအတွက် နှမ်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် နီးနွယ်ပတ်သက်သူများ အားလုံးက အာမခံသည့်စနစ်ဖြင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ရက်က မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲကို တိုင်းဒေသကြီးအဆင့် ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက နှုတ်ခွန်းဆက်စကား ပြောကြားကာ စီမံကိန်းညှိနှိုင်းရေးမှူးက တွေ့ဆုံပွဲ ကျင်းပသည့် ရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များကို တင်ပြသည်။ ထို့နောက် စီမံကိန်းမန်နေဂျာက ၂၀၁၇ ခုနှစ်အတွင်းက အရည်အသွေးကောင်းမွန်သော နှမ်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြကာ ထိုဆောင်ရွက်မှုနှင့် ပတ်သက်သည့် မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

ထို့နောက်မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာနအနေဖြင့် GAP စနစ်ဖြင့် နှမ်းစိုက်ပျိုးထုတ်လုပ်ရန် လက်ရှိအချိန်အထိ ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌက အဖွဲ့မှ ဆောင်ရွက်နေသော လုပ်ငန်းများ၊ အဖွဲ့၏ မဟာဗျူဟာ မူဘောင်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် အရည်အသွေးကောင်းနှမ်းစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကောင်းမွန်ခိုင်မာသော ဈေးကွက်အကောင်အထည်ဖော်ခြင်း စီမံချက်တွင်ပါဝင်မည့် စိတ်ပါဝင်စားသည့် တောင်သူများနှင့် မြို့နယ်၊ ကုန်သည်၊ ပို့ကုန်လုပ်ငန်းရှင်များအား စာရင်းကောက်ယူ အတည်ပြုကာ တက်ရောက်လာသူများကလည်း လိုအပ်ချက်များကို ဆွေးနွေးအကြံပြုခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဒေသအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက် ဆောင်ရွက်မည်

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ်အတွင်း ဒေသအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများစီမံချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းပြီး ငါးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီငါးနှစ်စီမံကိန်းမှာက တစ်နာရီအတွင်းမွေးဖွားတဲ့ ကလေးငယ်တွေကို မိခင်နို့တိုက်ကျွေးနိုင်ဖို့၊ အသက် ခြောက်လအထိ ကလေးငယ်တွေကို မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးနိုင်ဖို့၊ အသက်ခြောက်လမှ နှစ်နှစ်အောက်ကလေးငယ်တွေကို သင့်တော်တဲ့ အာဟာရကျွေးမွေးနိုင်ဖို့၊ အသက် ငါးနှစ်အောက် ကလေးငယ်များကို Vitamin A တိုက်ကျွေးဖို့၊ သန်ချဆေးတိုက်ကျွေးဖို့၊ ကိုယ်ဝန်ဆောင်မိခင်များကို အားဆေးတိုက်ကျွေးနိုင်ဖို့ ကိုယ်ဝန်ဆောင်မိခင်ကို B1 တိုက်ကျွေးဖို့၊ ငါးနှစ်အောက် အာဟာရချို့တဲ့ကလေးတွေကို ကုသပေးဖို့၊ အိုင်အိုဒင်းဆား စားသုံးမှုနှုန်းနဲ့ အရပ်ပုနှုန်းတွေကို လက်ရှိ ရှိနေတဲ့ ရာခိုင်နှုန်းထက် ပိုပြီးတော့တိုးတက်ဖို့ ဆောင်ရွက်သွားမှာဖြစ်တယ်" ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းက ပြောသည်။



ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်ခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသော ဒေသအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း စတင်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူးက ပြောကြားခြင်းဖြစ်သည်။

စီမံကိန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားပြီး ယူနီဆက်ဖ်(မြန်မာ)မှ ဒေါက်တာဝင်းကျော်စိန်က ပေါင်းစည်း အာဟာရ ငါးနှစ်စီမံကိန်းကို မိတ်ဆက်ရှင်းလင်းတင်ပြကာ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်အထူးပြုစီမံချက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ငါးနှစ်စီမံကိန်း ကာလအတွင်း၌ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ရပ်ကွက်ကျေးရွာအားလုံးတွင် စီမံချက်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံချက်ဆောင်ရွက်ရာတွင် ကရင်ဘာသာစကားဖြင့် စာစောင်များဖြန့်ဝေခြင်း၊ သင်တန်းများဖွင့်၍ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ငါးနှစ်အတွင်း ဒေါ်လာ ၁၄ သန်း အကုန်ကျခံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ဒေသအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက်ကို ၂၀၁၈ မှ ၂၀၂၂ အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု(Scaling Up Nutrition-SUN Movement) များကို ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်း ၅၆ နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံတွင်လည်း ကရင်ပြည်နယ်၌ ပထမဆုံး စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါ ရှင်းလင်းပွဲမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသောတည်ဆောက်ရေးလုပ်ငန်းများကို တတိယအဖွဲ့အစည်းတစ်ခုမှ စစ်ဆေးပေးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ MICEG ဗဟိုမှ ရှင်းလင်းဆွေးနွေးတင်ပြသည့် အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ရန်ပုံငွေတစ်ခုရှာဖွေပြီး QC လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်တတိယအဖွဲ့အစည်းအဖြစ် နာမည်ခံပြီး ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ သက်ဆိုင်ရာ ကန်ထရိုက်တာများ၏ လုပ်ငန်းများကို အရည်အချင်း၊ အရည်အသွေးစစ်ဆေးနိုင်ရန်အတွက်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို တတိယအဖွဲ့အစည်းမှ စစ်ဆေးပေးရန် ရှင်းလင်းဆွေးနွေး တင်ပြလာသည်ကို ကြိုဆိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်က မိတ်ဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက Knowledge Sharing of P.E Process အကြောင်းကိုလည်းကောင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဝင်းမောင်က Procedure of MICEG အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ပြည်နယ်ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**တင်ထွန်း( ပြန်/ဆက်)**



# ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ တောင်ငူတွင် ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၂၈**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ စ၍ကျင်းပရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို တောင်ငူခရိုင် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ဗိုလ်လုပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် လက်ရွေးစင်အသင်းက တပ်မဟာ(၂)လက်ရွေးစင်အသင်းကို သုံးပွဲပြတ်အနိုင်ဖြင့် ပထမဆုဖလား ရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S Bago) အဖွဲ့ဝင် ဦးစောလင်းအောင်၊ ဒေါ်နန်းကျင်ဦး၊ ဦးစောအယ်ဒိုထူး၊ ဒုဥက္ကဋ္ဌ (၂) ဦးစောထူးဘလက်တို့က နေရာအလိုက် အကောင်းဆုံး ဆုရရှိသူများနှင့် တတိယဆု ရရှိသည့်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဒုတိယရရှိသော တပ်မဟာ (၂)လက်ရွေးစင်အသင်းကို ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S Bago) ဒုဥက္ကဋ္ဌ(၁)ကိုယ်စား (KNU) တပ်မဟာ(၃)မှ ဦးစောအယ်ကလူဖိုးက လည်းကောင်း၊ ပထမရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် လက်ရွေးစင်အသင်းကိုပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S Bago) ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ရာသီပေါ်သီးနှံများကို အော်ဂဲနစ်စနစ်ဖြင့် ကျယ်ပြန့်စွာစိုက်ပျိုးရန် လိုအပ်

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေမြေရာသီဥတု ကောင်းမွန်သော်လည်း တစ်ဖက် ထိုင်းနိုင်ငံမှသော်လည်းကောင်း၊ ပတ်ဝန်းကျင်ပြည်နယ်များမှသော်လည်းကောင်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသောက်နေရလျက်ရှိရာ သီးနှံများကို ဒေသအတွင်း ကျယ်ပြန့်စွာ ဈေးကွက်တင်နိုင်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရာမှ စတင်ကာ ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း ရာသီပေါ် သီးပင်စားပင်များ စိုက်ပျိုးရာတွင် အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးနိုင်သော်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူအရေအတွက်မှာ နည်းပါးနေသေးကြောင်းလည်း သိရသည်။ ဘားအံမြို့မှ ရဲစခန်းဝင်းအတွင်း နေထိုင်ပြီး အော်ဂဲနစ်စနစ်ဖြင့် ခရမ်းချဉ်၊ ငရုတ်၊ ကန်စွန်း၊ ဟင်းနုနွယ်၊ ကြက်ဟင်းခါး၊ ပဲရှည်သီး၊ မုန်ညင်းဖြူ ၊ခရမ်းသီးပင်၊ ဘူးပင်နှင့် ပဲငုံတို သီးနှံများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ဒေါ်ခိုင်လေးက "အိမ်နောက်က လွတ်တဲ့ဝင်းအတွင်း မြေကွက်လေးမှာ တစ်ပိုင်တစ်နိုင်လေး စိုက်တာပါ၊ အရင်က ဟင်းချက်စားစရာ အသီးအနှံအကုန်လုံးကို ဈေးကပဲ ဝယ်စားဖြစ်တယ်၊ နောက်ပိုင်းကျတော့ အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်နဲ့ စိုက်ပျိုးဖြစ်သွားတယ်။ ခုစိုက်ထားတာက ဘာဆေးမှမပါဘဲ မြေဆွေးနဲ့ စိုက်ပြီး ရေဖျန်းပေးတဲ့ အော်ဂဲနစ်စနစ်နဲ့ စိုက်ပျိုးတာပါ" ဟု ပြောသည်။

ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးစိုးသိန်းကလည်း ဘားအံမြို့နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုများ အောင်မြင်ကြောင်း၊ အော်ဂဲနစ် သီးနှံများအတွက် ဈေးကွက်လည်း ရှိနေကြောင်း၊ လက်တွေ့အောင်မြင်မှု ရှိနေသည်များကို အတုယူကာ အခြားသူများကလည်း ကျယ်ပြန့်စွာ လိုက်လံစိုက်ပျိုးကြခြင်းဖြင့် အခြားဒေသမှ ဟင်းသီးဟင်းရွက်၊ သီးနှံများကို အားကိုးပြီး မဝယ်စားရတော့ဘဲ လတ်ဆတ်သော သီးနှံများကို စားသုံးနိုင်မည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်သူများအသင်းအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ဘားအံမြို့နယ်အပြင် ပြည်နယ်အတွင်းမှ မြို့နယ်ခုနစ်ခုတွင်ပါ နည်းပညာပေးသင်တန်းများ၊ ပညာပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း၊ ထို့အပြင် အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးရာတွင် သဘာဝပိုးသတ်ဆေးအတွက် တမာပင်မှ ပိုးသတ်ဆေးထုတ်လုပ်နိုင်ရန် တမာပင်စိုက်ပျိုးခြင်းကိုလည်း တိုက်တွန်းလိုကြောင်း အကြံပြုပြောကြားသည်။

ကရင်ပြည်နယ် ဒေသတွင်း၌ သီးနှံများကို အော်ဂဲနစ်စနစ်ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများလာပါက သီးနှံထုတ်လုပ်မှုတိုးတက်စေကာ ဓာတုမြေသြဇာများကို အလွန်အကျွံ သုံးစွဲခဲ့ကြခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကိုလည်း ကာကွယ်နိုင်ခြင်း၊ အော်ဂဲနစ်သီးနှံများကို ဒေသအတွင်း စိုက်ပျိုးရောင်းချ ဖြန့်ဖြူးနိုင်ခြင်းဖြင့် ဝင်ငွေရစေခြင်း စသည့် အကျိုးကျေးဇူးများ ရှိမည်ဖြစ်၍ အော်ဂဲနစ်သီးနှံ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုမှ စတင်ကာ ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးသွားနိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ကျေးရွာများတွင် စနစ်တကျအမှိုက်စွန့်ပစ်ရန် အကောင်အထည်ဖော်ဆောင်ရွက်

**ဝေါ ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ ကျေးရွာများကို သန့်ရှင်းသပ်ရပ်သော ကျေးရွာများ ဖြစ်လာစေရေးအတွက် ကျေးရွာများတွင် အမှိုက်စနစ်တကျစွန့်ပစ်ရန် ဆောင်ရွက်လျက်ရှိသည်။

အမှိုက်ကို စနစ်တကျစွန့်ပစ်ပြီး သန့်ရှင်းသပ်ရပ် ကျန်းမာရေးနှင့်ညီညွတ်သော ကျေးရွာများ ဖြစ်ပေါ်လာစေရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျိုက်လုကျေးရွာသို့ ကွင်းဆင်းကာ အမှိုက်များစနစ်တကျစွန့်ပစ်ရေး ကျေးရွာကော်မတီကို ဖွဲ့စည်းပေးပြီး ကော်မတီဝင်များနှင့်အတူ လက်ရှိအမှိုက်စွန့်ပစ်မှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ ထို့နောက် ကျေးရွာနေပြည်သူများအား တစ်အိမ်တက်ဆင်း လိုက်လံတွေ့ဆုံ၍ အမှိုက်များစနစ်တကျစွန့်ပစ်စေရန် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ သန့်ရှင်းသပ်ရပ်သော ကျေးရွာများဖြစ်လာစေရေးအတွက် အမှိုက်စွန့်ပစ်ရန် နေရာများကို ကျေးရွာများတွင် စနစ်တကျသတ်မှတ်ထားရှိကာ ပြည်သူများကလည်း အမှိုက်များကို အိတ်များ၊ ခြင်းတောင်းများဖြင့် စနစ်တကျထည့်၍ သတ်မှတ်ထားသည့် နေရာများတွင်သာ အမှိုက်များစွန့်ပစ်ကြရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အဆစ်အမျက် ကိုက်ခဲရောဂါသက်သာစေမည့်နည်းလမ်းများ

ကြည်လွင်မြင့် (မုံရွာ)

အဆစ်အမြစ်ဟု အများကခေါ်ကြသော (အဆစ်အမျက်) ကိုက်ခဲရောဂါတွင် ဒူးဆစ်၊ ခြေဆစ်၊ လက်ဆစ်၊ တံတောင်ဆစ်စသည့်အဆစ်များပါဝင်သည်။ အနောက်တိုင်းဆေးပညာတွင် လေးဖက်နာနှင့် ဂေါက်ရောဂါတို့ ပါဝင်ပြီး မြန်မာအရပ်စကားအားဖြင့် ဒူလာကိုက်ခဲရောဂါ (ကျား) နှင့် မီးယပ်ကိုက်ခဲရောဂါ (မ) ဟု ပြောလေ့ရှိကြသည်။ အာယုဗေဒဆေးပညာကျမ်းများတွင် "ပါဒရက်" ရောဂါကုထုံးများကို အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ အကိုက်အခဲရောဂါသည် လူငယ်လူကြီးမရွေးအဖြစ်များသော ရောဂါဖြစ်သည်။

"ဒူလာပါဒရက် ခြေကတက်" ဟု ရှေးကလူကြီးများ ပြောလေ့ရှိကြသည်။ ဒူးဆစ်များကိုက်၊ ခြေနှစ်ဖက်ညောင်းကိုက်ပြီး မသွားချင်မလာချင်၊ အနင်းအနှိပ်ခံချင်ဖြစ်နေကာ အနေခက်သည့် ရောဂါမျိုးဖြစ်သည်။ ဒူလာဆိုသည်မှာ အညောင်းအကိုက်စွဲနေသော ရောဂါမျိုးဖြစ်ပြီး ပါဒရက်ဆိုသည်မှာ ပါဒ=ခြေထောက်နှင့် ရတ္တ=သွေးဟူသော စကားနှစ်ရပ်ပေါင်းစပ်ထားပြီး ခြေထောက်သို့ သွေးမလျှောက်သောရောဂါ။ သွေးကြောပိတ်သောရောဂါမျိုးတွင် သုံးသည့် ပါဠိဝေါဟာရဖြစ်သည်။

ပါဒရက်ရောဂါသည် မည်သည့်အချိန်တွင် ထသနည်းဆိုလျှင် မိုးအုံ့လိုက်၊ နေပူလိုက်နှင့် လေတိုက်သော ရာသီတွင် ထသည်ဟု ဆိုရပေမည်။ မြန်မာလ တန်ပေါင်း၊ တန်ခူးမိုးသားကျူးသည့် ရာသီတွင် တောင်လေလည်းမဟုတ် မြောက်လေလည်းမဟုတ်သည့် လေရူးများခြင်း၊ အာသီးရောင်ခြင်း၊ မျက်စိနာခြင်းစသော အာဂန္တုကရောဂါများ အဖြစ်များသည့် ဥတုမျိုးဖြစ်သည်။ လူကြီးများမှာကား လူငယ်များနှင့်မတူ ခြေသလုံး၊ ပေါင်များညောင်းခြင်း၊ ကိုက်ခဲခြင်း၊ သွားလာထိုင်ထရာတွင် လေးဆွဲခြင်းများဖြစ်သည်။ မျက်စိများလည်းဝေပြီး ကြည့်မကောင်းဖြစ်တတ်သည်။ ဒူလာပါဒရက်ခြေကတက်ဆိုခြင်းမှာ အပူအခိုးငွေ့များ တက်သွားပြီး အထက်သို့ရောက်ရှိကာ မျက်စိမှုန်ခြင်း၊ တိမ်စွဲခြင်းများ ဖြစ်စေနိုင်ကြောင်း သတိပြုရမည့်ရာသီဖြစ်သည်။

မော်ဘီဆရာသိန်းရေးသည့် ပါးစပ်ရာဇဝင်တွင် ဘိုးတော်ဘုရားနှင့် အမတ်ကြီးဦးပေါ်ဦးတို့သည် တစ်နေ့သ၌ မြစ်ကမ်းနံဘေးတွင် လမ်းလျှောက်လာစဉ် ရုတ်တရက်အမတ်ကြီးက အရှင်ဘုရား ယခုအချိန်တွင် စပါးများရိတ်သိမ်းပြီးဖြစ်သဖြင့် စပါးများနေလှန်းထားကြပါသည်။ ရုတ်တရက် လေကြီးမိုးကြီးကျလာမည့် အရိပ်၊ နိမိတ်မြင်ပါသဖြင့် စပါးလှန်းထားသူများ အမြန်သိမ်းပြီး စပါးကျီများသို့ ပြောင်းရွှေ့ကြရန်အမိန့်ပေးတော်မူပါဘုရားဟု လျှောက်ထားရာဘုရင်က ယုံကြည်တော်မူသဖြင့် မောင်းကြေးနင်းခတ်ပြီး ကြေညာစေသည်။ မကြာမီ မိုးသက်လေပြင်းကျရောက်လာသည်။ စပါးများသိမ်းဆည်းပြီးဖြစ်သဖြင့် မိုးစိုခြင်းမှ ကင်းလွတ်ကြရလေသည်။ ဘုရင်မင်းမြတ်က ဦးပေါ်ဦးကို အမတ်ကြီးမိုးရွာလာမယ်ဆိုတာ ဘယ်လိုနိမိတ်ကြောင့် သိသနည်းဟု မေးမြန်းသည်။ အမတ်ကြီးဦးပေါ်ဦးက "ကျွန်တော်မျိုးရဲ့ ဒူလာပါဒရက်ရောဂါဟာမိုးရွာတော့မယ်ဆိုရင် ခြေသလုံးအရိုးထဲမှ ကိုက်လာသဖြင့် ကြိုသိပါတယ်ဘုရား" ဟု လျှောက်သည်။ ဘုရင်မင်းမြတ်က ပြုံးရယ်တော်မူပြီး "အင်းအမတ်ကြီးရဲ့ ဒူလာရောဂါကလည်း အသုံးကျသားပဲ" ဟု မိန့်တော်မူသည်။

ပြင်ပမှလေ (ဗဟိဒ္ဓဝါယော) နှင့် ကိုယ်တွင်းမှ လေ (အဇ္ဈတ္တဝါယော) တို့သည် ဆက်နွှယ်နေသည်။ ပြင်ပတွင် လေတိုက်သောရာသီများတွင် လေစာများကို အထူးသဖြင့် ရှောင်ကြဉ်စားသောက်သင့်သည်။ ကြက်ဟင်းခါးသီး၊ မုန်ညင်း၊ ကိုက်လန်၊ ခရမ်းသီး၊ ခရမ်းကစော့သီး၊ မျှစ်ချဉ်၊ ဘူးချဉ်၊ ခဝဲသီး၊ မှို၊ ဝက်သား၊ ဘဲသား၊ ရေကြက်သား၊ ကြောင်လျှာသီး၊ ကင်းပုံသီးစသည်များသည် လေစာများဖြစ်သည့် အပြင် ထမင်းအေး၊ ဟင်းအေးကို အချိန်လွန်မှ စားလျှင်လည်း လေစာဖြစ်နိုင်ပါသည်။

**ငါးကြင်းခေါင်းနှင့် ဒူးနာရောဂါ**

စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် သူ၏ဒူးနာရောဂါမှာ နှစ်ကြာပြီဖြစ်သည်။ လေ့ကားအဆင်းအတက် ပြုလုပ်တိုင်းနာသည်။ ခရီးဝေးဝေးမသွားနိုင်၊ ဆရာဝန်နှင့်ပြသောအခါတွင်လည်း ဓာတ်မှန်ရိုက်ပြီး ဒူးကျိုးပေါင်းတက်ရောဂါဖြစ်သဖြင့် လွယ်လွယ်နှင့် မပျောက်နိုင်ဟု ဆိုသည်။ သူသည် ပျောက်လိုပျောက်ငြား ဆေးမြီးတိုများနှင့်လည်း ကုသည်မှာ မျိုးစုံပြီဟု ဆိုသည်။



တစ်လောက သူနှင့်တွေ့သောအခါ ထူးထူးခြားခြား သူ့ဒူးနာရောဂါမှာ သက်သာနေကြောင်းနှင့် တစ်ဆင့်စကားနှင့် ငါးကြင်းခေါင်းကြီးများကို ဈေးမှဝယ်ပြီး ငါးခေါင်းဟင်းချိုချက်သောက်ရာမှ သက်သာလာ ကြောင်းပြောသည်။ သူသည် တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ငါးကြင်းခေါင်းကို ရေကျိုချက်ပြီးငါးခေါင်းအတွင်းမှ အသားများကို စား၍ရနိုင်သမျှစားသည်ဟုဆိုသည်။ သူသည် ငါးကြင်းခေါင်းဟင်းကို တစ်လအတွင်းမှာ ဆယ်ကြိမ်ခန့်စားပြီးနောက် လှေကားတက်နိုင်၊ ဆင်းနိုင်လာသည်ကိုအံ့သြစွာ တွေ့ရသည်ဟု ဆိုသည်။

သူက စာရေးသူကိုမေးသည်မှာ ငါးကြင်းခေါင်းစားရုံဖြင့် ဒူးနာသက်သာစေသည့် နည်းသည် အနောက်တိုင်းဆေးပညာမှလာသောနည်းလား၊ မြန်မာတိုင်းရင်းဆေးနည်း(ဆေးမြီးတို)လားဟုသိချင်ပါသည်ဟု ပြောလာပါသည်။ တစ်ခါတစ်ရံ အနောက်တိုင်းနည်းကလည်း အစားအသောက်များ၏ အာနိသင်ကြောင့် ရောဂါသက်သာနိုင်သည့် နည်းလမ်းများကို ဓာတ်ခွဲခန်းအာနိသင်နှင့် တင်ပြလေ့ရှိသဖြင့် သိရသည်များလည်းရှိသည်။ မည်သည့် ဓာတ်သတ္တုပါဝင်သည်။ မည်သည့် ဗီတာမင်ပါဝင်သည်ကို အနောက်တိုင်း ဆေးပညာမှဖော်ပြလေ့ရှိသည်။ အသည်းအတွက် အကျိုးရှိသည်။ ကျောက်ကပ်အတွက် အကျိုးရှိသည်။ နှလုံးအတွက်အကျိုးရှိသည်ဟု အကျိုးများကို တိတိကျကျတင်ပြလေ့ရှိသည်။

စာရေးသူသည် အနောက်တိုင်းရှုထောင့်မှ သားငါးနှင့် ပတ်သက်သော အာဟာရစာအုပ်များ၊ ရောဂါသက်သာစေသည့် နေ့စဉ်စားသောက်သည့် အာဟာရများကို သုတေသနပြုထားသည့် စာအုပ်များတွင် ရှာဖွေသော်လည်း ငါးကြင်း၏ အာဟာရဓာတ်များစွာ ပါဝင်ပုံကိုသာတွေ့ရပြီး ငါးကြင်းခေါင်းဟု သီးခြားရေးသားဖော်ပြထားသည်ကို မတွေ့ရပါ။ ထို့ကြောင့် ရှေးက ဓာတ်စာဆရာကြီးများပေးသည့် ဓာတ်စာဖြစ်မည်ဟုသာ မှတ်သားရန်ပြောလိုက်သည်။

မနေ့ကမှ အမှတ်မထင် ငါးပြေမနှင့် စောင်းလျားသီးဟင်း ချက်စား၍ ကျောက်ကပ်မှ ကျောက်ကြေကျသည့် အကြောင်းရေးရင်း ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇန သင်္ဂဟကျမ်းတွင် အသားငါး အမျိုးမျိုးတို့၏ ကဏ္ဍတွင် ငါးကြင်းအကြောင်းကို ရေးထားသည်ကို ဖတ်ရှုရသည်။ ဤကျမ်းသည် ရှေးနှစ် ၁၅၀ ကျော်က ကျမ်းဖြစ်သည်။

**ငါးကြင်း။** ။ နီသော ဝမ်းဗိုက်၊ ခံတွင်း၊ မျက်လုံး၊ ရေယက်ရှိသော၊ ညိုသော၊ နက်သော၊ အမြီးရှိသောငါးသည် **ရောဟိတ**မည်၏။ (ငါးကြင်းဆိုလိုသည်)။ ငါးတကာတို့တွင် အမြတ်ဆုံးဖြစ်သည်။ ဆိမ့်၏။ စဉ်းငယ်ဖန်၏။ လေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။ သည်းခြေကို စဉ်းငယ်ပျက်စေတတ်၏။ ခံတွင်း၊ မျက်လုံးရွဲသော လေနာ(ပါးရွဲ့ရောဂါ) ကိုနိုင်၏။ ငါးကြင်းခေါင်းသည် ဒူးအထက်၌ ဖြစ်သောအနာကို နိုင်၏။ ဤကား ဘာဝပ္ပကာသကျမ်းအလို...ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ငါးကြင်းခေါင်းဟင်းကို စားခြင်းဖြင့် နှစ်ကြာရောဂါ၊ ဒူးကျိုးပေါင်းရောဂါ ပျောက်ကင်းစေနိုင်ကြောင်း ရှေးဆေးကျမ်းတွင် ပါရှိပါသည်။

**ခြင်းခတ်ကစားခြင်းအကျိုး**

မိတ်ဆွေအရာရှိ တစ်ဦးသည် ကျန်းမာရေးအတွက် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေတို့တွင် ဂေါက်သီးရိုက်ကစားခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုနီးပါး ကြာခဲ့ပြီဖြစ်သည်။ သူ့တွင်အသက်အရ သွေးတိုးနှင့် ဆီးချိုရောဂါလည်း အနည်းငယ်ဝင်လာပြီ ဖြစ်သည်။ တစ်ရက်က အမှတ်မထင် သူ့အိမ်အနီးအနားရှိ မြေကွက်လပ်တွင် ညနေတိုင်း ခြင်းခတ်ကစားကြသူများကို သွားကြည့်ရင်း လူငါးဦးအလှည့်ကျ ခြင်းခတ်ကစားကြသည်ကို စိတ်ဝင်စားသွားမိသည်။

ထိုရက်ပိုင်းမိုးက နှစ်ရက်ခန့်သည်းထန်စွာရွာခဲ့ရာ သူကစားနေကျ ဂေါက်ကွင်းမှာ ရေမြုပ်သည့် နေရာမြုပ်နေသဖြင့် ကစားဖော်များကလည်း မသွားကြပေ။ တစ်နေ့တွင် ကစားသူတစ်ဦးလိုနေသဖြင့် သူ့ကို ဝင်ကစားခိုင်းသည်။ သူက မကစားတတ်။ သူ့နေရာရောက်လျှင် ခြင်းလုံးက ပြုတ်ကျသည်။ သို့သော် ခြင်းခတ်ကစားဖော်များက သူ့ကိုသင်ပေးသည်။ အားမလျှော့ရန်ပြောပြီး ဆက်၍ ကစားခိုင်းသည်။ ဤသို့ဖြင့် သူသည်တစ်ပတ်မှ နှစ်ပတ်ကြာသောအခါ ခြင်းဝိုင်းတွင် ခြင်းကောက်သူဘဝမှ ခြင်းခတ်သူ အဆင့်သို့တ ဖြည်းဖြည်းချင်းရောက်ရှိလာသည်။

ခြင်းခတ်ကစားရင်းဖြင့် ချွေးဒီးဒီးကျသည့်အခါကျလာသည်။ မိမိဘဝတွင် ဂေါက်သီးကစားလာသည့် တစ်သက်ဤကဲ့သို့ ချွေးမထွက်ဘူးဟု သူကပြောသည်။ ချွေးထွက်ပြီးနောက် အိမ်ပြန်ရောက်ပါက ချွေးတိတ်အောင်စောင့်ပြီးနောက် ရေမိုးချိုးပြီးလျှင် လန်းဆန်းသွားသောအရသာမှာ ဘယ်အရာနှင့်မျှမတူ။ ညအိပ်ရာဝင်ချိန်အထိ ပေါ့ပါးလန်းဆန်းပြီး ကောင်းစွာအိပ်ပျော်သည်။ ယခင်က တောင့်တင်းပြီး လှေကား အဆင်းအတက်တွင် ဒူးဆစ်များက နာသလိုဖြစ်သည့် ခံစားချက်များမှာလည်း ခြင်းခတ်ပြီးသည့် နောက်ပိုင်းတွင် သက်သာသွားသလို ခံစားရပြီး လူငယ်ဘဝက တက်ကြွမှုမျိုးမိမိတွင် ပြန်လည်ခံစားလာရသည် ဟု ဆိုသည်။

သွေးတိုးရောဂါ နှစ်ရှည်ခံစားရသူ ဈေးသည်တစ်ဦးမှာလည်း အသက် ၅၀ ကျော်မှ ခြင်းခတ်ကစားရာ သွေးတိုးရောဂါ သက်သာလာပြီး တစ်နှစ်ကျော်သောအခါ သွေးတိုးရောဂါဟူ၍ လုံးဝမရှိတော့။ ခေါင်းမူးခြင်းနှင့် နားထင်နှစ်ဖက်မှ ကိုက်ခဲခြင်းများ ပျောက်ကင်းသည့်အပြင် နှစ်ရှည်ခံစားခဲ့ရသည့် စိတ်အားငယ် သလို ခံစားရသည့် စိတ်ဝေဒနာပါသက်သာသွားကြောင်း သူ့ကိုယ်တွေ့ကို ပြောပြပါသည်။

ခြင်းခတ်ကစားခြင်းသည် ရှေးခေတ် မြန်မာလူမျိုးများ၏ ကစားနည်းဖြစ်ပြီး ရန်ဘက်ပြိုင်ဘက်မရှိသော ကစားနည်းဖြစ်သည်။ ယိုးဒယားခြင်းခေါ် ပိုက်ကျော်ခြင်းခတ်ကစားနည်းတွင်သာ ပြိုင်ဘက်ရှိသည်။ ဝိုင်းခတ်ကစားသော ခြင်းဝိုင်းမှာ ကျန်းမာရေးလည်းကောင်း၊ စိတ်ဓာတ်အရ ညီညွတ်မှုကိုလည်း ပေးသည်။ အလှခတ်ခြင်းဝိုင်းများဆိုလျှင် ဆိုင်းတီးဝိုင်းများဖြင့် ကစားရာဘေးမှ ဝိုင်းဝန်းကြည့်ရှုသူများပါ အံ့သြမှုနှင့် စိတ်ပျော်ရွှင်မှုကို ရရှိစေနိုင်သည့် ကစားနည်းဖြစ်သည်။

ခြင်းခတ်ကစားခြင်းသည် အလွန်အကျွံအားစိုက်ရသည့် ကစားနည်းလည်းမဟုတ်၊ အခုန်၊ အပျံ၊ အကျော်၊ အနိမ့်၊ အမြင့်၊ ဟန်ချက်ညီညီကစားရပြီး အလှည့်ကျကစားရသဖြင့် မျှတသော ခွန်အားသာစိုက်ရန်လိုသည်။ သွေးလည်ပတ်မှု မှန်ကန်စေပြီး အာကာသပွင့်သည်ဟု ဆိုသောချွေးထွက်စေသည့် ကစားနည်းမျိုးဖြစ်သည်။ အငုပ်ရောဂါများဖြစ်သည့် အဆီပိတ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများကို ကောင်းစွာသက်သာစေနိုင်ပါသည်။

**အဆစ်အမျက်ကိုက်သက်သာစေမည့် ပဲရာဇာ**

စာရေးသူသည် ကုလားပဲဟင်းစား၍ အမြန်လမ်းမကြီးပေါ်တွင် ကားမောင်းရင်း အိပ်ငိုက်သူတစ်ဦး အကြောင်းရေးခဲ့ဖူးပါသည်။ ထိုကဲ့သို့ အိပ်ငိုက်ရခြင်းမှာ အာယုဗေဒဆေးပညာသဘောအရ ကုလားပဲသည် လေးလံထိုင်းမှိုင်းစေသော (ဂရုဂုဏ်) ရှိသော ပဲမျိုးဖြစ်သောကြောင့် ဖြစ်သည်။ ယခုတစ်ပတ်တင်ပြလိုသော ပဲအမျိုးအစားမှာ ဆန့်ကျင်ဘက်ပေါ့ပါးစေသောဂုဏ် (လဟုဂုဏ်) ရှိသော ပဲတစ်မျိုးအကြောင်းဖြစ်သည်။ ထိုပဲမှာ ပဲရာဇာဖြစ်ပြီး အချို့အောက်အရပ်တွင် ပဲနီလေးဟုလည်းခေါ်တွင်သော ပဲမျိုးဖြစ်သည်။

ရှေးက ဓာတ်စာဆရာကြီးများသည် လေဖြတ်သူများကို အကြောလေလျှောက်စေရန်၊ ရုပ်ပေါ့ပါး စေရန်၊ ပဲရာဇာကို ဓာတ်စာအဖြစ်ပေးလေ့ရှိသည်။ ပဲရာဇာသည် အလွန်နူးလွယ်ပြီး ဟင်းချိုချက်သောက်လျှင် ကြေလွယ်ကျက်လွယ်သောကြောင့် အချိန်မကုန်ဘဲ အိမ်ရှင်မများအကြိုက် ပဲမျိုးဖြစ်သည်။ ထမင်းရည်ငှဲ့ချက်သူများသည် ထမင်းနှပ်ချိန်တွင် ပဲရာဇာကို ရေဆေးပြီးထည့်လိုက်လျှင် ထမင်းအိုးဦးပေါင်းနှင့် အတူကျက်နေပြီးသော ပဲထမင်းကို ရနိုင်သည်။ ထိုပဲထမင်းသည် နာလန်ထခါစ လူကြီးများအတွက် အစာကြေပြီး အားဖြစ်စေသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ပဲရာဇာ၏ဂုဏ်ကို ဖော်ပြထားရာတွင် ပဲရာဇာသည်ဆိမ့်၏။ အေး၏။ ကြေလွယ်၏။ ဝမ်းချုပ်၏။ သလိပ်၊ သည်းခြေ၊ သွေးတို့ကိုနိုင်၏။ အဆီသြဇာမရှိသောပဲဖြစ်သည်။ ပဲစား၍ ခန္ဓာကိုယ်ဝဖြိုးမှာစိုးသူများ၊ အဆီချလိုသူများသည် ပဲရာဇာကို စားရန်သင့်သည်။ ကုလားပဲနှင့် ပဲစင်းငုံကို ရှောင်ရမည်ဖြစ်သည်။ စာမေးပွဲနီး၍ စာကျက်မှတ်နေသူများ၊ အဝေးပြေးလမ်းပေါ်တွင် ယာဉ်မောင်းနေသူများ၊ စာသင်တိုက်ကြီးများတွင် နေ့၊ ည စာဝါလိုက်နေသော စာသင်သားရဟန်းသံဃာများသည် အိပ်ချင်ငိုက်မျဉ်းမှု မဖြစ်စေရန် ကုလားပဲ၊ ပဲစင်းငုံ၊ တို့ကို ရှောင်ကြဉ်ပြီး အဆီသြဇာမရှိသည့် ပဲရာဇာကို စားသုံးသင့်ပေသည်။

**အကိုက်အခဲရောဂါပျောက်စေသော ဆေးနည်းတိုများ**

ပူလျှင် ဖြစ်သော အကိုက်အခဲရောဂါနှင့် အေးလျှင်ဖြစ်သော အကိုက်အခဲရောဂါ၊ အကြောတက် အကိုက်အခဲရောဂါဟူ၍ အမျိုးမျိုးရှိသည်။

- ချင်းခြောက်အမှုန့်နှင့် လင်းနေအမှုန့်ကို နှစ်ဆတစ်ဆ (နှစ်အချိုးတစ်) ရောစပ်ပြီး ရေနွေးပူပူသို့မဟုတ် အရက်ဖြင့် ဖျော်စပ်လိမ်းပါက အကိုက်အခဲရောဂါအမျိုးမျိုးကို သက်သာစေသည်။
- မိဿလင်ဥအစို သို့မဟုတ် အခြောက်မှုန့်ကို အဝတ်ပါးဖြင့် ထုပ်ပြီး ရေနွေးငွေ့ဖြင့် ကြပ်ထုပ်ထိုးပေးပါ။
- ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်းခြောက်သုံးမျိုးကို အမှုန့်ပြုလုပ်၍ နှမ်းဆီ သို့မဟုတ် မုန်ညင်းဆီဖြင့်ဆူအောင် ချက်ပြီးလိမ်းပေးပါက အေးသောရာသီတွင် ဖြစ်သော အကိုက်အခဲကို သက်သာစေသည်။
- တောင်တန်ကြီး၊ တောင်တန်ကတိုး၊ ကရမက်တို့ကို သွေးပြီးလိမ်းပေးပါက ပူသောရာသီတွင် ဖြစ်သော အကိုက်အခဲကို သက်သာစေသည်။
- ဆေးအိုးပုတ်ပင်ကို ပြုတ်ပြီး အရည်ကို အကြမ်းပန်းကန်တစ်လုံးခန့် သောက်ပေးပါက အလုပ်ပင်ပန်း၍ ဖြစ်သော ကိုယ်လက်ကိုက်ခဲသော ရောဂါကို သက်သာစေသည်။
- နနွင်းမှုန့်ကို ပျားရည်နှင့်တေ၍ ရွှေးကြီးစေ့ခန့် အလုံးပြုလုပ်ပြီး နှစ်လုံး၊ သုံးလုံးခန့်စားပေးပါ။ အကိုက်အခဲရောဂါအမျိုးမျိုးအတွက် သက်သာစေသည်။ နနွင်းသည် အရောင်ကျစေသည့် သတ္တိလည်းရှိသည်။
- ကြက်သွန်ဖြူကို မီးဖုတ်၍ စားပေးပါက လေသက်ပြီး အကိုက်အခဲကို သက်သာစေသည်။
- ကိုယ်ရုံကြီးဂမုန်းပင်၏ အရွက်ကို မီးကင်ပြီး အရည်ညှစ်ယူ၍ အရက်ပြန်နှင့် ဖျော်ကာစုတ်ထိုးပေးပါ။ ခြေ၊ လက်၊ ပေါင်၊ ဒူး မခံမရပ်နိုင်အောင် ကိုက်ခဲသော ဝေဒနာကို သက်သာစေသည်။(ယနေ့ခေတ်တွင် စုတ်ပေါက်ကုသသည့် ဆေးဆရာများ မရှိတော့သလောက် ရှားသွားပြီဖြစ်သဖြင့်) အသားတွင်း စိမ့်ဝင်အောင် လိမ်းပေးပါ။

# အားလပ်ရက်အပန်းဖြေစေချင် မကွေးရွှေမြို့တော် တစ်ခွင်

မကွေးတိုင်းဒေသကြီးသည် သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သော မကွေးမြသလွန်စေတီတော်၊ ကျောင်းတော်ရာဘုရား၊ စက္ကိန်းတဲဘုရား၊မန်းရွှေစက်တော်ဘုရားများရှိသောကြောင့် ဘုရားဖူးပြည်သူများကို ဆွဲဆောင်နေသော မြို့တော်တစ်ခုဖြစ်သည်။



**မကွေးမြို့၏ သဲသောင်ပြင်**

မကွေးမြို့တော်ကြီးမှာလည်း တိုင်းမြို့တော်အင်္ဂါရပ်နှင့်အညီလမ်းများမှာ ကျယ်ဝန်းကောင်းမွန်လျက်ရှိပြီး အညာဒေသ၏သရုပ်ပြဖြစ်သောလက်ပံပင်၊ ပေါက်ပင်၊ စိန်ပန်းပင်တို့မှပန်းပွင့်များနှင့်လမ်းတစ်လျှောက်ပန်းတင့်လှသည်။ မကွေးမြို့၏တန်ခိုးကြီးနာမည်ကျော် မြသလွန်ဘုရားကိုဖူးမြော်နိုင်ပြီးဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာနားခိုနိုင်ရန် ဘုရားကြီး၏တည်းခိုဆောင်များတွင်လည်း တည်းခိုနိုင်ပြီးဘုရားကြီး၏ သဲသောင်ပြင်ပေါ်တွင် လမ်းလျှောက်ရင်း၊ သဲသောင်ပြင်ပေါ်ရှိ တဲလေးများတွင် အကြော်၊ အသုပ်စုံ၊ ဖရဲသီးစားရသည်မှာလည်း ပျော်စရာတစ်မျိုးကောင်းလှသည်။

ကလေးများမှာလည်း သဲသောင်ပြင်ပေါ်မှာကစားရသည်ကိုအလွန်ပျော်ရွှင်ကြသည်။ ထိုမှဆက်၍ မြသလွန်ကုန်းတော်နှင့် တစ်ဆက်တစ်စပ်ထဲတည်းရှိသည့် ရုပ်ရှင်တော်မြတ် နီးဘုရားကြီးနှင့်ကံ့ကော်တစ်ထောင်ဘုရားများကိုလည်း ဆက်လက်ဖူးမြော်နိုင်သည်။

**ရွှေစက်တော်သို့ သွားရာလမ်း**

မကွေးမှမင်းဘူးမြို့သို့ရောက်လျှင်ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်ဘုရားနှင့် မင်းဘူးဘုရားတို့ကို ဖူးမြော်နိုင်ပြီး မန်းရွှေစက်တော်ဘုရားသို့သွားရာ လမ်းတစ်လျှောက်တွင်ကားများခေတ္တရပ်နားသည့် လေးပင်စခန်းနှင့်သုံးမိုင်လမ်းခွဲတစ်ဝက်တွင်ရှိသော စားသောက်ဖွယ်မျိုးစုံရရှိပြီး ဘုရားဖူးများအားဆန်းသစ်သောဒီဇိုင်းအတွေးအခေါ်များနှင့် ဆွဲဆောင်ဖွင့်လှစ်ထားသည့် ၅၂၈ စားသောက်ဆိုင်တွင် စားသောက်ရင်းသာယာလှပသော ရှုခင်းများနှင့် အမှတ်တရဓာတ်ပုံရိုက်အနားယူနိုင်ပြီး ဆက်လက်ထွက်လာလျှင် မန်းချောင်းနံဘေးရှိ ဆွဲဆောင်မှုအပြည့်ရှိသည့်ဥယျာဉ်ရွာ အပန်းဖြေစခန်းလေးသို့လည်း ဝင်ရောက်လည်ပတ်နိုင်သည်။ မန်းရွှေစက်တော်ဘုရားကြီးကိုရောက်လျှင်လည်း ကားရပ်နားကွင်းပါသည့် နမ္မဒါ(၂)တည်းခိုဆောင်မှာ ဝန်ဆောင်မှုကောင်းမွန်သည့်အပြင် နားနေဆောင်များကိုသံဖရိန်များနှင့် ဆောက်လုပ်ထားပြီး၊ စားသောက်ခန်းပါတွဲလျက် ဖွင့်လှစ်ထားသဖြင့် တည်းခိုသူများအတွက် အဆင်ပြေလှသည်။

**ကြည်နူးစရာကောင်းလှ**

ရွှေစက်တော်တွင် ညအိပ်၍ဘုရားကြီးအားစိတ်အေးချမ်းသာစွာ ဘုရားဖူးရင်းဘုရား၏ညရှုခင်းများမှာလည်း သဘာဝ၏ပန်းချီကားတစ်ချပ်အသွင်တွေ့မြင်နိုင်သည်။နံနက်အရုဏ်တွင် ဘုန်းတော်ကြီးများအား ဆွမ်းလောင်းရသည်မှာလည်း ကြည်နူးစရာကောင်းလှသည်။ အပြန်တွင်ဒေသထွက် အစားအစာများဖြစ်သည့်ဝက်မြေဥ၊ စွန်ပလွံသီး၊ မျှစ်ခြောက်နှင့် အခြားပစ္စည်းအမျိုးမျိုးတို့ကိုလည်း အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူနိုင်သည်။ ရွှေစက်တော်မှမုံရွာ-ပုသိမ်လမ်းအတိုင်း ၁၀မိုင်ခန့်အကွာတွင် ဆည်တော် အပန်းဖြေစခန်းရှိပြီး ထိုအပန်းဖြေစခန်းသည်လည်း ခရီးသွားများအား ဆွဲဆောင်သည့်နေရာတစ်ခုအဖြစ် ထင်ရှားသည်။

**ဆည်တော်**

အချို့ ဘုရားဖူးကားများမှာရွှေစက်တော်တွင်ညမအိပ်ဘဲဆည်တော်တွင် ရေချိုးအပန်းဖြေရင်း စာကလေးကြော်၊ ငုံးကြော်၊ ပုစွန်ကြော်၊ ငါးကြော်များကို ဆီထမင်းနှင့်စားရင်း၊ အုန်းစိမ်းရေသောက်ရင်း အပန်းဖြေကြသည်မှာလည်းပျော်စရာကောင်းလှသည်။ ဆည်တော်မှ တစ်ဆင့်ကျောင်းတော်ရာဘုရားသို့ မြောင်းပေါင်လမ်းအတိုင်းသွားရောက်ဖူးမြော်နိုင်ပြီး စလင်းမြို့ရှိဝက်သည်းကန်ဘုရားကြီးတွင် အပျော်စီးသည့်စက်လှေများကို စီးရင်းဘုရားဖူးရသည်မှာလည်းပျော်စရာကောင်းလှသည်။ စလင်းမှတစ်ဆင့်ဆိပ်ဖြူသို့သွားရောက်ပြီး ဆိပ်ဖြူ- ချောက် အနော်ရထာတံတားကိုဖြတ်ကူး၍ ပုဂံ- ညောင်ဦးသို့လည်းဘုရားဖူးသွားရောက်နိုင်သည်။

အဆိုပါ ဘုရားဖူးအပန်းဖြေနေရာများကိုတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးအပန်းဖြေလာသူများနှင့် အထူးစည်ကားလျက်ရှိပြီးယခုအခါတွင် ကျောင်းသားများမှာလည်းတက္ကသိုလ်ဝင်တန်းမှအပ စာမေးပွဲများပြီးပြီဖြစ်ပြီးတပေါင်းလပြည့်နှင့် ဆက်၍ဝန်ထမ်းများမှာလည်း ရုံးပိတ်ရက်လေးရက်ရှိသောကြောင့်ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသည့် မကွေးရွှေမြို့တော်သို့လာရောက်အပန်းဖြေရန် မြန်မာပြည်အရပ်ရပ်မှဘုရားဖူးများအားဖိတ်ခေါ် လိုက်ရပါကြောင်း။ ။

**မေသူလွင်(မကွေးကိုယ်ပွား)**

---

# ဓာတုမြေသြဇာများကို လိုအပ်သည်ထက် ပိုမိုသုံးစွဲပါက အပင်များတွင် ပုံမှန်မဟုတ်သည့် ပြဿနာများဖြစ်ပေါ်နိုင်

**မကွေး ဖေဖော်ဝါရီ ၂၈**

ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကျသည့်အချက်ပင်ဖြစ်သည်။ ယခုအခါစိုက်ပျိုးရေးလုပ်ကိုင်ကြသည့် တောင်သူအများစုမှာ မိမိတို့၏ စိုက်ခင်းသီးနှံများကောင်းမွန်စေရန်အတွက် ဓာတုမြေသြဇာများကို နည်းအမျိုးမျိုးဖြင့် သုံးစွဲလာသည်ကို တွေ့မြင်နေရသည်။ ထိုသို့သုံးစွဲရာတွင် စိုက်ခင်းအတွက် လိုအပ်သည်ထက် ပိုမိုသုံးစွဲမှုများ၊ ဆေးသုံးစွဲမှုမညီညာမှုများကြောင့် တောင်သူဦးကြီးများ၏ သီးနှံစိုက်ခင်းများမှာ အပင်ကြီးထွားမှုမမှန်ခြင်း၊ အဖူးအပွင့် မညီညာခြင်းစသည့် ပုံမှန်မဟုတ်သည့် လက္ခဏာများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ခန်ကုန်းကျေးရွာ၌တောင်သူ ဦးမြင့်ကျော်၏ ကုလားပဲစိုက်ခင်းတွင် ဓာတုဆေးဝါးများသုံးစွဲမှု မညီညာမှုကြောင့်ဖြစ်ပေါ်သော ကုလားပဲအပင်ကြီးထွားမှုမမှန်ခြင်းပြဿနာဖြစ်ပေါ်ခဲ့ရာ ဖေဖော်ဝါရီလတတိယပတ်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် လက်လွှတ်ဆုံးရှုံးရတော့မည့် ကုလားပဲစိုက်ခင်းမှာ ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

“ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူပညာပေးဆွေးနွေးပွဲတွေကို ခရိုင်အတွင်းရှိ ကျေးရွာတွေကို သွားရောက်ပြီး ပြုလုပ်ပါတယ်၊ စကုမြို့နယ်ခန်ကုန်းရွာကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက မြေအသုံးချရေး၊ မျိုးစေ့ဌာနနဲ့ သီးနှံကာကွယ်ရေးဌာနတွေက တာဝန်ရှိသူတွေ ကွင်းဆင်းဆွေးနွေးပွဲလုပ်တဲ့ အခါမှာ အဲဒီရွာမှာ ဆွေးနွေးပွဲတွေလုပ်တဲ့အခါ တောင်သူတွေကို ကုလားပဲမျိုးတွေကို မျိုးပြောင်းစိုက်ဖို့ ပြောခဲ့ပါတယ်၊ တောင်သူတွေကလည်း မျိုးပြောင်းစိုက်ခဲ့ပါတယ်၊ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ လိုအပ်တာကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနသို့ လာရောက်ပြီး အကူအညီတောင်းဖို့ကို မှာကြားထားပါတယ်၊ ခန်ကုန်းရွာမှ တောင်သူ ဦးမြင့်ကျော်က သူ့ကုလားပဲခင်းမှာ အပင်ပေါက်ပုံတွေက ပုံမှန်မဟုတ်တဲ့အတွက် မြို့နယ်ကဝန်ထမ်းတွေကနေတစ်ဆင့် ဆက်သွယ်ခဲ့လို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်၊ အဲဒီမှာ ဓာတုဓာတ်မြေသြဇာတွေ သုံးစွဲတဲ့အခါမှာ ဆေးသုံးစွဲတာ မညီညာတဲ့အတွက် အပင်ကြီးထွားမှုတွေမမှန်တာကို တွေ့ခဲ့ရပါတယ်၊ ကုလားပဲရွက်တွေက ပုံမှန်မဟုတ်ဘဲ ရှည်မြောမြောနဲ့ စိုက်ခင်းရဲ့ သုံးပုံတစ်ပုံခန့်မှာ ကွက်ပြီးဖြစ်နေတာကို တွေ့ရတယ်၊ ပုံမှန်မဟုတ်တဲ့ အခြမ်းကို ပြန်လည်ကောင်းမွန်ဖို့ ဖေဖော်ဝါရီ ၁၄ ရက်မှာ ကွင်းဆင်းပြီး S Matrix Easy (5CC) ကို ဆေးပုံးတစ်ပုံးစာ တစ်ကြိမ်ဖျန်းပေးခဲ့ပါတယ်၊ ၁၅ ရက်မှာ အသီးအပွင့်အချိုးအများဆုံးရွက်ဖျန်းမြေသြဇာအမှုန့်ကို ဆေးပုံးတစ်ပုံးကို ဇွန်းလေးဇွန်းစာ ထည့်ပြီး ပက်ဖျန်းပေးခဲ့ပါတယ်၊ ၁၇ ရက်မှာတော့ S Matrix Easy (5CC) ဆေးပုံးတစ်ပုံးနဲ့ ရွက်ဖျန်းမြေသြဇာ 40 g ကို ဆေးပုံးစာထည့်ပြီး ဖျန်းပေးခဲ့ပါတယ်၊ ၂၀ ရက်ပြန်ပြီး ကွင်းဆင်းစစ်ဆေးတဲ့အခါ ကုလားပဲပင်တွေက ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိသွားတာကို တွေ့ရပါတယ်၊ တောင်သူတွေအနေနဲ့ ခုလိုဓာတုဆေးဝါးတွေကို အသုံးပြုမယ်ဆိုရင်လည်း နည်းစနစ်ကျကျနဲ့ ဆေးတွေရဲ့ အညွှန်းအတိုင်းကို တိကျစွာသုံးစွဲကြဖို့လိုပါတယ်၊ ခုလိုစိုက်ခင်းမှာတစ်စုံတစ်ရာ ပြဿနာဖြစ်လာခဲ့ရင်လည်းနီးစပ်ရာ စိုက်ပျိုးရေးရုံးတွေက တာဝန်ရှိသူတွေနဲ့ အမြန်ဆုံးဆက်သွယ်ပြီး ဆောင်ရွက်ပါလို့ အကြံပေးပြောကြားလိုပါတယ်”ဟု မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်သီးနှံ ကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

တောင်သူများအနေဖြင့် အလားတူဖြစ်ပေါ်မှုများဖြစ်ပေါ်လာပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဆေးမှုန့် သို့မဟုတ် ရွက်ဖျန်းမြေသြဇာ (အရည်၊အမှုန့်) တို့ကို သေချာစွာလှုပ်၍ ပျော်အောင်ဖျော်ပြီး အညွှန်းအတိုင်းသုံးစွဲမှသာ ထိရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများ အနေဖြင့်လည်း ဓာတုမြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ ဆေးဝါးများနှင့် သွင်းအားစုများကိုသုံးစွဲရာတွင် နည်းစနစ်ကျစွာအသုံးပြုရန် လိုအပ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇေမိုး**

---

# ယာဉ်အန္တရာယ်ကင်းရှင်းရေး အရေးယူဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် အမှတ်(၁၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးက ဒုတိယရဲမှူး မောင်မောင်သန်း၏ ဦးဆောင်မှုဖြင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ပူးပေါင်းအဖွဲ့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၆ ရက်က မြို့မရဲစခန်းအနီးသွားရောက်ပြီး စည်းကမ်းလိုက်နာမှုမရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ဖမ်းဆီးစစ်ဆေးအရေးယူခြင်းများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် ဖမ်းဆီးစစ်ဆေးအရေးယူခြင်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးပူးပေါင်းအဖွဲ့မှ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ ယာဉ်စည်းကမ်းလိုက်နာမှုမရှိသည့်မော်တော်ဆိုင်ကယ်များကို ဖမ်းဆီးစစ်ဆေးအရေးယူခြင်း၊ မော်တော်ယာဉ်များတွင်လည်း ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်မောင်းနှင်ခြင်း ရှိမရှိ၊ ယာဉ်မောင်းခါးပတ်များ တပ်ဆင်မောင်းနှင်ခြင်း ရှိ မရှိနှင့် ယာဉ်နောက်လိုက်သူများ စပယ်ယာလိုင်စင်ကိုင်ဆောင်ခြင်း ရှိ မရှိတို့ကို ဖမ်းဆီးစစ်ဆေးကာ အရေးယူခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

---



သံတွဲခရိုင် တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦး၏ ဦးဆောင်မှုဖြင့် အမှတ်-၂၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သံတွဲ)နှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက်က တောင်ကုတ်ဒီဂရီကောလိပ်ကျောင်း ဒွါရာဝတီခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောစဉ်။

မြို့နယ် (ပြန်/ဆက်)

# ဝန်ဆောင်မှုကောင်းသည့် - အမ်အီးအက်စ်စီ

**မြင့်လွင်ပါကြီး**

စာရေးသူဟာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC)မှ အလယ်အလတ်ရာထူးအဆင့်အတန်းရှိ ပြည်သူ့ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ ရုံးပိတ်ရက်တစ်ရက်မှာ သူငယ်ချင်း ကိုမောင်တူးက ဖုန်းဆက်ခေါ်တာကြောင့် ဆုံနေကျ လက်ဖက်ရည်ဆိုင်ကို သွားခဲ့ပါတယ်။ ဆိုင်ရောက်တော့ ကိုမောင်တူးအပြင် ကိုပါကြီးကိုလည်း တွေ့လိုက်ရတာကြောင့် ဝမ်းသာသွားမိပါတယ်။

စာရေးသူ ။ ။ ကဲဆိုပါဦး၊ ခင်ဗျားတို့ တွေ့ချင်တဲ့ကိစ္စ။

ကိုမောင်တူး ။ ။ ဒီလိုဗျာ၊ ခင်ဗျားတို့ MESC မှာ မီတာခတောင်းခံလွှာ (မီတာဘီလ်) ကို ဖုန်းကနေကြည့်လို့ရတယ်ဆိုတာ ဟုတ်ပါသလားဗျ။

စာရေးသူ ။ ။ ဟုတ်တာပေါ့ဗျာ၊ Webportal တည်ဆောက်ပြီး စမ်းသပ်နေတာတော့ ကြာပြီဗျ။ အခုကတော့ အမှန်အကန်ကို ယုံကြည်စိတ်ချသွားရပြီလေ၊ ကိုပါကြီးတော့ သိမယ်ထင်ပါတယ်။


ကိုပါကြီး ။ ။ ကျွန်တော်လည်း မသိသေးလို့ လာခဲ့ရတာပါဗျာ။

ကိုမောင်တူး။ ။ ကဲ... ဒီလိုဆိုရင် ကျွန်တော်တို့ကိုလည်း ဖုန်းကနေကြည့်တတ်သွားအောင် လုပ်ပေးပါဦးဗျ။ ဒီဝိုင်းအတွက် ကျွန်တော့်တာဝန်ထားလိုက်။

စာရေးသူ ။ ။ ကြိုက်သွားပြီဗျာ၊ ကဲ... ခင်ဗျားတို့ဖုန်းတွေ ပြပါဦး။ Android အမျိုးအစားတွေပါလား၊ ကောင်းပြီ၊ ကျွန်တော်ပြောတဲ့အတိုင်းသာ တစ်ပြိုင်တည်းလိုက်လုပ်ပေတော့။

သေချာလည်း မှတ်ထားနော်၊ မမှတ်မိရင် စာရွက်နဲ့သာ ရေးမှတ်ထားပါဗျာ၊ ပြီးရင်တော့ အသိမိတ်ဆွေတွေကို ပြန်ပြောပြပေးပါ၊ များများသိလေ ပိုကောင်းလေပဲ။

ပထမဦးဆုံးလုပ်ရမှာက ဖုန်းတွေကို အင်တာနက်ဖွင့်လိုက်မယ်၊ ပြီးရင် Play Store ကနေ MESC Application ကို Download ယူလိုက်မယ်။ ပေါ်လာတာတွေ့ပြီလား၊ ဒီပုံလေးလေ၊ အဲဒီပုံလေးကို ဆက်ပြီးနှိပ်ဖွင့်လိုက်၊ ဖွင့်လိုက်ရင် မြန်မာစာလုံး (Font)ကို ရွေးခိုင်းလိမ့်မယ်။ ဇော်ဂျီစာလုံးလား၊ ယူနီကုတ်စာလုံးလား၊ ခင်ဗျားတို့ဖုန်းမှာသုံးတဲ့ စာလုံးကိုသာ ရွေးချယ်လိုက်ပေါ့။



မန္တလေးလျှပ်စစ်ဓါတ်အားပေးရေးကော်ပိုရေးရှင်း
Pacific Electric Company Limited
လျှပ်စစ်ဓါတ်အားခ တောင်းခံလွှာ
ချမ်းမြသာစည်မြို့နယ်
လျှပ်စစ်ပုံစံ PE(၂၄၃)
နောက်ဆုံးပေးဆောင်ရက် 25/12/2016
အမည်၊
နေရပ်လိပ်စာ၊
50
ကွန်ပျူတာစာရင်းအမှတ်၊ 1133301012365

| စာရင်းဆိုင်ရာအညွှန်းများ | | မီတာ(Unit) ဆိုင်ရာအညွှန်းများ | | ငွေတောင်းခံမှုဆိုင်ရာအညွှန်းများ | |
|---|---|---|---|---|---|
| လယ်ဂျာစာရင်း အမှတ် | 11/33/30 | ၁ မှ ၁၀၀ ယူနစ် ထိ | 100 | ၁ယူနစ်(၃၅)ကျပ် | 3,500 |
| ငွေတောင်းခံလွှာအမှတ် | CS 1110075 | ၁၀၁မှ ၂၀၀ယူနစ်ထိ | 100 | ၁ယူနစ်(၄၀)ကျပ် | 4,000 |
| မီတာအမှတ် | AG-90980 | ၂၀၁ယူနစ် အထက် | 1,022 | ၁ယူနစ်(၅၀)ကျပ် | 51,100 |
| နှုန်းသတ်မှတ်ချက် | 2110/35 | ယခုလဖတ်ယူနစ် | 73,952 | မီတာဝန်ဆောင်ခ | 500 |
| မီတာဖတ်ရက် | 5/12/2016 | ယခင်လဖတ်ယူနစ် | 72,730 | မြင်းကောင်ရေခ | - |
| သုံးစွဲကာလ | NOV-2016 | သုံးစွဲယူနစ်ပေါင်း | 1,222 | စုစုပေါင်းသင့်ငွေ | 59,100 |

ကိုမောင်တူး ။ ။ ဖြည်းဖြည်းတော့ပြောပါ ဆရာရဲ့ ဒီအထိကတော့ အဆင်ပြေနေပြီ။

စာရေးသူ ။ ။ မခက်ပါဘူးဗျာ။ ခင်ဗျား စာလုံးရွေးလိုက်ပြီးတာနဲ့ မီတာစစ်ရန်ဆိုတဲ့ စာသားပေါ်လာတယ် မဟုတ်လား။ အဲဒီမှာပါတဲ့ မီတာအမှတ်ဆိုတဲ့ နေရာလေးမှာ ခင်ဗျား အိမ်ရဲ့မီတာ အမှတ်ကို ရိုက်ထည့်ရမယ်၊ ပြီးရင် ကွန်ပျူတာကုတ်ကိုလည်း ဆက်ပြီး ရိုက်ထည့် လိုက်ရမယ်။

ကိုပါကြီး ။ ။ အဲဒီ မီတာအမှတ်နဲ့ ကွန်ပျူတာကုတ်တွေက ဘယ်လိုသိနိုင်မှာလည်းဗျ။

စာရေးသူ ။ ။ ဩော်... ခင်ဗျားတို့ကတော့ မီတာခလောက်သာ စိတ်ဝင်စားတာကိုး။ မီတာဘီလ်ကျတော့ သေချာမကြည့်ဘူးဆိုတာ သိလိုက်ပြီ ၊ မီတာဘီလ်စာရွက်မှာ ပါတယ်လေဗျာ။

ကဲ...ကဲ... ဥပမာအနေနဲ့ ကျွန်တော့်အိမ်ရဲ့မီတာ အမှတ်နဲ့ မီတာကုတ်ကိုသာ ကျွန်တော်ပြောတဲ့အတိုင်း ရိုက်ထည့်ကြည့်လိုက်၊ ဟောဒီမှာတွေ့လား၊ မီတာခတောင်းခံလွှာစာရွက်(မီတာဘီလ်)လေး ပေါ်လာပြီ၊ အဲဒီစာရွက်က ခင်ဗျားတို့အိမ်ကို ပို့ပေးနေတဲ့ မီတာဘီလ်စာရွက်ပဲလေဗျာ။

ကိုမောင်တူး ။ ။ ဟ...တယ်ဟုတ်ပါ့လားဗျ၊ ဝမ်းသာလိုက်တာဗျာ။

စာရေးသူ ။ ။ ဝမ်းသာသင့်တာပေါ့ဗျာ၊ ဒီလိုသိရတော့ ခင်ဗျားတို့အတွက် အကျိုးကျေးဇူးတွေ အများကြီးရတာပေါ့။

တစ်အချက်က မီတာဘီလ်ကို ဖုန်းနဲ့ အင်တာနက်မိတဲ့ ဘယ်နေရာကမဆို ကြည့်လို့ရနိုင်တာမို့ ပြည်တွင်းပြည်ပ ဘယ်နေရာရောက်နေနေ ခင်ဗျားသိနိုင်ပြီ။ ဒါဆိုရင် နောက်ဆုံးငွေပေးဆောင်ရမယ့်ရက် (Last date)အမီ ငွေသွင်းနိုင်ဖို့ စီစဉ်နိုင်ပြီလေ၊ ငွေသွင်းရက်နောက်ကျလို့ ပေးဆောင်ရမယ့် ဒဏ်ကြေးငွေကျပ်နှစ်ထောင် သက်သာလာမှာပေါ့။

နှစ်အချက်က ငွေသွင်းပြီးမပြီးကို ဖုန်းမှာပြန်ကြည့်လို့ရတာမို့ ခင်ဗျားအနေနဲ့ စိတ်အေးရသလို မီတာဘီလ်ပျောက်လို့လည်း စိတ်ပူစရာ မရှိတော့ဘူးပေါ့ဗျာ။

သုံးအချက်ကတော့ ဌာနဘက်ကရတဲ့ အကျိုးကျေးဇူးပါ၊ မိမိဝန်ထမ်းတွေအနေနဲ့ ငွေကိုစာရင်းမသွင်းဘဲ ခေတ္တအလွဲသုံးစားလုပ်တာမျိုး မရှိနိုင်တော့ဘူးပေါ့ဗျာ။ တစ်ခါတစ်ရံ ဖြစ်တတ်တာလေးတွေ ရှိနေလို့ပါ။


ကိုပါကြီး ။ ။ ဟ... ကိုယ့်ဆရာပြောတော့လည်း အလွယ်လေးပါလား။ ဖုန်းကနေ မီတာဘီလ်ကို လစဉ်ဘယ်ရက်ကစပြီး ကြည့်လို့ရတယ်ဆိုတာကိုလည်း ပြောပြပါဦး။

စာရေးသူ ။ ။ လစဉ် လဆန်း ၁၁ ရက်နေ့ကစပြီး ကြည့်လို့ရပါတယ်။ Webportal မှာအမြဲတမ်းလွှင့်တင်ထားတာမို့ အချိန်မရွေး ဝင်ကြည့်လို့ရပါတယ်။ တစ်လတစ်ခါ မီတာအမှတ်နဲ့ ကွန်ပျူတာကုတ်တွေ ဒုက္ခခံရိုက်ထည့်ပြီး မကြည့်ချင်ရင် MESC Website မှာပဲ ဖြစ်ဖြစ်၊ MESC Application မှာဖြစ်ဖြစ် Register (မှတ်ပုံတင်) ထားလို့ ရတယ်လေ။ လစဉ်လတိုင်း ငွေပေးဆောင်ထားတဲ့ မီတာဘီလ်အားလုံးကို ပြန်ကြည့်လို့ရတာမို့ ကိုယ့်ရဲ့သုံးစွဲတဲ့ယူနစ်နဲ့ ကျသင့်ငွေကို နှိုင်းယှဉ်ကြည့်ပြီး ဝင်ငွေနဲ့ထွက်ငွေမျှအောင် ပြန်လည်စိစစ်လို့ ရတာပေါ့ဗျာ။

ကိုမောင်တူး ။ ။ MESC Webportal မှာ နောက်ထပ် ဘာတွေကြည့်လို့ရသေးလဲဗျ။

စာရေးသူ ။ ။ သတင်း၊ သတင်းအချက်အလက်၊ ဝန်ဆောင်မှု၊ မီတာစစ်ရန်၊ ဆက်သွယ်ရန်ဆိုတဲ့ ခေါင်းစဉ်တွေ ရှိပါသေးတယ်။ အတိုချုပ်ပြောရရင်ဗျာ... သတင်းခေါင်းစဉ်ရဲ့အောက်မှာ MESC အတွင်းမှာရှိတဲ့ မြို့နယ်နဲ့ခရိုင် လျှပ်စစ်မန်နေဂျာ ရုံးများရဲ့ လှုပ်ရှားမှုသတင်းတွေ၊ တင်ဒါခေါ်ယူခြင်းတွေ ဖတ်နိုင်တယ်ဗျာ၊ သတင်းအချက်အလက် ခေါင်းစဉ်အောက်မှာတော့ ကျေးရွာမီးလင်းရေး ကိစ္စရပ်တွေ၊ ဆက်သွယ်ရမယ့် တယ်လီဖုန်းနံပါတ်တွေ၊ ထရန်စဖော်မာနဲ့ မီတာကိစ္စရပ်တွေ စသည်ဖြင့် ဓာတ်အားဖြန့်ဖြူးရေးနဲ့ဆိုင်တဲ့အကြောင်းအချက်တွေ ပါတယ်လေ၊ ကိုယ်စိတ်ဝင်စားတဲ့ကဏ္ဍကို ဖွင့်ပြီးကြည့်လိုက်ရုံပါပဲ။

**“တစ်လတစ်ခါ မီတာအမှတ်နဲ့ ကွန်ပျူတာကုတ်တွေ ဒုက္ခခံရိုက်ထည့်ပြီး မကြည့်ချင်ရင် MESC Website မှာပဲ ဖြစ်ဖြစ်၊ MESC Application မှာဖြစ်ဖြစ် Register(မှတ်ပုံတင်)ထားလို့ ရတယ်လေ၊ လစဉ်လတိုင်း ငွေပေးဆောင်ထားတဲ့ မီတာဘီလ်အားလုံးကို ပြန်ကြည့်လို့ရတာမို့ ကိုယ့်ရဲ့သုံးစွဲတဲ့ ယူနစ်နဲ့ ကျသင့်ငွေကို နှိုင်းယှဉ်ကြည့်ပြီး ဝင်ငွေနဲ့ထွက်ငွေမျှအောင် ပြန်လည်စိစစ်လို့ရတာပေါ့ဗျာ”**




ကိုမောင်တူး ။ ။ ဟုတ်ပြီဗျာ၊ အင်တာနက်ဖွင့်တာတို့ Play Storeတို့ မသိတဲ့လူဆိုရင် ဘယ်လိုလုပ်ရမလဲ ပြောပါဦး။

စာရေးသူ ။ ။ ဖုန်းကိုင်မှတော့ အင်တာနက်တို့ Facebook တို့ သုံးတတ်တဲ့သူချည်းပါပဲဗျာ။

ဖုန်းအမျိုးအစားအလိုက် Browser Application ဆိုတာရှိတယ်လေ၊ Chrome၊ Safari၊ Mozilla Firefox စသည်ဖြင့်ပေါ့။ အဲ့ဒီကနေ အင်တာနက် Website ကို ဖွင့်မယ်ဗျာ၊ ပြီးရင် www.mescm.com ကို ရိုက်ထည့်လိုက်ရင် MESC ရဲ့ စာမျက်နှာ(Page) ကျလာပြီး မီတာစစ်ရန် ဆိုတဲ့စာသား ပေါ်လာလိမ့်မယ်၊ ဒါဆို ခင်ဗျားလုပ်တတ်သွားပြီ။

ကိုပါကြီး ။ ။ ကောင်းလိုက်တာဗျာ ၊ ဒါနဲ့ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး ကြည့်လို့ရတာလားဗျ။

စာရေးသူ ။ ။ အားလုံးတော့ မဟုတ်သေးပါဘူး ၊ မန္တလေးခရိုင်အတွင်းမှာရှိတဲ့ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ် ၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ် ၊ ပုသိမ်ကြီးမြို့နယ် ၊ အမရပူရမြို့နယ်နဲ့ ချမ်းမြသာစည် မြို့နယ်တွေမှာပဲ ရသေးတယ်ဗျ၊ ကျန်တဲ့ ခရိုင်နဲ့ မြို့နယ်တွေတော့ မရသေးပါဘူး၊ ဘတ်ဂျက်ငွေကြေးအခြေအနေအရ ကောင်းတာတွေ ဆက်လုပ်သွားရမှာပေါ့ဗျာ။

ကိုမောင်တူး ။ ။ မီတာဘီလ်တော့ ကြည့်လို့ရပါပြီဗျာ၊ Online ကနေ ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး ငွေသွင်းလို့ရမယ့် အစီအစဉ်ရော ရှိလားဗျ။

စာရေးသူ ။ ။ ရှိပါတယ်ဗျ၊ Webportal ကြီးတောင် တည်ဆောက်ထားမှတော့ ဒါကိုဆက်လုပ်ရမှာပါ၊ အချိန်ကုန်သက်သာ မြန်ဆန်မယ်၊ ငွေစက္ကူမကိုင်တွယ်ရလို့ ဟောင်းနွမ်းပျက်စီးမှာ၊ ပျောက်ရှမှာ မပူပန်ရသလို အဂတိကင်းရှင်းဖို့ရာမှာလည်း အွန်လိုင်းဝန်ဆောင်မှုက အရေးပါတယ် မဟုတ်လားဗျာ။ ယခင်ကတော့ စမ်းသပ်ဆောင်ရွက်ကြည့်ခဲ့ပါသေးတယ်။ အခုတော့ ပိုပြီးစနစ်ကျသွားအောင်ရယ်၊ ပြည်သူအတွက် ဝန်ဆောင်ခတွေ၊ ဝန်ထုပ်ဝန်ပိုး ထပ်မဖြစ်ဖို့ရယ် စနစ်တကျ စိစစ်ဆောင်ရွက်နေဆဲမို့ပါ။ ပြည်သူအတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ဖို့ အမြဲကြိုးစားနေတဲ့အကြောင်းလည်း ပြောလိုက်ပါရစေဗျာ။ ကဲ... အချိန်လည်း ကြာသွားပြီမို့ လမ်းခွဲကြရအောင်။ ။

## ဘေးအန္တရာယ်ကင်းသော သီးနှံများ ပိုမိုအထွက်တိုးရေး ပညာပေးဟောပြော

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

ပြောင်းလဲလာသော စိုက်ပျိုးရေးနည်းပညာများနှင့်အညီ အရည်အသွေးပိုမိုကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းသော သီးနှံများ ပိုမိုအထွက်တိုးစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က တာချီလိတ်မြို့နယ် နားယောင်းကျေးရွာအုပ်စု ရန်ကင်း-၁ ကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ဒေသတွင်း အဓိကထား စိုက်ပျိုးလျက်ရှိသည့် စပါး၊မြေပဲနှင့် အစေ့ထုတ်ပြောင်းများ၏ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ထုတ်ကုန်အရည်အသွေးကောင်းမွန်စေရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန်၊ လုပ်သားများ၏ ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေး၊ သီးနှံများ စိုက်ပျိုးထုတ်လုပ် ရိတ်သိမ်းစဉ်နှင့် ရိတ်သိမ်းပြီးနောက်ပိုင်း ကိုင်တွယ်ခြင်း လုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်သည့် ထုတ်ကုန်များ အန္တရာယ်ဖြစ်ပေါ်လာနိုင်မှုများကို ပညာပေးဟောပြောသည်။ ဆက်လက်၍ ဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်း မျိုးသန့်များစိုက်ပျိုးခြင်း နည်းပညာကို တာလေမြို့ ဦးစီးမှူး ဦးလှမ်းမိုးသူက လည်းကောင်း၊ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်အသုံးပြုပုံနှင့် ပေါင်းမြက်နှိမ်နင်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## အနုပညာတီထွင်ဖန်တီးနိုင်မှု သင်တန်းကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ အနုပညာတီထွင် ဖန်တီးနိုင်မှုအခွင့်အလမ်းများရရှိစေခြင်းဖြင့်ကလေးသူငယ်များ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍကို ပိုမိုမြင့်မားစေရန်နှင့် ရပ်ရွာအသီးသီးရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အခြေအနေများအား သဘင်ပညာဖြင့် အသိပညာပေးခြင်းသင်တန်းကို Theater Development Training(TOT) for Children (NGO)အဖွဲ့မှ ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ကာ ချောင်းဆုံမြို့မင်းကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ကလေးသူငယ်များအချင်းချင်း ခင်မင်ရင်းနှီးစေရန် ပျော်ရွှင်စွာ အတူတကွလုပ်တတ်စေရန် ရည်ရွယ်ပြီး ဇာတ်ကောင်နေရာ အမျိုးမျိုးသရုပ်ဆောင်ခြင်း၊ ခင်မင်ရင်းနှီးစေရန် ကစားနည်းများကစားစေခြင်း၊ လူအချင်းချင်းကြားတွင် ရှက်ရွံ့သိမ်ငယ်မှုများမရှိစေရန်နှင့် အချင်းချင်းကြားတွင် အပြန်အလှန်ရင်းနှီးမှုများ ပေါ်ထွန်းလာစေရန်အတွက် ကစားနည်းများကို သင်တန်းဆရာများမှ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းအား ၅ ရက်ကြာသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျုံမငေးမြို့ အတုလဗုဒ္ဓ မဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ဖွင့်

**ဝါးခယ်မ ဖေဖော်ဝါရီ ၂၈**

(၁၉) ကြိမ်မြောက် အတုလဗုဒ္ဓ မဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ဖွင့်ပွဲကို မြတ်စွယ်တော် တန်ဆောင်းဝင်း၌ ဖေဖော်ဝါရီ ၂၆ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ ကြွရောက်လာကြကုန်သော ဆရာတော် အရှင်သူမြတ်များ ဦးဆောင်၍ တရားနာ ဒကာ ဒကာမများနှင့် ဘုရားဖူးပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်သည်။



ထို့နောက်ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အတုလဗုဒ္ဓမဟာ စွယ်တော်မြတ် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး အတုလဗုဒ္ဓ မဟာစွယ်တော်မြတ်၊ သစ်ကနက်စစ်နတ်သစ်ရုပ်ပွားတော်အရှင်သူမြတ်နှင့် ဇမ္ဗူပတိ ရုပ်ပွားတော် အရှင်သူမြတ်တို့ကို ဂန္ဓကုဋိတိုက်တော်မှ ယာယီအပူဇော်ခံမည့် ရွှေကျောင်းတော်ပေါ်သို့ သြဝါဒါစရိယဆရာတော်များ ဦးဆောင်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီများ၊ အထောက်အကူပြုကော်မတီများ ခြံရံလျက်ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အတုလဗုဒ္ဓ မဟာစွယ်တော်မြတ်ကို မြို့အတွင်းသို့ အန္တရာယ်ကင်းဘေးရှင်းစေခြင်းအလို့ငှာ ဒေသစာရီ လှည့်လည်အပူဇော်ခံခြင်း၊ ကျုံမငေးမြို့ ကျွန်းပြာသာဒ်မြစ်အတွင်း ဆီမီး ၁၀၀၀ မျှောခြင်း၊ တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၄ ရက်နေ့အထိ ပျော်ပွဲရွှင်ပွဲများနှင့်အတူ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အတုလဗုဒ္ဓ မဟာစွယ်တော် မြတ် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော် ဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# အနည်ထိုင်ကန် တည်ဆောက်ပြီးစီး

**မြောင် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ရက် နံနက်က အနည်ထိုင်ကန်တည်ဆောက်ခြင်းနှင့် ရေစင်ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း ဖွင့်ပွဲကို ကျင်းပခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြစုလှိုင်နှင့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ ဒေါ်ဇာခြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမှာစကား ပြောကြားခဲ့သည်။

အနည်ထိုင်ကန်တည်ဆောက်ခြင်းနှင့် ရေစင်ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းကို လူထုဗဟိုပြုစီမံကိန်းတတိယနှစ်စက်ဝန်း ပံ့ပိုးငွေကျပ် ၁၁၅သိန်းကျော်နှင့် ပြည်သူထည့်ဝင်ငွေကျပ်နှစ်သိန်းကျော်တို့ဖြင့် ဇန်နဝါရီ ၉ရက်မှ ဖေဖော်ဝါရီ ၁၆ရက်ထိ အပြီးသတ် ဆောင်ရွက်ခဲ့ပြီး အောင်ချမ်းသာကျေးရွာရှိ လူဦးရေ ၅၇၁ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေကို အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**



**ဖေဖော်ဝါရီ ၂၅ ရက်က လှိုင်မြို့နယ် အမှတ် (၃) ရပ်ကွက် အောင်ဓမ္မစေတီတော် ဓမ္မာရုံ၌ ပိတောက်ချောင်း နယ်မြေရဲစခန်းမှူး ရဲအုပ်လှဝင်းက မူခင်းကျဆင်းရေးနှင့် ရဲလုပ်ငန်းများ စနစ်တကျ လုပ်ဆောင်ချက်များ ဟောပြောဆွေးနွေးစဉ်။** မီးမီး(လှိုင်)

## ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်

**လေရှီး ဖေဖော်ဝါရီ ၂၈** -စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသလေရှီးမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ အဆိုပါ စီမံကိန်းရန်ပုံငွေကို လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ ကျေးရွာ ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းကျေးရွာစီမံကိန်းရန်ပုံငွေမှာ စုစုပေါင်းငွေကျပ်သန်း ၆၀ ဖြစ်ပြီး ကျေးရွာအလိုက်လိုအပ်သောဖွံ့ဖြိုးတိုးတက်မှုများအတွက် သုံးစွဲသွားမည်ဖြစ်ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းခွင့်ပြုရန်ပုံငွေဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**







**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဝင်းနိုင် ၁၀/ကမရ (နိုင်)၀၉၀၂၆၆၏ (Passport-No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/စီ-ပေါက်တော၊ မြေကွက်အမှတ် ၈၈၊ ဧရိယာ ၀.၁၁၀၁၁၁ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အမှတ်-၂၇၊ ၁လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်စန်းမြင့် ၁၂/အစန(နိုင်)၀၀၉၂၁၈ မှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၄၉)
အမှတ်-၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က(တောကန်)၊ မြေကွက်အမှတ်(၃/တ-၁)၊ ဧရိယာ-၀.၀၈ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ ဝါဦး(၂)လမ်း၊ ဖောကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဦးမြင့်သိန်းအမည်ပေါက်၊ မြေပိုင်မြေ...လ/နှ၃(ခ)ရပြီးမြေအား အမည်ပေါက်ဦးမြင့်သိန်း(၁၂/မဂတ(နိုင်)၀၇၆၉၂၉)(ဖခင်)သည် ၂၈-၃-၂၀၁၁(ကွယ်လွန်)၊ မိခင်ဒေါ်မြသွင်(၁၀-၇-၁၉၇၅)တွင်ကွယ်လွန်သဖြင့်ဒေါ်ခင်မြင့်မြင့်(၁၂/မဂတ(နိုင်)၀၇၆၉၇၇)မှတစ်ဦးတည်းသောသမီးတော်စပ်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(မိခင်)(ဖခင်)သေဆုံးမှုလက်မှတ်အမည်ပေါက်စာချုပ်တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





# သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်



နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဖိုးကျားဆင်စခန်းနှင့် ဝဂ်ဘော်ဆင်စခန်းတို့သို့ ရောက်ရှိပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူဒေသ ဖိုးကျားဆင်စခန်းသို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ◆

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဝဂ်ဘော်ဆင်စခန်းအတွင်းရှိ ဆင်များအား ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်



## မြန်မာ့လက်ရွေးစင်အမျိုးသားနှင့် အမျိုးသမီးအသင်း မတ် ၅ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မတ် ၅ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအတွက် စတင်ပြင်ဆင်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကာ ပဏာမလူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြနေသည့် ကစားသမားအများစုပါဝင်

*စာမျက်နှာ ၆ ကော်လံ ၄* ●

# တူရကီနိုင်ငံမှ ခရီးသွားဧည့်သည် အုပ်စုလိုက် လာရောက်လည်ပတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**ယခုနှစ် ခရီးသွားရာသီတွင် တူရကီနိုင်ငံ MAPPA TUR & Group ကုမ္ပဏီ၏ ပထမဆုံးအကြိမ်အဖြစ် တူရကီခရီးသွားဧည့်သည် ၂၀ ပါဝင်သည့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီက ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသည်။**

"တူရကီနိုင်ငံက မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်အရေအတွက် အတော်နည်းပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ စိန်ခေါ်မှုတွေလည်း ကြုံတွေ့နေရပါတယ်။ ဒီလိုအချိန်မှာ တူရကီနိုင်ငံက အုပ်စုလိုက် အခုလို လာရောက် လည်ပတ်တယ်ဆိုတာ ကောင်းမွန်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ အခုခရီးစဉ်ကနေ မြန်မာနိုင်ငံက ပျော်ရွှင်စရာကောင်းတဲ့၊ လေ့လာလည်ပတ်စရာကောင်းတဲ့ နေရာဒေသအဖြစ် သက်သေပြနိုင်မယ်ဆိုရင် တူရကီခရီးသွားဧည့်သည်တွေ မြန်မာနိုင်ငံကို

*စာမျက်နှာ ၆ ကော်လံ ၁* ❄



